ကြေးမုံ
The Mirror

၁၃၆၆ ခုနှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် ၁၃ ရက်၊ သောကြာနေ့၊ (13-8-2004) (၄၃၂၄)

ကာလေန ဓမ္မဿဝနံ ဧတံ မင်္ဂလ မုတ္တမံ။	သင့်လျော်သောအခါ၌ တရားနာခြင်းသည် မြတ်သော မင်္ဂလာ မည်၏။

ပြည်ထောင်စုမြန်မာနိုင်ငံတော် – နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ဦးဆောင်သော မြန်မာချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များနှင့် ကမ္ဘောဒီးယားနိုင်ငံ ခေတ္တနိုင်ငံတော်အကြီးအကဲ၊ ဆီးနိတ်ဥက္ကဋ္ဌ မစ္စတာ ဆမ်ဒက်ချီဆင် ဦးဆောင်သော အဖွဲ့ဝင်များ ဖနောင်ပင်မြို့ ကမ္ဘောဒီးယားနိုင်ငံ ဆီးနိတ်အဆောက်အအုံ ဧည့်ခန်းမ၌ အမှတ်တရ စုပေါင်းဓာတ်ပုံရိုက်ကြစဉ်။

(သတင်းစဉ်)

ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်မည်

☆ မြန်မာနိုင်ငံနှင့် ကမ္ဘောဒီးယားနိုင်ငံတို့သည် သမိုင်းကြောင်းအရ ဖြစ်စေ၊ ယဉ်ကျေးမှုနှင့် ကိုးကွယ်ရာဘာသာအရ ဖြစ်စေ တူညီမှုရှိကြသည့် နိုင်ငံများဖြစ်၊ နှစ်နိုင်ငံ၏ ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုကို တိုးမြှင့်သွားမည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်

သာယာဝပြောရေးကိုဖော်ဆောင်

☆ နှစ်နိုင်ငံ အကျိုးတူ ကိစ္စများ၊ ဒေသတွင်း အကျိုးတူကိစ္စများကိုလက်တွဲပူးပေါင်း ဆောင်ရွက်သွားရင်း မိမိတို့နိုင်ငံများ၏သာယာဝပြောရေးကိုဖော်ဆောင်သွားကြရမှာဖြစ်။

ကမ္ဘောဒီးယားနိုင်ငံ ခေတ္တနိုင်ငံတော်အကြီးအကဲ၊ ဆီးနိတ်ဥက္ကဋ္ဌ မစ္စတာဆမ်ဒက်ချီဆင်

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ကမ္ဘောဒီးယားနိုင်ငံ ခေတ္တနိုင်ငံတော်အကြီးအကဲ ဆီးနိတ်ဥက္ကဋ္ဌ မစ္စတာ ဆမ်ဒက်ချီဆင်အား ဖနောင်ပင်မြို့ ဆီးနိတ်အဆောက်အအုံ၌ တွေ့ဆုံနှုတ်ဆက်

ရန်ကုန် ဩဂုတ် ၁၂

ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ကမ္ဘောဒီးယားနိုင်ငံ ခေတ္တနိုင်ငံတော်အကြီးအကဲ၊ ဆီးနိတ်ဥက္ကဋ္ဌ မစ္စတာ ဆမ်ဒက်ချီဆင်အား ဩဂုတ် ၁၀ရက် ညနေ ၃နာရီ ၁၅မိနစ်တွင် ဖနောင်ပင်မြို့ရှိ ကမ္ဘောဒီးယားနိုင်ငံ ဆီးနိတ်အဆောက်အအုံသို့ သွားရောက်တွေ့ဆုံ နှုတ်ဆက်သည်။

ထိုသို့ တွေ့ဆုံနှုတ်ဆက်ရာတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အတူ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေး၊ အစိုးရအဖွဲ့–အဖွဲ့ဝင် ဝန်ကြီးများ၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ ကမ္ဘောဒီးယားနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံ သံအမတ်ကြီး ဒေါက်တာအောင်နိုင်နှင့် ဌာနဆိုင်ရာအကြီးအကဲများ တက်ရောက်ကြပြီး ကမ္ဘောဒီးယားနိုင်ငံ ခေတ္တ နိုင်ငံတော်အကြီးအကဲ၊ ဆီးနိတ်ဥက္ကဋ္ဌ မစ္စတာ ဆမ်ဒက်ချီဆင်နှင့်အတူ Secretary General of Senate and Chief of Cabinet Mr. Oum Sarith၊ Secretary of Senate and Minister of Foreign Affairs and International Cooperation Mr. Long Visalo၊ Under Secretary General of Senate Mr. Nhik Chhay Eng၊ Advisor of Samdech Chea Sim, Mr. Pich Kim Sreang နှင့် မြန်မာနိုင်ငံဆိုင်ရာ ကမ္ဘောဒီးယားနိုင်ငံ သံအမတ်ကြီး Mr. Hul Phany တို့ တက်ရောက်ကြသည်။

ယင်းသို့ တွေ့ဆုံနှုတ်ဆက်ရာ၌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က မြန်မာနိုင်ငံနှင့် ကမ္ဘောဒီးယားနိုင်ငံတို့သည် သမိုင်းကြောင်းအရဖြစ်စေ၊ ယဉ်ကျေးမှုနှင့် ကိုးကွယ်ရာဘာသာအရဖြစ်စေ တူညီမှုရှိကြသည့် နိုင်ငံများဖြစ်ကြကြောင်း၊ နှစ်နိုင်ငံ၏ ချစ်ကြည်ရင်းနှီးမှုနှင့် **စာမျက်နှာ ၆ ကော်လံ ၁ သို့** ❑

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

13-8)KM.P65 1 04/13/8, 12:08 AM

ကြေးမုံ The Mirror
၁၃-၈-၂၀၀၄
(သောကြာနေ့)

မြန်မာ-လာအိုနှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှုခိုင်မြဲ ဒေသတွင်းနှင့်နိုင်ငံတကာတွင် ပူးပေါင်းဆောင်ရွက်

မြန်မာနိုင်ငံသည် နိုင်ငံတကာဆက်ဆံရေးကဏ္ဍတွင် လွတ်လပ်၍ တက်ကြွသော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးကာ နိုင်ငံတကာနှင့် ချစ်ကြည်ရင်းနှီးစွာ ဆက်ဆံလျက်ရှိသည်။ ကုလသမဂ္ဂအပါအဝင် နိုင်ငံတကာအဖွဲ့အစည်းများ၊ ကမ္ဘာ့နိုင်ငံများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ အိမ်နီးချင်းနိုင်ငံများ၊ အရှေ့တောင်အာရှနိုင်ငံများနှင့် တက်တက်ကြွကြွ ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်နှင့် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံတို့သည် အာဆီယံအဖွဲ့ဝင်နိုင်ငံများဖြစ်ကြသည်နှင့်အညီ နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှု၊ ပူးပေါင်းဆောင်ရွက်မှုများ တိုးတက်ရေးအတွက် ချစ်ကြည်ရေးခရီး အပြန်အလှန်လည်ပတ်မှုများ ပိုမိုဖြစ်ထွန်းလျက်ရှိသည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာဘွန်ညံဗိုရာချစ်၏ ဖိတ်ကြားချက်အရ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံသို့ အဖွဲ့ဝင်များလိုက်ပါလျက် ဩဂုတ်လ ၉ ရက်နေ့က ချစ်ကြည်ရေးခရီး သွားရောက်ခဲ့သည်။

နိုင်ငံတော်ဝန်ကြီးချုပ်၏ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ချစ်ကြည်ရေးခရီးစဉ်အတွင်း ပြည်ထောင်စုမြန်မာနိုင်ငံတော်နှင့် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ နှစ်နိုင်ငံ တွေ့ဆုံဆွေးနွေးပွဲကို ဗီယန်ကျင်းမြို့ ဝန်ကြီးချုပ်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။ အဆိုပါအစည်းအဝေးသို့ ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အတူ မြန်မာချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များ၊ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာဘွန်ညံဗိုရာချစ်နှင့် ဒုတိယဝန်ကြီးချုပ်၊ ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ခဲ့ကြသည်။

မြန်မာ-လာအို နှစ်နိုင်ငံ တွေ့ဆုံဆွေးနွေးရာတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က **မြန်မာနိုင်ငံနှင့် လာအိုနိုင်ငံတို့သည် အိမ်နီးချင်းနိုင်ငံများဖြစ်ရုံသာမက လွန်စွာရင်းနှီးသော ညီအစ်ကိုနိုင်ငံများလည်း ဖြစ်ကြကြောင်း၊ နှစ်နိုင်ငံအကြား ပြဿနာတစ်စုံတစ်ရာ မရှိသည့်အပြင် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုနယ်ပယ်များမှာ ပိုမိုတိုးပွားလျက်ရှိကြောင်း၊ ၁၉၅၆ ခုနှစ်မှစ၍ နှစ်နိုင်ငံအကြား သံတမန်ဆက်သွယ်မှု ထူထောင်ခဲ့ပြီးနောက် ယခုအချိန်အခါတွင် မိမိတို့နှစ်နိုင်ငံ၏ ဆက်ဆံရေးမှာ မကြုံစဖူး ထူးထူးကဲကဲ ဖြစ်ထွန်းခိုင်မြဲလျက်ရှိကြောင်း** ပြောကြားခဲ့သည်။

လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာဘွန်ညံဗိုရာချစ်ကလည်း **ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ ဦးဆောင်မှုအောက်တွင် မြန်မာနိုင်ငံအစိုးရနှင့် ပြည်သူများသည် တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးတို့ကို အရှိန်အဟုန်ဖြင့် ဖော်ဆောင်နိုင်သည့်အတွက် ဝမ်းသာမိကြောင်း၊ မိမိတို့နှစ်နိုင်ငံသည် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးတို့အပေါ် တန်ဖိုးထားရာ၌ တူညီကြသည့်အပြင် တစ်နိုင်ငံနှင့်တစ်နိုင်ငံ အပြန်အလှန်နားလည်မှုရှိရှိဖြင့် ဒေသတွင်းမှာရော နိုင်ငံတကာနယ်ပယ်မှာပါ ဆက်လက်ပူးပေါင်းဆောင်ရွက်သွားရန် အသင့်ရှိပါကြောင်း** ပြန်လည်ပြောကြားခဲ့သည်။

မြန်မာနှင့်လာအို နှစ်နိုင်ငံတွေ့ဆုံဆွေးနွေးပွဲတွင် နှစ်နိုင်ငံ နယ်စပ်ကုန်သွယ်မှု မြှင့်တင်ရေး၊ မဲခေါင်မြစ်ကူး ချစ်ကြည်ရေးတံတား တည်ဆောက်ရေး၊ မူးယစ်ဆေးဝါး ပူးပေါင်းတိုက်ဖျက်ရေးစသည့် ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် လာအိုနိုင်ငံ ချစ်ကြည်ရေးခရီးစဉ်အတွင်း ဩဂုတ်လ ၁၀ ရက်နေ့က လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံသမ္မတ မစ္စတာ ခမ်တေးဆီဖန်ဒုံအား သွားရောက်တွေ့ဆုံနှုတ်ဆက်ခဲ့သည်။ ယင်းသို့တွေ့ဆုံနှုတ်ဆက်ရာတွင် မြန်မာနှင့်လာအိုနှစ်နိုင်ငံသည် ညီအစ်ကိုနိုင်ငံများကဲ့သို့ ချစ်ခင်ရင်းနှီးပြီး အပြန်အလှန် လေးစားမှုရှိကြ၍ နှစ်နိုင်ငံဆက်ဆံရေးနှင့် လက်တွဲပူးပေါင်း ဆောင်ရွက်မှုများ ပိုမိုတိုးမြှင့်ရေးကိစ္စရပ်များကို ပြောကြားခဲ့ကြသည်။

မြန်မာနိုင်ငံနှင့် လာအိုနိုင်ငံတို့သည် ၁၉၅၆ ခုနှစ်မှစ၍ နှစ်နိုင်ငံအကြား သံတမန်ဆက်သွယ်မှု ထူထောင်ခဲ့ကြရာ မကြာမီ နှစ်(၅၀) ပြည့်မြောက်တော့မည်ဖြစ်သည်။ တစ်နိုင်ငံနှင့်တစ်နိုင်ငံ အပြန်အလှန်နားလည်မှုရှိရှိဖြင့် ဧရာဝတီ-ကျောက်ဖယား-မဲခေါင် လေးနိုင်ငံစီးပွားရေး ပူးပေါင်းဆောင်ရွက်ရေး အစီအမံများကို ချမှတ်အကောင်အထည်ဖော်လျက်ရှိသည်။

သို့ဖြစ်ရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်၏ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ချစ်ကြည်ရေးခရီးစဉ်သည် မြန်မာနှင့်လာအို နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုကို ပိုမိုခိုင်မြဲစေပြီး ဒေသတွင်းနှင့် နိုင်ငံတကာနယ်ပယ်တို့တွင် ပူးပေါင်းဆောင်ရွက်မှုကို ဆက်လက်မြှင့်တင်သွားနိုင်မည်ဖြစ်ကြောင်း ကြေးမုံက ယုံကြည်ပါသည်။ ။

ပြည်သူ့သဘောထား

- ★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။



ဧရာဝတီမြစ်ကူးတံတား(ရတနာပုံ)အတွက် တံတားသံပေါင်များ သင်္ဘောပေါ်မှသယ်ချမှု ဝန်ကြီး ဗိုလ်ချုပ်စောထွန်းကြည့်ရှုစစ်ဆေး

ဆောက်လုပ်ရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်း ဧရာဝတီမြစ်ကူးတံတား (ရတနာပုံ) တည်ဆောက်ရေး စီမံကိန်းအတွက် တံတားသံပေါင်များ သင်္ဘောပေါ်မှ သယ်ချနေမှုကိုကြည့်ရှုစစ်ဆေးစဉ်။
(ဆောက်လုပ်ရေး)

ရန်ကုန် ဩဂုတ် ၁၂

ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်းသည် ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်မြင့်သိန်း၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးနေစိုးနိုင်နှင့် တာဝန်ရှိသူများလိုက်ပါလျက် ယမန်နေ့ မွန်းလွဲ ၁နာရီခွဲတွင် ရန်ကုန် ဆူးလေဆိပ်ကမ်း အမှတ်(၄)သို့ ရောက်ရှိပြီး ရန်ကုန်ဆူးလေဆိပ်ကမ်း အမှတ်(၄)သို့ M.V. AN TAO JIANG**သင်္ဘောဖြင့် သယ်ယူလာသော တရုတ်ပြည်သူ့သမ္မတနိုင်ငံ** CHINA CAMC ENGINEERING CO. LTD**မှ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ဧရာဝတီမြစ်ကူးတံတား(ရတနာပုံ)တည်ဆောက်ရေး စီမံကိန်းအတွက် ဒုတိယအသုတ် တံတားသံပေါင်(၂၈၂၈ ဒသမ ၂၀၅)တန်ကို** M.V. AN TAO JIANG**သင်္ဘောပေါ်မှ သယ်ချနေမှုကို ကြည့်ရှုစစ်ဆေးသည်။**

အမြန်ဆုံးပို့ဆောင်

ထို့နောက် ဝန်ကြီးက တာဝန်ရှိသူများအား တံတားသံပေါင်များ လုပ်ငန်းခွင်သို့ အမြန်ဆုံးပို့ဆောင်သွားရန်နှင့် စနစ်တကျထားရှိပြီး လုပ်ငန်းခွင်အတွင်း ဘေးအန္တရာယ် ကင်းရှင်းရေးအတွက် ဂရုစိုက်ဆောင်ရွက်သွားကြရန် မှာကြားသည်။
(သတင်းစဉ်)

ရာနှုန်းပြည့်မိုး

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်နှစ်ကြိမ် ရွာမည်။ ရွာရန် ရာနှုန်းပြည့် ဖြစ်သည်။

သိမ်ကြီးဈေး အေရုံ၊ ဘီရုံမိသားစု ရွှေသက်န်း ဝါဆိုသင်္ကန်းနှင့် ဆွမ်းဆန်လှူဒါန်း

ရန်ကုန် ဩဂုတ် ၁၂

ရန်ကုန်မြို့ သိမ်ကြီးဈေး အေရုံ၊ ဘီရုံ ဈေးသူ၊ဈေးသားများ၏ (၂၂)ကြိမ်မြောက် ရွှေစင်ရွှေပြားသင်္ကန်း၊ ဝါဆိုသင်္ကန်းနှင့် ဆွမ်းဆန်တော် ဆီ၊ဆေး၊ ပဲနှင့်လှူဖွယ်ပစ္စည်းအမျိုးမျိုး လှူဒါန်းပွဲကို ဩဂုတ် ၈ ရက်က ကျိုက်ထိုမြို့နယ် ဆံတော်ရှင် ကျိုက်ထီးရိုးစေတီတော် ရင်ပြင် ဆီမီးကိုးထောင်ဓမ္မာရုံတွင် ကျင်းပရာ ကျိုက်ထီးရိုး ရင်ပြင်တော်ကျောင်း နာယကဆရာတော် ဦးနန္ဒိယ၊ ကျောင်းထိုင်ဆရာတော် ဦးရေဝတနှင့် တောင်တော်ဝန်းကျင်ရှိဘုန်းတော်ကြီးကျောင်း ၃၂ကျောင်းတို့မှ ပင့်သံဃာဆရာတော်များ ကြွရောက်တော်မူပြီး ဈေးသာယာရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးမျိုးအောင်က လှူဒါန်းရခြင်းကို ရှင်းလင်းလျှောက်ထားကာရွှေစင်ရွှေပြားအတွက် အလှူတော်ငွေကျပ် ၁၇၃၀၀၀ ကို ဂေါပကအဖွဲ့ထံ ပေးအပ်လှူဒါန်းသည်။ ပညာရေးဒါန အလှူအဖြစ် ဗလာစာအုပ် ဒါဇင် ၁၀၀၊ ခဲတံဒါဇင် ၁၂၀၊ ပေတံ ၁၃ဒါဇင်နှင့် ငွေသားအလှူစုစုပေါင်း တန်ဖိုး ကျပ် ၁၈၀၅၀၀ ကို ဈေးသာယာရေးအဖွဲ့ အတွင်းရေးမှူး ဦးအေးမြင့်က ပေးအပ်လှူဒါန်းသည်။

အလားတူ ကျိုက်ထီးရိုးစေတီ တောင်တော်ဝန်းကျင်ရှိဘုန်းတော်ကြီးကျောင်း ၃၂ကျောင်းသို့ ဈေးသူ၊ ဈေးသားများနှင့် အလှူရှင်များက ဝါဆိုသင်္ကန်း၊ ဆွမ်းဆန်တော်၊ ဆီ၊ ပဲ၊ ဆား၊ ဆေး၊ ငရုတ်၊ ကြက်သွန်အစရှိသည့် လှူဖွယ်ပစ္စည်း စုစုပေါင်း တန်ဖိုးငွေကျပ်သိန်း၇၀ကျော်ဖိုး ဆက်ကပ်လှူဒါန်းကာ အရုဏ်ဆွမ်း၊ နေ့ဆွမ်းများ ဆက်ကပ်၍ ရေစက်ချအမျှ ဝေကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။
(၃၂)

မေတ္တာဖွဲ့နှောင် မြစ်မဲခေါင်

☆ မဲခေါင်ဝဲယာ၊ မြစ်ညာမြစ်ကြေ
မိတ်ဆွေချင်းချင်း၊ ပေါင်းသင်းဆက်ဆံ
စိတ်ရင်းမှန်ဖြင့်၊ ပြန်လှန်အကျိုး
ဆောင်သယ်ပိုးရန်၊ ရည်သန်အားထုတ်
ပြုလုပ်နေခြင်း၊ ရိုးစင်းမေတ္တာ
စေတနာကို၊ ကြည်သာသောစိတ်
မမိုတ်မျက်စိ၊ သေချာကြည့်လျှင်
အရှိအတိုင်း တွေ့နိုင်၏။

☆ ဝဲယာမဲခေါင်၊ ညီနောင်တစ်တွေ
သွေးစည်းနေတာ၊ မုဒိတာပွား
သတိထားလျက်၊ ခံစားကြည့်က
တူမျှမေတ္တာ၊ စေတနာဖြင့်
ပေါင်းကာဖွဲ့စည်း၊ သိပ်သည်းကျစ်လျစ်
အားသစ်ခြေနေ၊ အမြဲတေသည်
မသွေဖြစ်တည်၊ ပွားစည်နေကြောင်း
ကောင်းကောင်းတွေ့မည် ဖြစ်ပါသည်။ ။

ဖိုးဝ

ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်တွင်းရေကြောင်းပို့ဆောင်ရေး ရေယာဉ်ဘေးအန္တရာယ် ကင်းရှင်းရေးနှင့် အထွေထွေဆွေးနွေးပွဲအခမ်းအနားကို ဩဂုတ်၁၁ရက်နံနက်ကဗိုလ်တထောင်ဆိပ်ကမ်းရှိ မြသီတာသင်္ကာဒါန်သင်တန်းကျောင်း၌ ကျင်းပရာ ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးတင့် အမှာစကားပြောကြားစဉ်။
(သတင်းစဉ်)

မြန်မာနိုင်ငံကပို့တဲ့ အဝတ်အထည်နဲ့ ဖိနပ်များကို အမေရိကန်တို့ ပိတ်ဆို့နေမှုဟာ ဘယ်သူ့အတွက်လဲ

အောင်မိုးစံ

အမေရိကန်တို့က မြန်မာနိုင်ငံအပေါ် စီးပွားရေးပိတ်ဆို့ အရေးယူရာတွင် မြန်မာနိုင်ငံမှ အဝတ်အထည်နဲ့ ဖိနပ်တင်ပို့မှုများကို အလေးပေး ပိတ်ဆို့ထားပါတယ်။ အဲဒီလို ပိတ်ဆို့အရေးယူမှုအပေါ် မြန်မာအစိုးရကို အဆိုးမြင်ဆန့်ကျင်နေတဲ့ အင်အားစုများနဲ့ အမေရိကန်အစိုးရရဲ့ အတွင်းသရုပ်ကို မသိသူများက ထောက်ခံအားပေးလျက်ရှိပါတယ်။ အမေရိကန်အစိုးရဟာ မြန်မာနိုင်ငံ ဒီမိုကရေစီထွန်းကားရေးအတွက် စေတနာပြည့်ဝစွာ ရှေ့ဆောင်နေတယ်လို့ လွဲမှားစွာယူဆနေလို့ ဖြစ်ပါတယ်။ တကယ်တော့ ဒီလုပ်ရပ်ဟာ မြန်မာနိုင်ငံ ဒီမိုကရေစီထွန်းကားရေး၊ လူ့အခွင့်အရေးအတွက် လုံးဝမဟုတ်ဘဲ အမေရိကန်နိုင်ငံက လုပ်ငန်းရှင်တွေရဲ့ အကျိုးအမြတ် ကာကွယ်ရေး၊လုပ်ငန်းရှင်တွေ ထောက်ခံမှုဖြင့် အမေရိကန်လွှတ်တော်အမတ်များ၊ သမ္မတများမဲရရေးအတွက်သာဖြစ်ပါတယ်။ အမေရိကန်လုပ်ငန်းရှင်များ ထုတ်လုပ်တဲ့ အဝတ်အထည်နဲ့ ဖိနပ်တွေဟာ ဈေးကြီးပြီး မြန်မာနိုင်ငံက တင်ပို့သော ဈေးချိုတဲ့ အဝတ်အထည်တွေ၊ ဖိနပ်တွေကို ယှဉ်ပြိုင်မရောင်းနိုင်တဲ့အတွက် ထိခိုက်လာလို့ ဖြစ်ပါတယ်။

"အမေရိကန်တောင်ပိုင်းပြည်နယ်များမှာ အထည်အလိပ်နဲ့ ချုပ်ထည်စက်ရုံများ အခြေစိုက်ပါတယ်။ ဒီပြည်နယ်တွေမှာ နိုင်ငံရေးထောက်ခံမှုရအောင် မဲဆန္ဒရှင်များကို သိမ်းသွင်းဖို့အတွက် ၁၉၆၀ ပြည့်နှစ် သမ္မတကနေဒီ လက်ထက်ကအစပြုလို့ သမ္မတအဆက်ဆက်ဟာ အပြန်အလှန်လွတ်လပ်စွာ ကုန်သွယ်ရေးမူဝါဒကို စွန့်လွှတ်ပြီး ကိုယ်ကျိုးစီးပွား ကာကွယ်ရေးမူဝါဒတွေကျင့်သုံးကာ မဲရအောင်ယူခဲ့ကြပါတယ်။ ဒီနေရာမှာ မိမိကုန်ကြမ်းနှင့် တင်ပို့နေတဲ့ အာရှနိုင်ငံများအပေါ် အထည်အလိပ်နှင့်ချုပ်ထည်တွေကို ခွဲတမ်းချတင်သွင်းစေတဲ့ စနစ်ကျင့်သုံးပြီး အမေရိကန်က ကုန်ကြမ်းနှင့် ထုတ်လုပ်တဲ့ လက်တင်အမေရိကန်နိုင်ငံများကိုတော့ ခွဲတမ်းစနစ် ပယ်ဖျက်ပေးထားပါတယ်။ "

ဈေးကွက်စီးပွားရေးစနစ် စတင်ကျင့်သုံးလာတဲ့ ဗီယက်နမ်နိုင်ငံဟာ ၂၀၀၁ ခုနှစ်က ချုပ်ထည်ဒေါ်လာ သန်း ၅၀ ကို တင်ပို့ခဲ့ရာမှ ၂၀၀၂ ခုနှစ်တွင် ၉၅၂ သန်းဖိုးအထိ တိုးတက်တင်ပို့လာနိုင်ပြီး ၂၀၀၃ ခုနှစ်မှာတော့ ၂ ဒသမ ၄ ဘီလီယံအထိ ဖြစ်လာနိုင်မယ်လို့ ခန့်မှန်းထားပါတယ်။ ဒီမှာတင် အမေရိကန် အထည်အလိပ်နှင့် ချုပ်ထည်လောကဟာ မခံမရပ်နိုင်ဖြစ်လာတော့တယ်။ ဒါကြောင့် ပြီးခဲ့တဲ့နှစ် ဧပြီလမှာ အမေရိကန်ဟာ ဗီယက်နမ်အပေါ် ဒေါ်လာ ၁ ဒသမ ၇ ဘီလီယံဖိုးသာ တင်သွင်းရမယ်လို့ ခွဲတမ်းသတ်မှတ်ပြီး ကုန်သွယ်ရေးသဘောတူညီချက်ကို အကျပ်ကိုင်ချုပ်ဆိုခဲ့ပါတယ်။ အမေရိကန်ကုန်သွယ်ရေးဝန်ကြီးဌာနက ဗီယက်နမ်နိုင်ငံဟာ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ (W.T.O) ဝင် မဟုတ်တဲ့အတွက် ဆုံးဖြတ်ချက်ကို လက်ခံချင်ခံ လက်မခံရင် ပိုမိုပြင်းထန်စွာ တစ်ဖက်သတ်ဆုံးဖြတ်မယ်လို့ တင်းမာစွာပြောခဲ့တယ်။ ဒါဟာ သမ္မတဘုရှ်နဲ့ ကုန်သွယ်ရေးဝန်ကြီးဒေါ်နယ်အီဗန်တို့ရဲ့ ဆုံးဖြတ်ချက်ပဲ။ ဒါဟာ လာမယ့် သမ္မတရွေးကောက်ပွဲတွင် မဲဆန္ဒရရှိရေးအတွက် အထည်အလိပ်လုပ်ငန်း အဓိကရှိတဲ့ တောင်ပိုင်းပြည်နယ်များက မဲဆန္ဒရှင်များကို အကျိုးစီးပွားကာကွယ်မှုနဲ့ နိုင်ငံခြားကုန်သွယ်ရေးမှာ အလျှော့မပေးဘူးလို့ အကြိမ်ကြိမ်ကတိပြုခဲ့မှုဖြစ်တယ်။

၁၉၆၀ ပြည့်လွန်ကာလများတွင် ဂျပန်ဟာ အမေရိကန်အဝတ်အထည်လုပ်ငန်းများကို ကိုယ်စားပြုတဲ့ လွှတ်တော်အမတ်များရဲ့ ပစ်မှတ်ဖြစ်ခဲ့ပါတယ်။ အဲဒီနောက် ဟောင်ကောင်၊ စင်ကာပူနှင့် တောင်ကိုရီးယားတို့ဟာ ပစ်မှတ်တွေ အသီးသီးဖြစ်လာခဲ့တယ်။ အခုတော့ သူတို့ဟာ အဝတ်အထည်လုပ်ငန်း အဓိကထားတဲ့အဆင့်ကို ကျော်လွန်ဖြတ်သန်းခဲ့တာ ကာလကြာလာခဲ့ပါပြီ။ အဲဒီလို နိုင်ငံရပ်ခြား စီးပွားရေးပြိုင်ဘက်များက စီးပွားရေးဖွံ့ဖြိုးမှုမှာ ကျော်တက်သွားကြပေမယ့် အမေရိကန်တောင်ပိုင်း အထည်ချုပ်ဒေသများကတော့ ခွဲတမ်းချစီးပွားရေးကိုပဲ အားပြုရင်းသက်ဆိုးရှည်နေကြတယ်။

ဒီကနေ့ တရုတ်-အမေရိကန် နှစ်နိုင်ငံကုန်သွယ်ရေးတွင် တရုတ်နိုင်ငံက ငါးဆမျှ ပိုငွေပြလာတဲ့အတွက် အမေရိကန်တို့က စိုးရိမ်တကြီးနဲ့ တရုတ်နိုင်ငံကြောင့် အမေရိကန်တို့ရဲ့ အမျိုးသားလုံခြုံရေးကို ထိခိုက်လာရတယ်လို့ ဆိုလာခဲ့ပါတယ်။ တရုတ်နိုင်ငံဘက်ကို မလိုမုန်းထားပစ်မှတ်လှည့်လာပြန်တယ်။ ယခင်က အမေရိကန်ရဲ့ ကွန်ဂရက်လွှတ်တော်တွင် ဖွဲ့စည်းတာဝန်ပေးခဲ့တဲ့ အမေရိကန်ကုန်သွယ်ရေး လိုငွေပြမှု သုံးသပ်ရေးကော်မရှင်အစား အမေရိကန်-တရုတ်စီးပွားရေးနဲ့ လုံခြုံရေးဆိုင်ရာ သုံးသပ်ရေးကော်မရှင်လို့ ပြင်ဆင် ဖွဲ့စည်းလာခဲ့ပါတယ်။

ဒီကော်မရှင်ရဲ့ ၂၀၀၄ ခုနှစ် ဇွန်လ ၁၅ ရက်နေ့က ကွန်ဂရက်လွှတ်တော်သို့တင်သွင်းတဲ့ အစီရင်ခံစာမှာ တရုတ်နိုင်ငံနဲ့ပတ်သက်လို့ အမေရိကန်တို့ကုန်သွယ်ရေးလိုငွေပြမှုဟာ အဓိကအန္တရာယ်တစ်ရပ်ဖြစ်လာကြောင်း အခုလို ရှင်းပြထားပါတယ်။

ကုန်သွယ်ရေးလိုငွေပြမှုကြောင့် စက်မှုကုန်ထုတ်လုပ်ငန်းများတွင် အလုပ်အကိုင်ဖော်ဆောင်ပေးနိုင်မှု ကျဆင်းလာပြီး အလုပ်လက်မဲ့ကျဆင်းရေးကြိုးပမ်းမှုကို ထိခိုက်စေတယ်။ ကုန်ထုတ်လုပ်မှု၊ စက်မှုလုပ်ငန်းများဟာ နိုင်ငံရဲ့စီးပွားရေးနဲ့ အမျိုးသားလုံခြုံရေးအတွက် အထူးအရေးပါတယ်။ ကုန်သွယ်ရေးလိုငွေပြမှုကြောင့် စက်မှုကဏ္ဍသာမက အမေရိကန်နိုင်ငံရဲ့ အခြားစီးပွားရေးကဏ္ဍများကိုလည်း ထိခိုက်စေတယ်။

ဒီအစီရင်ခံစာမှာပင် တရုတ်နိုင်ငံအပေါ် တုံ့ပြန်ဖို့နည်းလမ်းများအဖြစ် (W.T.O) ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ကို လက်နက်သဖွယ်အသုံးပြုပြီး တရုတ်နိုင်ငံရဲ့ ကုန်သွယ်မှုဟာ စည်းမျဉ်းစည်းကမ်းများနဲ့ ညီညွတ်ခြင်း ရှိ၊ မရှိ၊ အလွန်အမင်း ဈေးလျှော့ ထား၊ မထား၊ ဉာဏထုတ်ကုန်မူပိုင်ခွင့်များ ချိုးဖောက်မှုများရှိ၊ မရှိ စိစစ်သွားဖို့ အမေရိကန်ရဲ့ သိပ္ပံနဲ့နည်းပညာအရာတွင် ထိပ်ဆုံးမှ ဦးဆောင်နေမှုကို တရုတ်တို့က လိုက်မမီနိုင်အောင် အမျိုးသားမူဝါဒနဲ့ မဟာဗျူဟာကို ဘက်စုံထောင့်စုံမှ ချမှတ်လုပ်ဆောင်သွားဖို့ပါဝင်တယ်။

အမေရိကန်တို့အနေနဲ့ တရုတ်ဘက်မှ ကုန်သွယ်ရေးပိုငွေပြမှုကိုသာမက တရုတ်နိုင်ငံတွင် စက်မှုထွန်းကားတိုးတက်လာမှုကြောင့် လောင်စာဆီ လိုအပ်ချက် မြင့်မားလာပြီး ပြည်ပမှ အကြီးအကျယ်မှာယူတင်သွင်းနေမှုကိုလည်း အမေရိကန်တို့ရဲ့ လောင်စာဆီ ဖူလုံရေးအပေါ် ခြိမ်းခြောက်မှုတစ်ရပ်အဖြစ် ရှုမြင်နေပါတယ်။

တရုတ်နိုင်ငံက အမေရိကန်နိုင်ငံမှ ကုန်ပစ္စည်းဒေါ်လာ ၂၈ ဘီလီယံဖိုး တင်သွင်းခဲ့ပြီး အမေရိကန်သို့ ဒေါ်လာ ၁၅၂ ဘီလီယံဖိုး တင်ပို့ခဲ့တဲ့အတွက် ကုန်သွယ်ရေးပိုငွေပြမှု ငါးဆတစ်ဆ ဖြစ်နေခဲ့တယ်။ အခုလို ဖြစ်ရတာဟာ ဈေးချိုတဲ့ တရုတ်ကုန်ပစ္စည်းများကို ချမ်းသာတဲ့ အမေရိကန်ပြည်သူလူထုက ဖောဖောသီသီ ဝယ်ယူစားသုံးနိုင်ပြီး ဈေးကြီးတဲ့ အမေရိကန်ကုန်ပစ္စည်းကို တရုတ်ပြည်သူတို့ ဝယ်ယူစားသုံးမှု နည်းပါးလို့ဖြစ်ပါတယ်။ ဈေးကွက်စီးပွားရေးစနစ်ကျင့်သုံးတဲ့ အမေရိကန်လို နိုင်ငံကြီးအဖို့ စားသုံးသူတွေဟာ ဈေးနှုန်းချိုပြီး အရည်အသွေးကောင်းတဲ့ ပစ္စည်းတွေကို လွတ်လပ်စွာ ဝယ်ယူစားသုံးနိုင်ခွင့်ရှိရပါမယ်။ လုပ်အားခဈေးကြီးတဲ့ အမေရိကန်နိုင်ငံတွင် အဝတ်အထည်လုပ်ငန်းများလို လုပ်အားအသုံးပြုရမှုများပြားတဲ့ (Labour Intensive) စက်မှုလုပ်ငန်းများကို လုပ်အားခဈေးချိုတဲ့ ဖွံ့ဖြိုးဆဲနိုင်ငံများနဲ့ ယှဉ်ပြီးထုထောင်နိုင်ဖို့ မလွယ်ပါ။ အထူးသဖြင့် တရုတ်ပြည်နဲ့ ယှဉ်ပြိုင်ဖို့ မလွယ်ပါ။ အမေရိကန် ထုတ်ကုန်ပစ္စည်းတွေ ဘာကြောင့်ဈေးကြီးပြီး တရုတ်ထုတ်ကုန်တွေ ဘာကြောင့်ဈေးချိုရသလဲဆိုတဲ့ အကြောင်းရင်းကို အရင်းရှင်နိုင်ငံရေး ဘောဂဗေဒပညာရှင်များပင် မဖော်ထုတ်နိုင်တဲ့အတွက် အခုလို မိမိပြည်တွင်း အကျပ်အတည်းတွေကို သူတစ်ပါးနိုင်ငံများအပေါ် အကျပ်ကိုင်ပြီး ဖြေရှင်းနေတာ ဖြစ်ပါတယ်။ အရင်းရှင်စနစ်ရဲ့ ကောင်းမြတ်တဲ့ကုန်သွယ်ရေးကင်းလွတ်မှုတွေကို ပိတ်ဆို့ဖျက်ဆီးနေတာ ဖြစ်ပါတယ်။ အကြောင်းရင်းဇာစ်မြစ်ဟာ စက်မှုဖွံ့ဖြိုးပြီး အရင်းရှင်နိုင်ငံကြီးများတွင် ပုဂ္ဂလိကတွေ မြေအကြီးအကျယ်ပိုင်တယ်။ မြေရှင်ကြီးတွေ လွှမ်းမိုးနေတယ်။ လူဦးရေ အကန့်အသတ်မရှိ တိုးတက်နေတဲ့အတွက် နေစရာနဲ့ လုပ်ကိုင်စားသောက်စရာတွေ လိုလာလို့ မြေဈေးတွေလည်း အကန့်အသတ်မရှိ တက်နေတယ်။ ဗြိတိန် လန်ဒန်မှာ မြေတစ်ပေပတ်လည် ဒေါ်လာနှစ်သောင်းဝန်းကျင်၊ ဂျပန် တိုကျိုမှာ မြေ ပို့စကတ်အရွယ် ဒေါ်လာလေးထောင်ဈေးဖြစ်နေတယ်။ မြေပိုင်တဲ့ မြေရှင်တွေ ဘာမှလုပ်စရာမလိုဘဲ အကြီးအကျယ်တက်နေတဲ့ မြေဈေးတွေနဲ့ ကြီးပွားလာတာ ဖြစ်ပါတယ်။ ဒါကြောင့် ဒီစက်မှုနိုင်ငံကြီးတွေက မြေမှာအရင်းစိုက်ထုတ်လုပ်ရတဲ့ ပစ္စည်းမှန်သမျှ ဈေးတက်ကုန်တယ်။ ပုဂ္ဂလိက မြေရှင်စနစ် သက်ဆိုးရှည်နေသမျှ ဒီအကျပ်အတည်းကို ဆက်လက်ကြုံနေရဦးမယ်ဖြစ်တယ်။ ဒီအကျပ်အတည်းကို ဖြေရှင်းဖို့ ပုဂ္ဂလိကမြေရှင်စနစ်ကို ဖျက်သိမ်းရမယ့်အစား ကုန်သွယ်ဖက်နိုင်ငံတွေကို နည်းမျိုးစုံအကျပ်ကိုင် ဖိအားပေးတဲ့နည်း၊ ကိုယ်ကျိုးစီးပွားကာကွယ်နည်းတွေနဲ့ ဖြေရှင်းနေတာဖြစ်တယ်။

တရုတ်ပြည်မှာ မြေကို လူ့အဖွဲ့အစည်းပိုင် ပြုလုပ်ထားတယ်။ ဒါကြောင့် မြေဈေးတွေမကြီးလို့ မြေမှာ အရင်းစိုက်ထုတ်လုပ်ကိုင်ရတဲ့ ပစ္စည်းမှန်သမျှ ဈေးမတက်ဘူး။ လူ့အဖွဲ့အစည်းပိုင် မြေယာစနစ်နဲ့ လွတ်လပ်တဲ့ ဈေးကွက်စီးပွားရေးကို ပေါင်းစပ်ကျင့်သုံးနေမှုက တရုတ်ပြည်ကို အံ့သြဖွယ်ရာ တိုးတက်လာစေပါတယ်။ မြေရှင်စနစ် ဖျက်သိမ်းထားတဲ့ တရုတ်ပြည်နဲ့ မြေရှင်စနစ်ကြီးစိုးနေတဲ့ အနောက်နိုင်ငံများရဲ့ ဈေးကွက်ယှဉ်ပြိုင်မှုမှာ တရုတ်ပြည်က တစ်ပန်းသာနေမယ်ဖြစ်ပါတယ်။

ဒီကနေ့ မြန်မာနိုင်ငံအပေါ် အမေရိကန်တို့ စီးပွားရေးပိတ်ဆို့ အရေးယူရာတွင် အဝတ်အထည်နဲ့ ဖိနပ်တင်ပို့မှုတွေကို ဦးစားပေးပိတ်ပင်နေမှုဟာ (၁) သူတို့နိုင်ငံက အဝတ်အထည်နဲ့ ဖိနပ်လုပ်ငန်းရှင်တွေရဲ့ ဈေးကြီးထုတ်ကုန်ပစ္စည်းတွေထက် မြန်မာနိုင်ငံကတင်ပို့တဲ့ အဝတ်အထည်တွေနဲ့ ဖိနပ်တွေဟာ ဈေးချိုအရောင်းသွက်တဲ့အတွက် အကျပ်အတည်းဆိုက်နေတဲ့ အမေရိကန် လုပ်ငန်းရှင်တွေအလိုကျ တစ်ဖက်သတ်ပိတ်လိုက်တာဖြစ်ပါတယ်။ (၂) အဲဒီလို ပိတ်ပင်လိုက်တဲ့အတွက် အမေရိကန်သမ္မတများနဲ့ လွှတ်တော်အမတ်များဟာ ရွေးကောက်ပွဲမှာ လုပ်ငန်းရှင်တွေရဲ့ ထောက်ခံမဲရဖို့ဖြစ်ပါတယ်။ (၃) မြန်မာနိုင်ငံမှ အစိုးရဆန့်ကျင်တဲ့ အင်အားစုတွေရဲ့ ထောက်ခံမှုကိုလည်းရပြီး နိုင်ငံတကာကလည်း မြန်မာ့ဒီမိုကရေစီအရေးကို အမေရိကန်အစိုးရက ဦးစားပေးဆောင်ရွက်နေသယောင် ထင်မှတ်လာဖို့ဖြစ်ပါတယ်။

ဒါဟာ ခဲတစ်လုံးတည်းနဲ့ စာကလေးသုံးကောင်ကို တစ်ပြိုင်တည်းပစ်လိုက်တဲ့ အမေရိကန်အစိုးရရဲ့ ကိုယ်ကျိုးစီးပွားဝါဒသာ ဖြစ်ပါတယ်။ ဒါကြောင့် မြန်မာနိုင်ငံအပေါ် အမေရိကန်တို့ စီးပွားရေးပိတ်ဆို့ အရေးယူရာတွင် ဦးစားပေးပိတ်ပင်ထားမှုဟာ မြန်မာပြည်သူတွေကို အကျိုးပျက်စေပြီး အမေရိကန်တို့ ကိုယ်ကျိုးလောဘ အမြတ်ရဖို့သာ ဖြစ်တယ်ဆိုတာကို တင်ပြလိုက်ရပါတယ်။ ။

မြန်မာနိုင်ငံ ဒီမိုကရေစီထွန်းကားရေး၊ လူ့အခွင့်အရေးအတွက် လုံးဝမဟုတ်ဘဲ အမေရိကန်နိုင်ငံက လုပ်ငန်းရှင်တွေရဲ့ အကျိုးအမြတ် ကာကွယ်ရေး၊ လုပ်ငန်းရှင်တွေ ထောက်ခံမှုဖြင့် အမေရိကန်လွှတ်တော်အမတ်များ၊ သမ္မတများ မဲရရေးအတွက်သာ ဖြစ်ပါတယ်။ အမေရိကန်လုပ်ငန်းရှင်များထုတ်လုပ်တဲ့ အဝတ်အထည်နဲ့ ဖိနပ်တွေဟာ ဈေးကြီးပြီး မြန်မာနိုင်ငံက တင်ပို့သော ဈေးချိုတဲ့အဝတ်အထည်တွေ၊ ဖိနပ်တွေကို ယှဉ်ပြိုင်မရောင်းနိုင်တဲ့အတွက် ထိခိုက်လာလို့ ဖြစ်ပါတယ်။

ဝါတွင်းတရားစခန်းများ

ရန်ကုန် ဩဂုတ် ၁၂

မင်္ဂလာဒုံမြို့နယ် သမိုင်းဝင် ကျိုက္ကလော့ စေတီတော်မြတ်ကြီးအနီးရှိ ကျိုက္ကလော့ပရိယတ္တိ စာသင်တိုက် မိုးကုတ်ဝိပဿနာဓမ္မရိပ်သာ၌ ဝါတွင်းတရားစခန်းပွဲများကို ဩဂုတ် ၁၄ ရက်မှ၂၀ ရက်ထိ၊စက်တင်ဘာလ ၁၈ ရက်မှ ၂၄ ရက်ထိ၊ အောက်တိုဘာ ၁၈ ရက်မှ ၂၄ ရက်ထိ ကျင်းပမည်ဖြစ်ရာ တရားစခန်းဝင်ရောက်လိုသူ ယောဂီများ ၎င်းနေ့များမတိုင်မီ ညနေ ၅ နာရီ သတင်းပို့ကြရန်နှင့် ဆွမ်းအချိုပွဲ လှူဒါန်းလိုသူများ ဖုန်း-၆၃၅၆၃၂၊ ၀၉၈၀၂၁၁၁၃ တို့သို့ ဆက်သွယ်နိုင်ကြောင်းသိရသည်။ **(က-ပ)**

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၁၃-၈-၂၀၀၄ (သောကြာနေ့)

နံနက်ပိုင်း

- **၇:၀၀** ၁။ မြဝတီအဖွင့်
- **၇:၀၅** ၂။ အဖွင့်သီချင်း
- **၇:၁၀** ၃။ မျိုးချစ်တပ်မတော်
- **၇:၂၀** ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- **၇:၃၀** ၅။ မြန်မာသံစဉ်ချိုနားဝင်
- **၇:၄၀** ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- **၇:၅၅** ၇။ ဖွံ့ဖြိုးသာယာ ပြည်မြန်မာ
- **၈:၀၀** ၈။ မြဝတီရုပ်မြင်သံကြားသတင်း
- **၈:၁၀** ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- **၈:၁၅** ၁၀။ အပိတ်နှုတ်ဆက်စကား
- **၈:၁၆** ၁၁။ ပြီးပါပြီ။

ညပိုင်း

- **၄:၀၀** ၁။ မြဝတီအဖွင့်
- **၄:၀၅** ၂။ အဖွင့်သီချင်း
- **၄:၁၀** ၃။ လက်စွမ်းပြဟန်ဂီတသံ
- **၄:၁၅** ၄။ ရင်ခုန်စီးဆင်းအချစ်သီချင်း
- **၄:၂၅** ၅။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- **၄:၃၅** ၆။ နာဝင်ငြိမ့်စီးသီချင်းကြီး
- **၄:၄၀** ၇။ မျိုးချစ်တပ်မတော်
- **၄:၅၀** ၈။ အလွမ်းတေးပန်းချီချစ်သူဆီ
- **၅:၀၀** ၉။ **အဝေးသင်ပညာရေးပို့ချမှု အစီအစဉ်** -Imperfact Competition Market **ဒုတိယနှစ်- စီးပွားရေးအထူးပြု**
- **၅:၃၀** ၁၀။ ပညာခေတ်
- **၅:၄၅** ၁၁။ သာယာသီကြွေးခေတ်ဆန်းတေး
- **၆:၀၀** ၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
- **၆:၁၀** ၁၃။ နိုင်ငံတကာသတင်း
- **၆:၂၀** ၁၄။ မိုးလေဝသသတင်း
- **၆:၂၅** ၁၅။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- **၆:၃၀** ၁၆။ မြန်မာ့ရှုခင်း
- **၆:၄၀** ၁၇။ လျှပ်တစ်ပြက်ရိုက်ချက်
- **၇:၀၀** ၁၈။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "မျက်ရည်မိုး"(အပိုင်း-၁၅)**
- **၈:၀၀** ၁၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၂၀။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၂၁။ လျှပ်တစ်ပြက်ရိုက်ချက်
- ၂၂။ တိုင်းကျိုးပြည်ပြုတည်ထောင်မှု
- ၂၃။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
- ၂၄။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း အမုန်ဘက်ကလှုပ်ရှား ဓားသမား(အပိုင်း-၂၉)**
- ၂၅။ သင့်အတွက်မနက်ဖြန်
- ၂၆။ အပိတ်နှုတ်ဆက်စကား
- ၂၇။ ပြီးပါပြီ။

မဟာစည်သာသနာ့ရိပ်သာ နှစ်ပတ်လည်အစည်းအဝေး

ရန်ကုန် ဩဂုတ် ၁၂

ဗဟန်းမြို့နယ် အမှတ်(၁၆) သာသနာ့ရိပ်သာလမ်း မဟာစည် သာသနာ့ရိပ်သာ ဟိတေသီအဖွဲ့၏ (၃၈)ကြိမ်မြောက် နှစ်ပတ်လည် အစည်းအဝေးကို ဩဂုတ် ၂၉ ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁ နာရီတွင် ဟိတေသီဓမ္မာရုံ၌ ကျင်းပမည်ဖြစ်သည်။ ဟိတေသီအဖွဲ့သို့ အကြံဉာဏ်များ ပေးပို့လိုသော အဖွဲ့ဝင်များ ဩဂုတ် ၂၁ရက် နောက်ဆုံးထား၍ အဖွဲ့အတွင်းရေးမှူးထံ ပေးပို့နိုင်ကြောင်း သိရသည်။ (က-ပ)

အီရတ်နိုင်ငံ နာဂျက်ဖ်မြို့တွင် စစ်ဆင်မှု ပြုလုပ်နေသည့် အမေရိကန်တပ်ဖွဲ့ဝင် များကို ဩဂုတ် ၆ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

နောက်ဆုံးသွေးတစ်စက်ကျန်သည်အထိ နာဂျက်ဖ်မြို့၌ ရှိနေမည်ဟု ဆာဒါ ပြောကြား ခုခံရေးသမားများ၏ တိုက်ခိုက်မှုများ အီရတ်နိုင်ငံတစ်ဝန်း ပျံ့နှံ့

ဘဂ္ဂဒက် ဩဂုတ် ၁၁

ဘာဆာရာမြို့အပါအဝင် အီရတ်နိုင်ငံတစ်ဝန်း၌ အီရတ်ခုခံတိုက်ခိုက်ရေးသမားများက တိုက်ပွဲများဆင်နွှဲနေစဉ်မှာပင် မိမိ၏ သွေးတစ်စက်ကျန်သည်အထိ နာဂျက်ဖ်မြို့တွင် မိမိရှိနေမည်ဖြစ်ကြောင်း ရှီးယိုက်ခေါင်းဆောင် မိုတာဒါအယ်လ်ဆာဒါက ယမန်နေ့က ပြတ်ပြတ်သားသားပြောကြားလိုက်သည်။ ဘာဆာရာမြို့တွင် တိုက်ပွဲများဖြစ်ပွားမှုကြောင့် ဗြိတိသျှတပ်ဖွဲ့ဝင်တစ်ဦးသေဆုံးပြီး ငါးဦးဒဏ်ရာရရှိခဲ့သည်။

ဗြိတိသျှစစ်ဘက်သုံး လင့်ရိုဘာကားနှစ်စီး မီးလောင်ကျွမ်းခဲ့ပြီး ဆာဒါ၏ လက်နက်ကိုင် တိုက်ခိုက်ရေးသမားများ၏ ကင်းလှည့်လာသည့် ဗြိတိသျှတပ်ဖွဲ့ဝင်များကို ဒုံးပစ်လောင်ချာများဖြင့် တိုက်ခိုက်မှု ဖြစ်ပွားပြီးနောက် ဗြိတိသျှတပ်ဖွဲ့ဝင်သေဆုံးခဲ့ခြင်းဖြစ်သည်။ ဗြိတိသျှတပ်ဖွဲ့ဝင်များသည် အခြေအနေတည်ငြိမ်အေးချမ်းမှုရရှိစေရန် ကြိုးပမ်းနေကြောင်းနှင့် တိုက်ခိုက်မှုများ အရှိန်အဟုန်မြင့်မားစေနိုင်သည့်လုပ်ရပ်များကို ရှောင်ရှားနေကြောင်း ဗြိတိန်ကာကွယ်ရေးဝန်ကြီးဌာနက ပြောကြားသည်။

ဒဏ်ရာရရှိ

ဘာဆာရာမြို့တွင်းနှင့် အနီးတစ်ဝိုက် ဗြိတိသျှတပ်ဖွဲ့ဝင်များ စစ်ဆင်ရေးပြုလုပ်နေသည့်ဒေသအတွင်း ဖြစ်ရပ်အများအပြားဖြစ်ပွားခဲ့ကြောင်း ဗြိတိသျှတပ်ဖွဲ့ဝင်တစ်ဦးသေဆုံးပြီး အများအပြား ဒဏ်ရာရရှိကြောင်း ကာကွယ်ရေးဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားသည်။

ကူးစက်ပျံ့နှံ့

အီရတ်နိုင်ငံတောင်ပိုင်း ဒီဝါနီယာမြို့တွင်လည်း တိုက်ပွဲများကူးစက်ပျံ့နှံ့ခဲ့သည်။ အဆိုပါမြို့တွင် အီရတ်ခုခံတိုက်ခိုက်ရေးသမားများသည် ရဲစခန်းကိုဝိုင်းခဲ့သည်။ ထိုအတောအတွင်း ဆာဒါ၏ လှုပ်ရှားမှုများကို အကြီးအကျယ်ထောက်ခံအားပေးသည့် ဘဂ္ဂဒက်ဆင်ခြေဖုံးဒေသ ဆာဒါစီးတီးတွင် အီရတ်ကြားဖြတ်အစိုးရက ညမထွက်ရ ကာဖျူးအမိန့်ကို ထုတ်ပြန်ခဲ့သည်။

ရှိနေမည်

မိမိသည် နာဂျက်ဖ်မြို့၌ ဆက်လက်ရှိနေကြောင်း မြို့ထဲမှထွက်ခွာသွားမည်မဟုတ်ကြောင်း၊ မိမိသည် နာဂျက်ဖ်မြို့အား ကာကွယ်စောင့်ရှောက်သူတစ်ဦး ဖြစ်ကြောင်း၊ နောက်ဆုံးသွေးတစ်စက်ကျန်သည်အထိ နာဂျက်ဖ်မြို့တွင် ရှိနေမည်ဖြစ်ကြောင်း ဆာဒါက ပြောကြားသည်။

တုံ့ပြန်ပစ်ခတ်

ထိုအတောအတွင်း ၎င်း၏ မာဒီလက်နက်ကိုင်သမားများသည် အမေရိကန်စခန်းများကို ဒုံးပစ်လောင်ချာများဖြင့် ပစ်ခတ်တိုက်ခိုက်ကြရာ အမေရိကန် မရိန်းတပ်ဖွဲ့ဝင်များက စစ်သေနတ်များဖြင့် အပြင်းအထန် တုံ့ပြန်ပစ်ခတ်ကြသည်။

အင်တာနက်။

လက်ဘနွန်၊ဂျော်ဒန်နှင့် ဆီးရီးယားမှစားစာခံငါးဦး အီရတ်ခုခံရေးသမားများက ပြန်လွှတ်ပေး

ဘဂ္ဂဒက် ဩဂုတ် ၁၁

လက်ဘနွန်မှနှစ်ဦး၊ ဂျော်ဒန်မှနှစ်ဦးနှင့် ဆီးရီးယားမှတစ်ဦး စုစုပေါင်း ဓားစာခံငါးဦးကို အီရတ်နိုင်ငံမှ ပြန်ပေးသမားများက တနင်္လာနေ့တွင်ပြန်လွှတ်ပေးလိုက်ကြောင်း သတင်းစုံရပ်ကွက်က ပြောဆိုသည်။

ဓားစာခံအားလုံးမှာ ကျန်းမာရေးကောင်းမွန်လျက်ရှိကြောင်း အဆိုပါသတင်းရပ်ကွက်ကပြောကြားလိုက်သည်။

ဂျော်ဒန်ထရပ်ကားယာဉ်မောင်းသမားနှစ်ဦးဖြစ်သည့် ဖာယက်ဆပင်နှင့် မိုဟာမက်အာမက်တို့သည် ဘဂ္ဂဒက်မြို့အနောက်ဘက် ဖော်လူဂျာမြို့ရှိ ဂျော်ဒန်စစ်မြေပြင်ဆေးရုံသို့ ရောက်လာကြခြင်းဖြစ်သည်ဆို၏။ ၎င်းတို့အား အလုပ်ရှင်ကုမ္ပဏီ၏ လုပ်ငန်းများ အီရတ်မှ ရုပ်သိမ်းသွားရန် တောင်းဆိုသည့် အီရတ်စစ်သွေးကြွများက လွှန်ခဲ့သည့် ရက်သတ္တနှစ်ပတ်က ပြန်ပေးဆွဲသွားခြင်းဖြစ်သည်။

လက်ဘနွန်နိုင်ငံသားနှစ်ဦးကိုမူ ဘဂ္ဂဒက်မှ ရာမာဒီသို့ လွန်ခဲ့သည့် ရက်သတ္တပတ်က ထရပ်ကားယာဉ်တန်းဖြင့် သွားရောက်စဉ် ဓားစာခံအဖြစ် ဖမ်းဆီးလိုက်ခြင်းဖြစ်သည်။

ဆီးရီးယားယာဉ်မောင်းတစ်ဦးကို လွန်ခဲ့သည့် ရက်သတ္တပတ်ကျော်က ပြန်ပေးသမားတို့က ဓားစာခံ အဖြစ် ဖမ်းဆီးခဲ့ခြင်းဖြစ်သည်။

အမ်အင်အေ၊ဆင်ဟွာ။

အီရတ်ရေနံနှင့် အခြားအစိုးရဌာနများကို ခုခံတိုက်ခိုက်ရေးသမားများက စိန်ပြောင်းများဖြင့် ပစ်ခတ်

ဘဂ္ဂဒက် ဩဂုတ် ၁၁

အီရတ်ခုခံတိုက်ခိုက်ရေးသမားများက ဘဂ္ဂဒက်မြို့လယ်ပိုင်းတွင် အင်္ဂါနေ့ညပိုင်းက ကြိုးကြားကြိုးကြားလက်နက်ကြီးများဖြင့် ပစ်ခတ်ပြီးသည့်နောက် အီရတ်ရေနံဌာနနှင့် အခြားအစိုးရဌာနများကို စိန်ပြောင်းများဖြင့် ပစ်ခတ်ကြကြောင်း မျက်မြင်တွေ့ရှိသူများက ပြောကြားသည်။

ကျရောက်

အမေရိကန်တပ်ဖွဲ့ဝင်များအား တိုက်ခိုက်နေသည့် မီဒီလက်နက်ကိုင်တပ်များ၏ ခြေကုပ်စခန်းဖြစ်သည့် ဆာဒါမြို့နှင့် မျက်နှာချင်းဆိုင် ဘဂ္ဂဒက်မြို့အရှေ့ဘက်ခြမ်းရှိ ရေနံဌာန ခြံဝင်းအတွင်း ပြင်းထန်သည့်အမြောက်ဆန်များ ကျရောက်ပေါက်ကွဲပြီး အနီးရှိရေအရင်းအမြစ်ဌာန ခြံဝင်းအတွင်းသို့လည်း ကျည်ဆန်များ ကျရောက်ခဲ့သည်။

ထိခိုက်ဒဏ်ရာရ

ယင်းပစ်ခတ်မှုကြောင့် သေဆုံးမှုသတင်းများ ရတ်တရက် မရရှိသေးပေ။ ရေနံဌာနတွင် စိန်ပြောင်းကျည်ဆန်ခုနစ်စင်း စနေနေ့က ကျရောက်ခဲ့ပြီး အစောင့်တစ်ဦး ထိခိုက်ဒဏ်ရာရရှိသွားသည်။ ပြောက်ကျားများ၏ တိုက်ခိုက်မှုသည် ပစ်မှတ်ပိုမိုတိကျအောင် တိုက်ခိုက်နိုင်ကြောင်း ဝန်ထမ်းတစ်ဦးက ပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ။

ဘဂ္ဂဒက်မြို့ဆင်ခြေဖုံးတွင်ကာဖျူးအမိန့်ထုတ်ပြန်

ဘဂ္ဂဒက် ဩဂုတ် ၁၁

အမေရိကန် တပ်ဖွဲ့ဝင်များနှင့် အီရတ်ခုခံတွန်းလှန်တိုက်ခိုက်သူများ တိုက်ခိုက်နေကြသည့်အတွက်အီရတ်ကြားဖြတ်အစိုးရသည် ဘဂ္ဂဒက်မြို့ရှိ ရှီးယိုက်တို့နေထိုင်ရာ ဆင်ခြေဖုံးဒေသတွင် ကာဖျူးအမိန့်ကို တနင်္လာနေ့က ထုတ်ပြန်လိုက်ကြောင်းအီရတ်ပြည်ထဲရေးဝန်ကြီးဌာန သတင်းရပ်ကွက်က ပြောကြားသည်။

အဆိုပါ ဒေသ၌ နောက်ထပ် သတိပေးချက် မထုတ်မပြန်မချင်း ကာဖျူးအမိန့်သည်ညနေ ၄နာရီမှ နောက်တစ်နေ့နံနက် ၈နာရီအထိ အကျုံးဝင်အာဏာသက်ရောက်မည်ဖြစ်ကြောင်း ယင်းသတင်းရပ်ကွက်က ပြောကြားသည်။ ရှီးယိုက်ခေါင်းဆောင် မိုဆာဒါ အယ်လ်ဆာဒါအား သစ္စာစောင့်သိသည့် တိုက်ခိုက်ရေးသမားများက ဘဂ္ဂဒက်မြို့ ဆာဒါစီးတီးတွင် အမေရိကန်နှင့် အီရတ်တပ်ဖွဲ့များအား တိုက်ခိုက်နေသည်မှာ ငါးရက်ရှိသွားပြီဖြစ်သည်။

ယင်းသို့ တိုက်ခိုက်မှုများကြောင့် ဒါဇင်နှင့်ချီသည့် လူများ သေဆုံးခဲ့ရသည်။ အလားတူကာလအတွင်း ဆာဒါ၏ နောက်လိုက်များသည် အီရတ်နိုင်ငံတောင်ပိုင်း နာဂျက်ဖ်မြို့တွင် အမေရိကန်တပ်ဖွဲ့ဝင်များကို တိုက်ခိုက်ခဲ့ရာ လူရာနှင့်ချီ၍ သေဆုံးခဲ့ရသည်။ ***အင်တာနက်။***

ဘဂ္ဂဒက်အနောက်ပိုင်း၌ ကားဗုံးပေါက် အီရတ်နိုင်ငံသား လေးဦးထက်မနည်း သေဆုံး

ခါလီဒီယာ(အီရတ်) ဩဂုတ် ၁၁

အရပ်သားများ တင်ဆောင်လာသည့် ဘတ်စ်ကားတစ်စီး ဘဂ္ဂဒက်အနောက်ပိုင်းဒေသတွင် ပေါက်ကွဲမှုဖြစ်ပွားရာ အီရတ်နိုင်ငံသား လေးဦးထက်မနည်း တနင်္လာနေ့က သေဆုံးသွားကြောင်း မျက်မြင်တွေ့ရှိသူများက ပြောကြားသည်။

ပြောကြား

ကားဗုံးဟုယူဆရသည့် ဗုံးတစ်လုံး ဖော်လူဂျာမြို့အနီး ခါလီဒီယာကျေးရွာမှ အဓိက လမ်းတစ်လမ်းတွင် ပေါက်ကွဲခြင်းဖြစ်ကြောင်း မျက်မြင်တွေ့ရှိသူများက ပြောကြားသည်။ ယင်းလမ်းမှာ အမေရိကန်တပ်ဖွဲ့ဝင်များ သုံးနေကျလမ်းဖြစ်သည်။

ထုတ်လွှင့်ပြသ

ရိုက်တာရုပ်မြင်သံကြားသတင်းဌာနက မီးလောင်ကျွမ်းသည့် ဘတ်စ်ကားနှင့် ကားနံဘေးရှိ အပျက်အစီးများကို ထုတ်လွှင့်ပြသသည်။ အမေရိကန်တပ်ဖွဲ့ဝင်များနှင့် အီရတ်ရဲတပ်ဖွဲ့က ယင်းနေရာများ စစ်ဆေးလျက်ရှိနေစဉ် သေဆုံးသူနှစ်ဦး၏ ရုပ်အလောင်းများသည် လမ်းမပေါ်တွင်ရှိနေသည်။

အမ်အင်အေ၊ရိုက်တာ။

အီရတ်နိုင်ငံ မြို့တော် ဘဂ္ဂဒက်တွင် ကင်းလှည့်နေသော အမေရိကန်ဟမ်းဗီးစစ်ယာဉ် တစ်စီးကို ဩဂုတ် ၉ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

အီရတ်သို့ ပါကစ္စတန်တပ်ဖွဲ့ဝင်များစေလွှတ်ရေး မူရှာရက်ဖ်ပယ်ချ

အီရတ်နိုင်ငံ နာဂျက်ဖ်မြို့တွင် အီရတ်ခုခံ တိုက်ခိုက်ရေး သမားများကို ဩဂုတ် ၇ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အစ္စလမ္မာဘတ် ဩဂုတ် ၁၁

အီရတ်ကြားဖြတ်အစိုးရက အီရတ်နိုင်ငံသို့ ပါကစ္စတန်နိုင်ငံမှ တပ်ဖွဲ့ဝင်များစေလွှတ်ပေးပါရန် ထပ်တလဲလဲ မေတ္တာရပ်ခံနေခဲ့သော်လည်း ပါကစ္စတန်သမ္မတ မူရှာရက်ဖ်က ယင်းမေတ္တာရပ်ခံချက်ကို ပယ်ချလိုက်သည်။

သို့ရာတွင် ယင်းကိစ္စနှင့်ပတ်သက်၍ အစဉ်သဖြင့် ရွေးချယ်ပိုင်ခွင့်ရှိကြောင်း ၎င်းက ပြောကြားသည်။ မျက်မှောက် အခြေအနေအရမိမိတို့၏တပ်ဖွဲ့ဝင်များ အီရတ်နိုင်ငံသို့ မည်သည့်အခါတွင်မှ သွားမည်မဟုတ်ကြောင်း မူရှာရက်ဖ်၏ ပြောကြားချက်ကို သည်နယူးစ်နေ့စဉ်သတင်းစာက အင်္ဂါနေ့တွင် ရေးသားဖော်ပြသည်။

အီရတ်နိုင်ငံ၏ အခြေအနေပြောင်းလဲနိုင်ဖွယ်ရှိရာ မိမိတို့ တံခါးများအား ပိတ်ထားမည်မဟုတ်ကြောင်း ၎င်းက ထပ်လောင်း ပြောကြားသည်။ အီရတ်နိုင်ငံသို့ တပ်ဖွဲ့ဝင်များ စေလွှတ်နေမှု ပြဿနာသည် ကမ္ဘာပေါ်တွင် မွတ်စလင်ဦးရေ ဒုတိယအများဆုံးရှိသည့် ပါကစ္စတန်နိုင်ငံအတွက် ပေါက်ကွဲလွယ်သည့် ပြဿနာတစ်ရပ်ဖြစ်နေသည်။

အီရတ်နိုင်ငံတွင် လုပ်ငန်းလုပ်ကိုင်နေသည့် ပါကစ္စတန်နိုင်ငံသား နှစ်ဦး အသတ်ခံရပြီးခဲ့သည်နောက် ယင်းပြဿနာသည် ဆတ်ဆတ်ထိ မခံနိုင်သည့် အခြေအနေသို့ ရောက်ရှိခဲ့သည်။

ပါကစ္စတန်တပ်ဖွဲ့ဝင်များ အီရတ်နိုင်ငံသို့မပို့မီ ပါကစ္စတန်နိုင်ငံက ကြိုတင်စည်းကမ်း သတ်မှတ်ချက်သုံးခုချမှတ်ထားကြောင်း ထပ်မံပြောကြားသည်။ ယင်းစည်းကမ်းချက်များမှာ အီရတ်အစိုးရ၏ မေတ္တာရပ်ခံချက်လိုအပ်ကြောင်း၊အခြားသောမွတ်စလင်နိုင်ငံများကလည်း တပ်ဖွဲ့ဝင်များစေလွှတ်ရေးတာဝန်ယူရန်နှင့်ပြည်တွင်းမှ ထောက်ခံမှုရှိရန် လိုအပ်ကြောင်းဖြစ်သည်ဟု မူရှာရက်ဖ်က ပြောကြားသည်။

မူဝါဒဆိုသည် အစဉ်အမြဲ တည်တံ့နေသည်မဟုတ်ကြောင်း၊ အမျိုးသားအကျိုးစီးပွားသည်သာ တည်တံ့နေသည်ဖြစ်ကြောင်း၊ မူဝါဒဟူသည် ပတ်ဝန်းကျင် ပြောင်းလဲမှုနှင့်အတူ လိုက်ပါပြောင်းလဲနိုင်ကြောင်း ၎င်းက ပြောကြားသည်။

မိမိ၏ရပ်တည်ချက်များကို အမေရိကန် သမ္မတ ဂျော့ဂ်ျ ဘုရှ်၊ နိုင်ငံခြားရေးဝန်ကြီး ကောလင်းပါဝဲနှင့် ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် ကိုဖီအာနန်တို့အား အသိပေးပြီးဖြစ်ကြောင်း မူရှာရက်ဖ်က ပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ။

အီရတ်အရာရှိတစ်ဦး ပြန်ပေးဆွဲခံရ

ဒူဘိုင်း ဩဂုတ် ၁၀

ရှီးယိုက်ခေါင်းဆောင် အယ်လ်ဆာဒါ၏ သစ္စာခံ ခုခံတိုက်ခိုက်ရေးသမားများထံမှ ဗီဒီယို အခွေကို အယ်လ်ဂျာဇီရာ ရုပ်မြင်သံကြားသတင်းဌာနက တနင်္လာနေ့တွင် ထုတ်လွှင့်ပြသလိုက် သည်။ ယင်းပြောက်ကျားများက အီရတ်နိုင်ငံသား အရာရှိတစ်ဦးအား ပြန်ပေးဆွဲထားကြောင်း ပြောကြားခဲ့သည်။

အယ်လ်ဆာဒါ၏ မီဒီလက်နက်ကိုင်တပ်က ဗိုလ်မှူးချုပ် မိုဟာမက်ခါဒါအား ပြန်ပေးဆွဲခဲ့ပြီး ပြည်ထဲရေးဌာနက ၎င်းတို့အုပ်စုဝင်များအား ထိန်းသိမ်းရာမှ ပြန်လွှတ်ပေးလျှင် ၎င်းအား ချက်ချင်းလွှတ်ပေးမည် ဖြစ်ကြောင်း အဆိုပါရုပ်မြင်သံကြားကဖော်ပြသည်။

အဆိုပါ ရုပ်မြင်သံကြားက ရဲတပ်ဖွဲ့ဝတ်စုံ ဝတ်ထားသည်ဟုယူဆရသည့် လူတစ်ဦး ထိုင်နေပုံနှင့် ၎င်းဘေးမှ မျက်နှာဖုံးစွပ်ထားသော လက်နက်ကိုင်လေးဦးရပ်နေပုံကို ထုတ်လွှင့်ပြသည်။ အခြားတစ်ဦးက ကြေညာချက်ဖတ်ကြားနေပုံကိုပြသသည်။ သို့သော် အသံကြားရခြင်း မရှိပေ။

ယင်းကိစ္စနှင့် စပ်လျဉ်း၍ အီရတ်အာဏာပိုင်များ သို့တည်းမဟုတ် ဆာဒါ၏ရုံးခန်းက ရုတ်တရက် အတည်ပြုခြင်း မရှိသေးပေ။ ယင်းဗီဒီယိုတိပ်ခွေ စစ်မှန်ကြောင်း သက်သေပြနိုင်မှု မရှိသေးပေ။

အမ်အင်အေ၊ရိုက်တာ။

အကျဉ်းသားများဆိုင်ရာ ဂျီနီဗာ သဘောတူညီချက် ဗြိတိသျှတပ်ဖွဲ့ဝင်များ အီရတ်၌ ချိုးဖောက်နေ

ကိုပင်ဟေဂင် ဩဂုတ် ၁၁

အီရတ်ရှိ ဗြိတိသျှတပ်ဖွဲ့ဝင်များသည် အကျဉ်းသားများအား နှိပ်စက်ညှဉ်းပန်းရာ၌ ဂျီနီဗာ သဘောတူညီချက်ကို စနစ်တကျ ချိုးဖောက်လျက်ရှိကြောင်းဖြင့် ဒိန်းမတ်ဗိုလ်မှူးကြီး ဖရင်းရစ်ဖလက်က ကိုပင်ဟေဂင်မြို့၌ အင်္ဂါနေ့က ထုတ်ဖော် ပြောကြားသည်။

ဒိန်းမတ်တပ်ဖွဲ့ဝင်များ လက်၌ အီရတ်အကျဉ်းသားများ ညှဉ်းပန်းခံရမှုကြောင့် လွန်ခဲ့သည့် ရက်သတ္တပတ်က လူစားထိုးလဲလှယ်ခြင်း မပြုမီ ဗိုလ်မှူးကြီးဖလက်သည် ဘာဆာရာမြို့တစ်ဝိုက်ရှိ ဗြိတိန်တပ်၏ လက်အောက်၌ တာဝန်ထမ်းဆောင်ရသော ဒိန်းမတ်တပ်ဖွဲ့ဝင် ၅၀၀ တို့၏ တပ်မှူးအဖြစ် တာဝန်ယူခဲ့သူဖြစ်သည်။

အီရတ် အကျဉ်းသားများအပေါ် ဗြိတိန်တပ်ဖွဲ့ဝင်များ၏ ဆက်ဆံမှုမှာ ဒိန်းမတ်နိုင်ငံမှ မိမိတို့ မတွေးတတ်အောင်အလွန်အမင်းဆိုးရွားပြီးအကျဉ်းသားများဆိုင်ရာ ဂျီနီဗာ သဘောတူညီချက်နှင့် လုံးဝမကိုက်ညီကြောင်းဖြင့် ဗိုလ်မှူးကြီးဖလက်က အင်ဖော်ဓေးရှင်း သတင်းစာသို့ ထုတ်ဖော်ပြောဆိုသည်။

ဗြိတိန်တို့၏ အကျဉ်းသားများအား စစ်ဆေးမေးမြန်းနည်းမှာ အယ်ကာနာရှိ ဒိန်းမတ် စစ်စခန်းဖြစ်သော အီဒင်စခန်းစစ်ဆေးနည်းထက် ပိုမို၍ပြင်းထန်ကြမ်းတမ်းသည်ဆို၏။ အီဒင်စခန်း၌ပင် အကျဉ်းသားများအား ညှဉ်းပန်းနှိပ်စက်ကြောင်း ဒိန်းမတ်စကားပြန်နှင့် ပြန်လွှတ်လာသော အကျဉ်းသားများထံမှ သိရသည်။ ဒိန်းမတ်တပ်ဖွဲ့ဝင်များသည် အီရတ် အကျဉ်းသားများအား ပြောဆိုအရှက်ခွဲခြင်း၊ မအိမသာနေထိုင်ခိုင်းခြင်း၊ အစားအစာနှင့်ရေမပေးဘဲ အကြာကြီးထားခြင်း၊ ကိုယ်လက်သန့်စင်ခွင့်မပေးခြင်း အပါအဝင် ညှဉ်းပန်းနှိပ်စက်မှုများလုပ်ကြောင်း လွန်ခဲ့သည့်ရက်သတ္တပတ်က ထုတ်ပြန်သည့် စစ်ဘက် ပဏာမ စုံစမ်းတွေ့ရှိချက်တွင် ပါရှိသည်။

အင်တာနက်။

နိုင်ငံတကာသတင်းများ

[redacted]

ဆမ်မာဝါ(အီရတ်) ဩဂုတ် ၁၁

ပြီးခဲ့သော အင်္ဂါနေ့က အီရတ်နိုင်ငံတောင်ပိုင်း ဆမ်မာဝါမြို့ရှိ ဂျပန်တပ်စခန်းအတွင်း မော်တာဗုံးသီးလေးလုံး ကျရောက်ပေါက်ကွဲခဲ့သော်လည်း တစ်စုံတစ်ရာ ထိခိုက်ဒဏ်ရာရမှုမရှိကြောင်း စစ်ဘက်ဆိုင်ရာသတင်းများက ဆိုသည်။

တိုကျိုမြို့ ကာကွယ်ရေးဆိုင်ရာများထံမှရသော သတင်းမှာမူ အတန်ကွဲလွဲနေသည်။ တပ်စခန်းအတွင်း စိန်ပြောင်းဗုံးသီး ကျရောက်ခြင်းမရှိဟု ဆိုသည်။ သက်ဆိုင်ရာများသည် အဆိုပါ အဖြစ်အပျက်နှင့် ပတ်သက်၍ အသေးစိတ်သိရှိနိုင်စေရန် စုံစမ်းလျက်ရှိကြပြီဖြစ်သည်။

သေချာသော အချက်တစ်ချက်မှာ စိန်ပြောင်းဗုံးသီးမှာ ဂျပန်တပ်အတွင်း မကျရောက်ဆိုသော အချက်ပင်ဖြစ်သည်။ သို့ရာတွင် ထိုဗုံးဆန်မှာ တပ်စခန်းအနီး မီတာ ရာနှင့်ချီ၍ကွာသောနေရာ၌ ကျရောက်ပေါက်ကွဲခဲ့ဟန်ရှိသည်ဟု ဂျပန်ကာကွယ်ရေးဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

အဆိုပါ ပစ်ခတ်မှုမှာ မည်သူ၏လက်ချက်ဖြစ်သည်ကို မသိရဘဲရှိသည်။ လက်ရှိအခြေအနေတွင် အီရတ်နိုင်ငံတောင်ပိုင်းရှိ မြို့အတော်များများနှင့် မြို့တော်ဘဂ္ဂဒက်ဝန်းကျင်တို့တွင် ရှီးယိုက်ခေါင်းဆောင် မိုတာဒါဆာဒါကို သစ္စာခံသူ ခုခံရေးသမားများသည် အမေရိကန် ဦးဆောင်သောတပ်များနှင့် အီရတ်ကြားဖြတ် အစိုးရတို့ကို ဆန့်ကျင်တိုက်ခိုက်လျက်ရှိသည်။

အီရတ်ရဲတပ်ဖွဲ့သည် ဆမ်မာဝါရှိ မသင်္ကာဖွယ်ရာ ရှီးယိုက်များ၏နေရာများကို ပိတ်ဆို့ရှာဖွေလျက်ရှိသည်ဆိုသော သတင်းများထွက်ပေါ်လာသည်။ ဂျပန်တပ်ဖွဲ့များအပေါ် တိုက်ခိုက်သည်ဆိုသောကိစ္စမှာ ရှားရှားပါးပါး ဖြစ်ရပ်မျိုးသာဖြစ်သည်ဟု ဆိုသည်။

တိုက်ခိုက်ရေးသမား ဇာကာဝီနှင့် ပတ်သက်သော အဖွဲ့တစ်ဖွဲ့မှလာသည်ဟု ယူဆရသော ခြိမ်းခြောက်မှုကို ပြီးခဲ့သောလက ဂျပန်တို့ရရှိခဲ့သည်။ အီရတ်မှ ဂျပန်တပ်ဖွဲ့များထွက်မသွားလျှင် တိုက်ခိုက်ခံရမည်ဖြစ်ကြောင်း ခြိမ်းခြောက်ထားသည်။ ထိုသို့ ခြိမ်းခြောက်မှုများ ရှိနေသည့်တိုင်အောင် ဂျပန်တပ်ဖွဲ့ဝင်များကို ဆက်လက်ထားမည်ဖြစ်ကြောင်း သိရသည်။

အမ်အင်အေ၊ရိုက်တာ။

အကျဉ်းသားများအား ကန်တပ်ဖွဲ့ဝင်များ နှိပ်စက်ညှဉ်းပန်းမှု အမေရိကန်ရှေ့နေများအသင်း ပြစ်တင်ရှုတ်ချ

အတ္တလန်တာ ဩဂုတ် ၁၀

အမေရိကန် တပ်ဖွဲ့ဝင်များက ဖမ်းဆီးထားသည့်အကျဉ်းသားများအား နှိပ်စက်ညှဉ်းပန်းမှုများကို အမေရိကန်ရှေ့နေများအသင်း (အေဘီအေ)က တနင်္လာနေ့တွင် ပြစ်တင်ရှုတ်ချလိုက်ပြီး အမေရိကန်ဖွဲ့စည်းပုံ ဥပဒေနှင့် နှိပ်စက်ညှဉ်းပန်းမှုများကို ပိတ်ပင်တားမြစ်ထားသည့် နိုင်ငံတကာ ဥပဒေများကို အပြည့်အဝ လေးစားလိုက်နာရန် ဘုရှ်အစိုးရကို တိုက်တွန်းလိုက်သည်။

အတည်ပြု

အမေရိကန် ပြည်ထောင်စုက ဆောင်ရွက်သည့် ဖမ်းဆီးထိန်းသိမ်းရေးနှင့် စုံစမ်းစစ်ဆေးသည့် လုပ်ထုံးလုပ်နည်းများကို အပြည့်အစုံပြုစုနိုင်ရေးအတွက် ပြင်ဆင်ရန် နိုင်ငံရေးနှစ်ပါတီစလုံးပါဝင်သည့် လွတ်လပ်သော ကော်မရှင်ဖွဲ့စည်းရေးကိုလည်း အေဘီအေ မူဝါဒချမှတ်ရေးအဖွဲ့က အတည်ပြုခဲ့သည့် ဆုံးဖြတ်ချက်တွင် တိုက်တွန်းထားသည်။

ရပ်တည်ချက်ပျက်ပြား

အာဖဂန်နစ္စတန်နှင့် အီရတ်ပဋိပက္ခများတွင် ဖမ်းဆီးမိသည့် အကျဉ်းသားများအား စုံစမ်းစစ်ဆေးရာ၌ အမေရိကန်စစ်မှုထမ်းများ၏ နှိပ်စက်ညှဉ်းပန်းမှုသည် အမေရိကန်ပြည်ထောင်စုကို အရှက်ရစေပြီး ကမ္ဘာပေါ်၌ အမေရိကန်ပြည်ထောင်စု၏ ရပ်တည်ချက်ကို ပျက်ပြားစေကြောင်း ဆုံးဖြတ်ချက်နှင့်အတူ ထွက်ပေါ်လာသည့် အစီရင်ခံစာတွင် ဖော်ပြထားသည်။

အကြီးမားဆုံးအဖွဲ့အစည်း

အေဘီအေသည် အမေရိကန် ပြည်ထောင်စုတွင် ရှေ့နေများပါဝင်သည့် အကြီးမားဆုံး အဖွဲ့အစည်းဖြစ်သည်။

အမ်အင်အေ၊ရိုက်တာ။

အမေရိကန် တပ်ဖွဲ့ဝင်များကို တိုက်ခိုက်နေသည့် ရှီးယိုက် ခုခံတိုက်ခိုက်ရေး သမားများကို ဩဂုတ် ၈ ရက်က အီရတ်နိုင်ငံ နာဂျက်ဖ်မြို့တွင် တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

စိန်ခေါ်မှုများကိုရင်ဆိုင်ကျော်လွှားနိုင်ရန် အချင်းချင်း နီးနီးကပ်ကပ်ပူးပေါင်းဆောင်ရွက် အကျိုးတူကိစ္စများကို လက်တွဲဆောင်ရွက်ရင်း မိမိတို့နိုင်ငံများ၏ သာယာဝပြောရေးကို ဖော်ဆောင်

❑ ရှေ့ဖုံးမှ

ပူးပေါင်းဆောင်ရွက်မှုကို တိုးမြှင့်သွားနိုင်ရန်နှင့် အာဆီယံအဖွဲ့ဝင် နိုင်ငံများအတွင်း ပို၍ ရင်းနှီးချစ်ခင်ပြီး ပိုမိုပူးပေါင်းဆောင်ရွက်မှုများ ပြုလုပ်နိုင်ရန် မိမိသည် အာဆီယံနိုင်ငံများအတွင်း ချစ်ကြည်ရေးခရီး လှည့်လည်သွားရောက်လျက်ရှိပါကြောင်း၊ ယခုခရီးစဉ်၌ ဗီယက်နမ်၊ လာအိုနှင့် ယခု ကမ္ဘောဒီးယားနိုင်ငံများသို့ ရောက်ရှိလာခြင်း ဖြစ်ပါကြောင်း။

ယနေ့နံနက်ပိုင်းကလည်း မိမိနှင့်ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ်တို့သည် နှစ်နိုင်ငံ အကျိုးတူကိစ္စများ၊ ဒေသတွင်းနှင့်နိုင်ငံတကာကိစ္စများအပေါ် အမြင်ချင်း ပွင့်ပွင့်လင်းလင်း ဖလှယ်ခဲ့ကြကြောင်း၊ တွေ့ဆုံဆွေးနွေးမှုများသည်လည်း နှစ်နိုင်ငံစလုံးအတွက်ရော၊ အာဆီယံအဖွဲ့အတွက်ရော အကျိုးဖြစ်ထွန်းသည့်ဆွေးနွေးပွဲဖြစ်ပါကြောင်း။

ညှိနှိုင်းပူးပေါင်း

ကမ္ဘောဒီးယား၊ လာအို၊ ဗီယက်နမ်နှင့် မြန်မာနိုင်ငံတို့သည် အာဆီယံအဖွဲ့သို့ နောက်ပိုင်းမှသာ အဖွဲ့ဝင်များဖြစ်လာကြသဖြင့် ဖွံ့ဖြိုးမှုအပိုင်း၌အဖွဲ့ဝင်နိုင်ငံဟောင်းများကို အမီလိုက်နိုင်ရန် ကြိုးစားရဦးမှာ ဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့ (CLMV) နိုင်ငံတို့သည် စိန်ခေါ်မှုများကို ရင်ဆိုင်ကျော်လွှားနိုင်ရန် အချင်းချင်း နီးနီးကပ်ကပ် ထိထိရောက်ရောက် ညှိနှိုင်းပူးပေါင်းလုပ်ကိုင်ဆောင်ရွက်သွားရန် အရေးကြီးပါကြောင်းဖြင့် ဆွေးနွေးပြောကြားသည်။

အကျိုးတူကိစ္စ

ကမ္ဘောဒီးယားနိုင်ငံ ခေတ္တနိုင်ငံတော်အကြီးအကဲ၊ ဆီးနိတ်ဥက္ကဋ္ဌ မစ္စတာ ဆမ်ဒက်ချီဆင်က ကမ္ဘောဒီးယားနိုင်ငံအစိုးရနှင့် ပြည်သူများက အဆွေတော်ဝန်ကြီးချုပ်၏ ချစ်ကြည်ရေးခရီးစဉ်ကို ကြိုဆိုပါကြောင်း၊ မိမိတို့နှစ်နိုင်ငံသည် ကိုလိုနီနိုင်ငံများဘဝမှ ရုန်းကန်ထွက်လာခဲ့ရသော နိုင်ငံများဖြစ်ကြ ကြောင်း၊ နိုင်ငံအလိုက် ဆက်လက်ဖွံ့ဖြိုးတိုးတက်ရန် အားထုတ်ကြိုးစားရာ၌ နှစ်နိုင်ငံ အကျိုးတူကိစ္စများ၊ ဒေသတွင်းနိုင်ငံများနှင့် အကျုံးဝင်သည့် အကျိုးတူကိစ္စများကို လက်တွဲပူးပေါင်းဆောင်ရွက်သွားရင်း မိမိတို့နိုင်ငံများ၏ သာယာဝပြောရေးကို ဖော်ဆောင်သွားကြရမှာဖြစ်ကြောင်းဖြင့် ပြောကြားသည်။

အမှတ်တရစုပေါင်းဓာတ်ပုံရိုက်

တွေ့ဆုံနှုတ်ဆက်ပွဲအပြီးတွင် ကမ္ဘောဒီးယားနိုင်ငံ ခေတ္တနိုင်ငံတော်အကြီးအကဲ၊ ဆီးနိတ်ဥက္ကဋ္ဌ မစ္စတာဆမ်ဒက်ချီဆင်က နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်အား အမှတ်တရ လက်ဆောင်ပေးအပ်ပြီး အမှတ်တရ စုပေါင်းဓာတ်ပုံရိုက်ကြသည်။

(သတင်းစဉ်)

ပြည်ထောင်စု မြန်မာနိုင်ငံတော်–နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် ကမ္ဘောဒီးယားနိုင်ငံ ခေတ္တနိုင်ငံတော်အကြီးအကဲ၊ ဆီးနိတ်ဥက္ကဋ္ဌ မစ္စတာဆမ်ဒက်ချီဆင်တို့ ဩဂုတ်၁၀ရက်က ဖနောင်ပင်မြို့ ကမ္ဘောဒီးယားနိုင်ငံ ဆီးနိတ်အဆောက်အအုံဧည့်ခန်းမတွင် ရင်းနှီးခင်မင်စွာ တွေ့ဆုံကြစဉ်။ (သတင်းစဉ်)

ရင်းနှီး ခင်မင်စွာ နှုတ်ဆက်

ပြည်ထောင်စု မြန်မာနိုင်ငံတော်–နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်နှင့် ကမ္ဘောဒီးယားနိုင်ငံ ခေတ္တနိုင်ငံတော် အကြီးအကဲ၊ ဆီးနိတ်ဥက္ကဋ္ဌ မစ္စတာ ဆမ်ဒက်ချီဆင်တို့ ဩဂုတ် ၁၀ ရက်က ဖနောင်ပင်မြို့ ကမ္ဘောဒီးယားနိုင်ငံ ဆီးနိတ် အဆောက်အအုံ ဧည့်ခန်းမတွင် ရင်းနှီးခင်မင်စွာ နှုတ်ဆက်ကြစဉ်။

(သတင်းစဉ်)

ကျေးလက်ဒေသ သန့်ရှင်းသောသောက်သုံးရေရရှိရေး စက်ရေတွင်းလှူဒါန်းနိုင်

ရန်ကုန် ဩဂုတ် ၁၂

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနအောက်ရှိ စည်ပင်သာယာရေးအဖွဲ့များသည် တိုင်းနှင့်ပြည်နယ်များရှိ ရေရှားပါးသည့် ကျေးလက်ဒေသများတွင် သန့်ရှင်းသော သောက်သုံးရေ ဖူလုံစွာရရှိရေးကို ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်ရာတွင် ရေရှားပါးသည့် ကျေးလက်ဒေသများ၌ စက်ရေတွင်းများ တူးဖော်ဆောင်ရွက်လျက်ရှိရာ စက်ရေတွင်းလှူဒါန်းလိုသော စေတနာရှင်များအနေဖြင့် နှစ်လက်မ စက်ရေတွင်း အနက်ပေ ၂၀၀ တစ်တွင်း စက်ပစ္စည်းစုံ ကျပ် ၂၅၀၀၀၀၊ နှစ်လက်မ စက်ရေတွင်း အနက်ပေ ၄၀၀ တစ်တွင်း၊ စက်ပစ္စည်းစုံ ကျပ် ၅၀၀၀၀၀၊ လေးလက်မစက်ရေတွင်း အနက်ပေ ၂၀၀ တစ်တွင်း စက်ပစ္စည်းစုံ ကျပ် ၅၀၀၀၀၀ နှုန်းဖြင့် လှူဒါန်းနိုင်သည်။

ရေလှူဒါန်းခြင်းဖြင့် လျင်မြန်ခြင်း၊ သန့်ရှင်းစင်ကြယ်ခြင်း၊ ကျော်ကြားလူသိများခြင်း၊ ဆာလောင်မွတ်သိပ်မှုကင်းခြင်း၊ အခြွေအရံများခြင်း၊ အသက်ရှည်ခြင်း၊ အဆင်းလှခြင်း၊ ချမ်းသာကြီးခြင်း၊ ခွန်အားဗလကြီးခြင်းနှင့် ဉာဏ်ပညာကြီးမားခြင်းဟူသည့် ရေအကျိုး၁၀ပါးကိုဆုမတောင်းဘဲရရှိနိုင်သည်ဖြစ်ရာ စက်ရေတွင်း လှူဒါန်းလိုသူများသည် ညွှန်ကြားရေးမှူးချုပ် ဖုန်း–၀၁–၂၄၅၄၂၀၊ ၂၅၃၀၈၈၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဖုန်း–၀၁–၂၄၀၁၁၈၊ ဒုတိယညွှန်ကြားရေးမှူးချုပ်(အင်ဂျင်နီယာ) ဖုန်း–၀၁–၂၉၁၇၆၇၊ ညွှန်ကြားရေးမှူး(စစ်ကိုင်းတိုင်းစည်ပင်သာယာရေးအဖွဲ့) ဖုန်း–၀၇၁–၂၁၀၁၂၊ ညွှန်ကြားရေးမှူး (မကွေးတိုင်းစည်ပင်သာယာရေးအဖွဲ့) ဖုန်း–၀၆၃–၂၃၁၆၄၊ ညွှန်ကြားရေးမှူး(မန္တလေးတိုင်းစည်ပင်သာယာရေးအဖွဲ့) ဖုန်း–၀၂–၅၄၆၅၇ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်သည်။

(သတင်းစဉ်)

ရန်ကုန်မြို့ လသာမြို့နယ် ၁၇လမ်း အမှတ်(၄၁)နေအေါ်ရှုလွမ်အားရည်စူး၍ သားသမီးမြေးတစ်စုတို့က သုံးထပ်ဘိုးဘွားဆေးရုံသစ်ကြီး တည်ဆောက်ရန်အတွက် ငွေကျပ် ၂၃၄၀၀၀ ကို နှင်းဆီကုန်းဘိုးဘွား ရိပ်သာအုပ်ချုပ်ရေးအဖွဲ့ အတွင်းရေးမှူးဗိုလ်မှူးအောင်သန်း(ငြိမ်း)သို့ ဇူလိုင် ၃၀ရက်က ပေးအပ်လှူဒါန်းစဉ်။ (က–ပ)



✧ ကျောဖုံးမှ

ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ် ဆမ်ဒက်ဟွန်ဆင်တို့သည် ဂုဏ်ပြုတပ်ဖွဲ့ကို ကြည့်ရှုစစ်ဆေးကြသည်။

ယင်းနောက် ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ် ဆမ်ဒက်ဟွန်ဆင်က နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်အား ၎င်းနှင့်အတူ ကြိုဆိုနှုတ်ဆက်ကြသည့် ဒုတိယဝန်ကြီးချုပ်များ၊ ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် အဆင့်မြင့်အရာရှိများနှင့် မိတ်ဆက်ပေးသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် စောင့်ကြိုနှုတ်ဆက်ကြသည့် ကမ္ဘောဒီးယားနိုင်ငံဆိုင်ရာ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ ကမ္ဘောဒီးယားနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဒေါက်တာအောင်နိုင်နှင့် ဇနီး ဒေါ်အေးမိနှင့် သံရုံးဝန်ထမ်းများနှင့် မိသားစုများ၊ နှစ်နိုင်ငံအလံငယ်များ ဝှေ့ယမ်းကြိုဆိုကြသည့် ကမ္ဘောဒီးယား ကျောင်းသား၊ ကျောင်းသူများ၊ ပြည်သူများကို လိုက်လံနှုတ်ဆက်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ဂုဏ်ပြုကြိုဆိုပွဲ အခမ်းအနားအပြီးတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ် ဆမ်ဒက်ဟွန်ဆင်နှင့်အတူ ဖနောင်ပင်မြို့ ဝန်ကြီးများရုံးသို့ ရောက်ရှိကြသည်။

ပြည်ထောင်စု မြန်မာနိုင်ငံတော်-နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်အား ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ် ဆမ်ဒက်ဟွန်ဆင်က ဂုဏ်ပြုကြိုဆိုပွဲ အခမ်းအနားတွင် ၎င်းနှင့်အတူ ကြိုဆိုနှုတ်ဆက်ကြသည့် ဒုတိယဝန်ကြီးချုပ်များ၊ ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ အဆင့်မြင့်အရာရှိများနှင့် မိတ်ဆက်ပေးစဉ်။ (သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် မြန်မာချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ်နှင့် ပြည်သူများက ဖနောင်ပင်မြို့ အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကြိုဆို

ပြည်ထောင်စု မြန်မာနိုင်ငံတော်-နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်အား ကမ္ဘောဒီးယားနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီးနှင့် သံရုံးဝန်ထမ်းများ၊ မိသားစုများ ဖနောင်ပင်မြို့ အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြစဉ်။ (သတင်းစဉ်)

ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေး၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ပြည့်စုံ၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဝင်းအောင်၊ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးတင်လှိုင်၊ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း၊ ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာနနှင့် ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်ဝင်း၊ ကမ္ဘောဒီးယားနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဒေါက်တာအောင်နိုင်နှင့် ဌာနဆိုင်ရာ အကြီးအကဲများ တက်ရောက်ကြသည်။

တက်ရောက်

ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ် ဆမ်ဒက်ဟွန်ဆင်နှင့်အတူ ဒုတိယဝန်ကြီးချုပ်နှင့် ဝန်ကြီးချုပ်ရုံး ဝန်ကြီး Mr. Sok An နှင့် ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး Mr. Hor Nanthong ၊ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး၊ ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး၊ ခရီးသွားလုပ်ငန်းဌာန ဝန်ကြီး၊ ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ ကမ္ဘောဒီးယားနိုင်ငံသံအမတ်ကြီးနှင့် အဆင့်မြင့်အရာရှိများ တက်ရောက်ကြသည်။

စာမျက်နှာ ၈ ကော်လံ ၁ သို့ ●

ပြည်ထောင်စု မြန်မာနိုင်ငံတော်-နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်နှင့် မြန်မာချစ်ကြည်ရေး ကိုယ်စားလှယ် အဖွဲ့ဝင်များအား ကမ္ဘောဒီးယားနိုင်ငံ ဖနောင်ပင်မြို့ အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကမ္ဘောဒီးယား ကျောင်းသား၊ ကျောင်းသူများနှင့် ပြည်သူများ နှစ်နိုင်ငံ အလံငယ်များ ဝှေ့ယမ်းပြီး ကြိုဆိုနှုတ်ဆက်ကြစဉ်။ (သတင်းစဉ်)

သီးသန့်တွေ့ဆုံ

ရှေးဦးစွာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ် ဆမ်ဒက်ဟွန်ဆင်တို့သည် ဝန်ကြီးများရုံး ဧည့်ခန်းမ၌ သီးသန့်တွေ့ဆုံကြသည်။

အဆိုပါ တွေ့ဆုံပွဲသို့ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေး၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဝင်းအောင်၊ ဒုတိယဝန်ကြီး ဦးခင်မောင်ဝင်း၊ ကမ္ဘောဒီးယားနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံ သံအမတ်ကြီး ဒေါက်တာအောင်နိုင်တို့လည်း တက်ရောက်ကြသည်။

တွေ့ဆုံဆွေးနွေး

ဆက်လက်၍ ပြည်ထောင်စုမြန်မာနိုင်ငံတော်နှင့် ကမ္ဘောဒီးယားနိုင်ငံ နှစ်နိုင်ငံ တွေ့ဆုံဆွေးနွေးပွဲကို ဝန်ကြီးများရုံး အစည်းအဝေးခန်းမ၌ မွန်းတည့် ၁၂နာရီတွင် ကျင်းပသည်။

အဆိုပါ အစည်းအဝေးသို့ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အတူ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)

● စာမျက်နှာ ၇ မှ

ယင်းသို့တွေ့ဆုံရာ၌ နှစ်နိုင်ငံ ဝန်ကြီးချုပ်တို့သည် နှစ်နိုင်ငံ အကျိုးတူကိစ္စရပ်များနှင့် နိုင်ငံတကာကိစ္စရပ်များအပေါ် အပြန်အလှန် ရင်းနှီးပွင့်လင်းစွာ အမြင်ချင်း ညှိနှိုင်းဖလှယ်ဆွေးနွေးကြသည်။ ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ်က အာဆီယံအဖွဲ့ ခိုင်မာစွာ ပေါင်းစည်းဖြစ်ပေါ်ရေး (ASEAN Integration) နှင့်စပ်လျဉ်း၍ အားထည့်လုပ်ကိုင်ဆောင်ရွက်နိုင်သည်များကို မိမိတို့ နှစ်နိုင်ငံ ပူးပေါင်းလုပ်ကိုင်သွားမည်ဖြစ်ကြောင်း၊ အာရှ-ဥရောပ ထိပ်သီးအစည်းအဝေး၌ အာဆီယံနိုင်ငံများအကြား အဆင့်အတန်းခွဲခြားမှုမရှိ၊ အဖွဲ့ဝင်နိုင်ငံအားလုံး အဆင့်အတန်းတူ ပါဝင်နိုင်ရေးကို မိမိတို့ အခိုင်အမာရပ်တည်ထားကြောင်း ပြောကြားသည်။

၎င်းပြင် ကမ္ဘောဒီးယားနိုင်ငံနှင့် မြန်မာနိုင်ငံအကြား အစဉ်အလာချစ်ကြည်ရင်းနှီးမှု၊ အပြန်အလှန် နားလည်မှုနှင့် ပူးပေါင်းဆောင်ရွက်မှုတို့ကို တိုးမြှင့်တည်ဆောက်ရင်း ဒေသအတွင်း တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးရေးတို့အတွက် အလေးထားပူးပေါင်းအကောင်အထည်ဖော်သွားကြရမှာဖြစ်ကြောင်းဖြင့် ရှင်းလင်းပြောကြားသည်။

တန်ဖိုးထားကျေးဇူးတင်

ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က နှစ်နိုင်ငံအကြား ဖြစ်ထွန်းလျက်ရှိသောဆက်ဆံရေးနှင့် ရင်းနှီးစွာပူးပေါင်းဆောင်ရွက်ရေးများအပေါ် ကျေနပ်အားရကြောင်း၊ ယနေ့ ဆွေးနွေးရမှုများသည် ရင်းနှီးမှုရှိပြီး နှစ်နိုင်ငံစလုံးအတွက် အကျိုးရှိကြောင်း၊ မြန်မာနိုင်ငံ၏ ဖြစ်ပေါ်တိုးတက်မှုအခြေအနေကို နားလည်မှုရှိစွာ ထောက်ခံအားပေးမှုပြုသည့်အတွက်လည်း မိမိတို့တန်ဖိုးထားကျေးဇူးတင်ပါကြောင်း၊ ဒေသအတွင်း သာယာဝပြောရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး၊ အာဆီယံအဖွဲ့အတွင်း သွေးစည်းညီညွတ်ရေးနှင့် ခိုင်မာတောင့်တင်းရေးအတွက် အခြားအာဆီယံနိုင်ငံများနှင့်အတူ မိမိတို့နှစ်နိုင်ငံ ဆက်လက်လက်တွဲ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်းဖြင့် ရှင်းလင်းပြောကြားသည်။

တွေ့ဆုံဆွေးနွေးပွဲအပြီးတွင် နှစ်နိုင်ငံဝန်ကြီးချုပ်များသည် အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန် ပေးအပ်ကြသည်။

ဂုဏ်ပြုနေ့လယ်စာတည်ခင်း

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် မြန်မာချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များအား ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ် ဆမ်ဒက်ဟွန်ဆင်က ဖနောင်ပင်မြို့ Raffles Hotel Le Royal ၌ ဂုဏ်ပြုနေ့လယ်စာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

ခင်မင်ရင်းနှီးစွာ တွေ့ဆုံ

ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့် ဦးဆောင်သော မြန်မာချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များအား ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ် ဆမ်ဒက်ဟွန်ဆင်က ဖနောင်ပင်မြို့ Raffles Hotel Le Royal ၌ တည်ခင်းဧည့်ခံသော ဂုဏ်ပြုနေ့လယ်စာ စားပွဲတွင် နှစ်နိုင်ငံဝန်ကြီးချုပ်နှစ်ဦး ခင်မင်ရင်းနှီးစွာ တွေ့ဆုံကြစဉ်။(သတင်းစဉ်)

အစဉ်အလာ ချစ်ကြည်ရင်းနှီးမှု၊ အပြန်အလှန် နားလည်မှုနှင့် ပူးပေါင်းဆောင်ရွက်မှုတို့ကို တိုးမြှင့်တည်ဆောက်ရင်း ဒေသအတွင်း တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးရေးအတွက် အလေးထား ပူးပေါင်းအကောင်အထည်ဖော်သွားကြရမည်

အဆိုပါ ဂုဏ်ပြုနေ့လယ်စာစားပွဲသို့ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ် ဆမ်ဒက်ဟွန်ဆင်၊ မြန်မာချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များ၊ ကမ္ဘောဒီးယားနိုင်ငံ ဒုတိယဝန်ကြီးချုပ်များ၊ ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ ကမ္ဘောဒီးယားနိုင်ငံ သံအမတ်ကြီး၊ အဆင့်မြင့်အရာရှိကြီးများနှင့် ကမ္ဘောဒီးယားနိုင်ငံဆိုင်ရာ အာဆီယံနိုင်ငံများမှ သံအမတ်ကြီးများတက်ရောက်ကြသည်။

ဂုဏ်ပြုနေ့လယ်စာ စားပွဲတွင် နှစ်နိုင်ငံဝန်ကြီးချုပ်များသည် အပြန်အလှန်ဆုမွန်ကောင်းများ တောင်းကြသည်။

နေ့လယ်စာသုံးဆောင်နေစဉ် ကမ္ဘောဒီးယားရိုးရာယဉ်ကျေးမှုအဆို အတီးများဖြင့် ဧည့်ခံဖြေဖျော်ကြသည်။

အလံငယ်များဝှေ့ယမ်းနှုတ်ဆက်

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ရန်ကုန်မြို့သို့ ပြန်လည်ထွက်ခွာရန် ညနေ ၄ နာရီ ၁၅ မိနစ်တွင် ဖနောင်ပင်မြို့ အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိကြရာ လေဆိပ်အဝင်လမ်းတစ်လျှောက် လမ်းဘေး ဝဲ/ယာတို့မှ ကျောင်းသား၊ ကျောင်းသူများက နှစ်နိုင်ငံအလံငယ်များ ဝှေ့ယမ်းနှုတ်ဆက်ကြသည်။

ထို့နောက် ပို့ဆောင်နှုတ်ဆက်သည့်အခမ်းအနားကိုကျင်းပရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်နှင့် ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ် ဆမ်ဒက်ဟွန်ဆင်တို့သည် ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကိုခံယူကြရာ နိုင်ငံတော်တီးဝိုင်းက ကမ္ဘောဒီးယားနိုင်ငံတော်သီချင်းနှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်သီချင်းတို့ကို တီးမှုတ်ကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် လေဆိပ်သို့ပို့ဆောင်နှုတ်ဆက်ကြသည့် ကမ္ဘောဒီးယားနိုင်ငံ ဒုတိယဝန်ကြီးချုပ်များ၊ ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ အဆင့်မြင့်အရာရှိကြီးများ၊ သံအမတ်ကြီးများ၊ မြန်မာနိုင်ငံသံအမတ်ကြီး၊ ဇနီးနှင့်သံရုံးဝန်ထမ်းများ၊ မိသားစုများ၊ ကျောင်းသား၊ ကျောင်းသူများ၊ ဒေသခံပြည်သူများကို ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ယင်းနောက် လေယာဉ်လှေကားရင်းထိ လိုက်ပါပို့ဆောင်သည့် ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ် ဆမ်ဒက်ဟွန်ဆင်ကို ရင်းရင်းနှီးနှီးနှုတ်ဆက်ကာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် အပြည်ပြည်ဆိုင်ရာမြန်မာလေကြောင်း အထူးလေယာဉ်ဖြင့် ကမ္ဘောဒီးယားနိုင်ငံ ဖနောင်ပင်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ထွက်ခွာ လာကြရာ ရန်ကုန်မြို့သို့ ညနေပိုင်းတွင် ပြန်လည်ရောက်ရှိကြသည်။

(သတင်းစဉ်)

ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ဦးဆောင်သော မြန်မာချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များနှင့် ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ် ဆမ်ဒက်ဟွန်ဆင် ဦးဆောင်သော အဖွဲ့ဝင်များ၏ နှစ်နိုင်ငံတွေ့ဆုံဆွေးနွေးပွဲကို ဖနောင်ပင်မြို့ ဝန်ကြီးများရုံး အစည်းအဝေးခန်းမ၌ကျင်းပစဉ်။ (သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်၏ ကမ္ဘောဒီးယားနိုင်ငံ ချစ်ကြည်ရေးခရီးစဉ်

နှစ်နိုင်ငံ အကျိုးတူကိစ္စရပ်များနှင့် နိုင်ငံတကာ ကိစ္စရပ်များအပေါ် ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်

ပြည်ထောင်စု မြန်မာနိုင်ငံတော်-နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်အား ကမ္ဘောဒီးယားနိုင်ငံ ခေတ္တ နိုင်ငံတော်အကြီးအကဲ၊ ဆီးနိတ်ဥက္ကဋ္ဌ မစ္စတာ ဆမ်ဒက်ချီဆင် ဖနောင်ပင်မြို့ ကမ္ဘောဒီးယားနိုင်ငံ ဆီးနိတ်အဆောက်အအုံသြော်ခန်းမ၌ ခင်မင်ရင်းနှီးစွာ လက်ခံတွေ့ဆုံပြီး အမှတ်တရလက်ဆောင်ပစ္စည်း ပေးအပ်စဉ်။ (သတင်းစဉ်)

ပြည်ထောင်စု မြန်မာနိုင်ငံတော်-နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ် ဆမ်ဒက်ဟွန်ဆင်တို့ ဂုဏ်ပြုကြိုဆိုပွဲ အခမ်းအနားတွင် ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကို ခံယူကြစဉ်။ (သတင်းစဉ်)

ပြည်ထောင်စု မြန်မာနိုင်ငံတော်-နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ် ဆမ်ဒက်ဟွန်ဆင်တို့ နှစ်နိုင်ငံ တွေ့ဆုံဆွေးနွေးပွဲအပြီးတွင် အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန် ပေးအပ်ကြစဉ်။ (သတင်းစဉ်)

အမှတ်တရလက်ဆောင် အပြန်အလှန် ပေးအပ်

ပြည်ထောင်စု မြန်မာနိုင်ငံတော်-နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ် ဆမ်ဒက်ဟွန်ဆင်တို့ နှစ်နိုင်ငံ တွေ့ဆုံဆွေးနွေးပွဲအပြီးတွင် အမှတ်တရ လက်ဆောင်ပစ္စည်းများ အပြန်အလှန် ပေးအပ်ကြစဉ်။ (သတင်းစဉ်)

ဩဂုတ် ၁၀ရက်က ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ် ဆမ်ဒက်ဟွန်ဆင်တို့ မြန်မာချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား ပို့ဆောင်နှုတ်ဆက်သည့် အခမ်းအနားတွင် ဂုဏ်ပြုတပ်ဖွဲ့၏အလေးပြုခြင်းကို ခံယူကြစဉ်။ (သတင်း-ကျော်ဖုံး) (သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်အား ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ်က လေဆိပ်သို့ ပို့ဆောင်နှုတ်ဆက်

ဩဂုတ် ၁၀ရက်က ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်အား ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ် ဆမ်ဒက်ဟွန်ဆင်က ပို့ဆောင်နှုတ်ဆက်သည့်အခမ်းအနားတွင် ဂုဏ်ပြုတပ်ဖွဲ့က အလေးပြုနေစဉ်။ (သတင်း-ကျော်ဖုံး) (သတင်းစဉ်)

ရင်းနှီးခင်မင်စွာ နှုတ်ဆက်

ဩဂုတ်၁၀ရက်က ပြည်ထောင်စုမြန်မာနိုင်ငံတော် - နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ဖနောင်ပင်လေဆိပ်သို့ လိုက်ပါပို့ဆောင်နှုတ်ဆက်သည့် ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ် ဆမ်ဒက်ဟွန်ဆင်အား ရင်းနှီးခင်မင်စွာနှုတ်ဆက်စဉ်။ (သတင်း-ကျော်ဖုံး) (သတင်းစဉ်)

မှတ်သားဖွယ်ရာ မိုးရေချိန်များ

(၁၂-၈-၂၀၀၄)

ကျောက်ဖြူ	-	၇	ဒသမ	၃၆	လက်မ
မောင်တော	-	၆	ဒသမ	၆၅	လက်မ
ကျောက်တော်	-	၅	ဒသမ	၇၅	လက်မ
စစ်တွေ	-	၄	ဒသမ	၈၈	လက်မ
အမ်း	-	၃	ဒသမ	၁၅	လက်မ

ရန်ကုန်မိုးရေချိန်

(၁၂-၈-၂၀၀၄)

ကမ္ဘာအေး	-	၀	ဒသမ	၄၇	လက်မ
မင်္ဂလာဒုံ	-	၀	ဒသမ	၄၀	လက်မ
ရန်ကုန်မြို့လယ်	-	၀	ဒသမ	၃၆	လက်မ

အင်းစိန် အလက(၈) လင်းရောင်ခြည် စာကြည့်တိုက်ဖွင့်ပွဲ အခမ်းအနားကို ဩဂုတ် ၁၁ရက်ကကျင်းပရာ ရန်ကုန်မြောက်ပိုင်းခရိုင် ပညာရေးမှူး ဦးရန်နောင်၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးမြတ်သူ၊ ရန်ကုန်မြောက်ပိုင်းခရိုင် ပြန်/ဆက်ဦးစီးမှူး ဦးတင်မောင်လွင်နှင့် ကျောင်းအုပ်ဆရာမကြီးဒေါ်ခင်သိန်းတို့ ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးစဉ်။(ခရိုင်ပြန်/ဆက်)



မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၁၃-၈-၂၀၀၄ (သောကြာနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ **ကျေးဇူးရှင် မင်းကွန်းဆရာတော်ကြီး၊ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ်၊ အဘိဓဇ မဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိက၊ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်**
၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
၇:၅၀ ၅။ လှုပ်ရှားပုံပြင်စိတ်ပျော်ရွှင်
၈:၀၀ ၆။ အတီးပြိုင်ပွဲ
၈:၁၀ ၇။ ကြေးမုံရိပ်သွင်တေးနုယဉ်
၈:၂၀ ၈။ ရှမ်းပြည်နယ်တောင်ပိုင်း လင်းခေးတံတား
၈:၃၀ ၉။ International News.
၈:၄၅ ၁၀။ English for Everyday Use.
၉:၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

၄:၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၄:၃၀ ၃။ Practice in Reading.
၄:၄၅ ၄။ တေးဂီတအစီအစဉ်
၅:၀၀ ၅။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ - တတိယနှစ် (သင်္ချာအထူးပြု) (သင်္ချာ)
၅:၁၅ ၆။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
၅:၃၀ ၇။ အကပြိုင်ပွဲ
၅:၄၀ ၈။ နည်းစနစ်မှန်မှန် အားကစားအခြေခံ
၅:၅၀ ၉။ **သစ်ဆိမ့်ဖူးစာ (သျှားညီ၊မိုးဒီ၊ခိုင်နှင်းဝေ၊ မြင့်မြင့်ခိုင်) (ဒါရိုက်တာ-ကြည်စိုးထွန်း)**
၆:၀၀ ၁၀။ ရန်ကုန်တိုင်းပေါင်းလင်း (ငမိုးရိပ်ရေကူ)ရေလှောင်တမံ
၆:၁၀ ၁၁။ တေးဂီတအစီအစဉ်
၆:၂၀ ၁၂။ Discovery.
၆:၃၀ ၁၃။ ညနေခင်းသတင်း
၇:၀၀ ၁၄။ မိုးလေဝသအခြေအနေ
၇:၀၅ ၁၅။ **နိုင်ငံခြားဇာတ်လမ်းတွဲ လူချွန်လူကောင်း(အပိုင်း-၂)**
၇:၃၅ ၁၆။ နှောင်းခေတ်တေးပဒေသာ
၇:၄၅ ၁၇။ ကျေးလက်ဒေသတစ်ခွင် အလှဆင်
၈:၀၀ ၁၈။ ပြည်တွင်းသတင်း
၁၉။ နိုင်ငံတကာသတင်းများ
၂၀။ မိုးလေဝသအခြေအနေ
၂၁။ **မြန်မာဗီဒီယိုဇာတ်လမ်း ကောန်စင်စစ်အချစ်စစ်ဖြစ်လျှင် (မင်းမော်ကွန်း၊ အိန္ဒြာကျော်ဇင်) (ဒါရိုက်တာ-စိုးကျော်ဆန်း)**
၂၂။ နောက်တစ်နေ့အစီအစဉ်
၂၃။ အစီအစဉ်ပြီး၏။

ကချင်ပြည်နယ် မိုးစပါးထွန်တုံးပိတ်ပွဲကျင်းပ တိုင်းမှူးဗိုလ်ချုပ်မောင်မောင်ဆွေတက်ရောက်ဆုချီးမြှင့်

ရန်ကုန်　ဩဂုတ်　၁၂

၂၀၀၄–၂၀၀၅ခုနှစ် ကချင်ပြည်နယ်မိုးစပါးရေတော်မိုးတော် ထွန်တုံးပိတ်ပွဲနှင့် ပြည်နယ်အဆင့်ကောက်စိုက်စွမ်းရည်ပြိုင်ပွဲ အခမ်းအနားကို ဩဂုတ် ၁၁ ရက် နံနက် ၉နာရီက မြစ်ကြီးနားမြို့ တပ်ကုန်းကျေးရွာ၌ ကျင်းပရာ အခမ်းအနားသို့ ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မောင်မောင်ဆွေနှင့် ဇနီး၊ မြစ်ကြီးနားလေတပ်စခန်းဌာနချုပ် ဌာနချုပ်မှူး ဗိုလ်မှူးချုပ်ဇော်ထွန်း၊ တိုင်းစစ်ဌာနချုပ်မှ ဦးစီးအရာရှိကြီးများ၊ ပြည်နယ်အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီးမောင်မြို့နှင့် အဖွဲ့ဝင်များ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြစ်ကြီးနားခရိုင်နှင့် မြို့နယ်ဥက္ကဋ္ဌများနှင့်ရပ်ကွက်၊ ကျေးရွာဥက္ကဋ္ဌများ၊ လူမှုရေးအသင်းအဖွဲ့များ၊ သူနာပြုသင်တန်းကျောင်းနှင့် ပညာရေးကောလိပ်မှ သင်တန်းသူများ၊ ဒေသခံပြည်သူများနှင့် တောင်သူများ၊ ပြိုင်ပွဲဝင်ကောက်စိုက်အဖွဲ့ ၁၃ဖွဲ့မှ ကောက်စိုက်လုံမေများ တက်ရောက်ကြသည်။

ပြိုင်ပွဲအပြီးတွင် ဆုများကို ပေးအပ်ချီးမြှင့်ရာ တိုင်းမှူး ဗိုလ်ချုပ်မောင်မောင်ဆွေက ပထမဆုရ ကချင်ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့အား ဂုဏ်ပြုဆုငွေနှင့် ဆုဖလားကိုလည်းကောင်း၊ တိုင်းမှူး၏ဇနီးနှင့်တာဝန်ရှိသူများက ဒုတိယဆုရ မြစ်ကြီးနားမြို့နယ်အသင်းနှင့် တတိယဆုရ ဖားကန့်မြို့နယ်အသင်းအား ဂုဏ်ပြုဆုငွေများကိုလည်းကောင်း၊ မြစ်ကြီးနားလေတပ်စခန်းဌာနချုပ် ဌာနချုပ်မှူး ဗိုလ်မှူးချုပ်ဇော်ထွန်းနှင့်တာဝန်ရှိသူများက ဒိုင်အဖွဲ့ဆု၊ ဖျော်ဖြေရေးဆုနှင့် ကောက်စိုက်လုံမေဝတ်စုံများကိုလည်းကောင်း အသီးသီးပေးအပ်ချီးမြှင့်ကြပြီးအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ကချင်ပြည်နယ်အတွင်း ၂၀၀၄–၂၀၀၅ခုနှစ်၌ မိုးစပါးစိုက်ပျိုးပြီးစီးမှုမှာ ၃၈၆၂၀၂ဧကဖြစ်ပြီး လျာထားချက်၏ ၉၇ဒသမ၀၄ ရာခိုင်နှုန်းစိုက်ပျိုးပြီးဖြစ်ကြောင်း သိရသည်။ (သတင်းစဉ်)

မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ ဥက္ကဋ္ဌ၊ အားကစားဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ် သူရအေးမြင့် ဒုတိယအကြိမ် အိုလံပစ်ကော်မတီ ဥက္ကဋ္ဌဖလား သိုင်းပြိုင်ပွဲတွင် ဗိုလ်စွဲသွားသော ကာကွယ်ရေးဝန်ကြီးဌာန သိုင်းအသင်းအား စွယ်စုံတံခွန်စိုက် ဆုဖလားချီးမြှင့်စဉ်။ (ကြေးမုံ)

အိုလံပစ်ကော်မတီဥက္ကဋ္ဌဖလားသိုင်းပြိုင်ပွဲ ကာကွယ်ရေးဝန်ကြီးဌာနအသင်း ဗိုလ်စွဲ

ရန်ကုန် ဩဂုတ် ၁၂

၂၀၀၄ခုနှစ် ဒုတိယအကြိမ် မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌဖလား သိုင်းပြိုင်ပွဲနှင့် (၂၁)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း သိုင်းပြိုင်ပွဲဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ယမန်နေ့ မွန်းလွဲ၂နာရီခွဲက အောင်ဆန်းအားကစားပြိုင်ဝင်း မိုးလုံလေလုံ အားကစားပြိုင်ပွဲရုံ၌ကျင်းပသည်။

ဗိုလ်လုပွဲအပြီးတွင် ဆုချီးမြှင့်ပွဲကို ဆက်လက်ကျင်းပရာ ဆုရသူများအား အားကစားဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ်မှ ဦးဆောင်နာယကအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံသိုင်းအဖွဲ့ချုပ်မှ တာဝန်ရှိသူတို့ကဆုများချီးမြှင့်သည်။

ဆက်လက်၍အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်က အမျိုးသားအကောင်းဆုံးဆုရ ရဲထွဋ်(စက်မှု–၁)၊ ပြည်နယ်နှင့်တိုင်း လက်သိုင်းအတိုက်ပြိုင်ပွဲတွင်တံခွန်စိုက်ဒိုင်းဆုရ ကချင်ပြည်နယ်အသင်း၊ ပြည်နယ်နှင့်တိုင်း စွမ်းရည်ပြိုင်ပွဲတွင် တံခွန်စိုက်ဒိုင်းဆုရ ရှမ်းပြည်နယ်(တောင်ပိုင်း)အသင်း၊ အိုလံပစ်ကော်မတီဥက္ကဋ္ဌဖလား တတိယဆုရ ဒဂုံမင်းစစ်နိုင်အသင်း၊ ဒုတိယဆုရ အမှတ်(၁)စက်မှုဝန်ကြီးဌာန အသင်းတို့အား ဆုများချီးမြှင့်သည်။

ထို့နောက်မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်က ပြည်နယ်နှင့်တိုင်း စွယ်စုံတံခွန်စိုက်ဒိုင်းဆုရရှိသော ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်း) အသင်းတို့အားလည်းကောင်း၊ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌဖလား တံခွန်စိုက်သိုင်းပြိုင်ပွဲ စွယ်စုံတံခွန်စိုက်ဒိုင်းဆုရ ကာကွယ်ရေးဝန်ကြီးဌာန အသင်းအားလည်းကောင်း စွယ်စုံတံခွန်စိုက်ဆုဖလားချီးမြှင့်သည်။

ဆက်လက်၍ ဝန်ကြီးက ပြိုင်ပွဲကြီးကြပ်ကျင်းပပေးခဲ့သော သိုင်းပညာရှင်ကြီးများအား ဝတ်စုံနှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်သည်။ (ကြေးမုံ)

ညှော်လမ်းညွှန်သင်တန်းဝင်ခွင့် ရေးဖြေစာမေးပွဲကျင်းပမည်

ရန်ကုန် ဩဂုတ် ၁၂

ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှု ဦးစီးဌာနသို့ ဧည့်လမ်းညွှန် အခြေခံ သင်တန်း တက်ရောက်ရန်အတွက် အင်္ဂလိပ်ဘာသာစကားမှလွဲ၍ အခြားဘာသာစကားများ (ဂျပန်၊ ဂျာမနီ၊ ပြင်သစ်၊ အီတလီ၊ တရုတ်၊ ထိုင်း၊ ကိုရီးယား၊ ရုရှား) ဖြင့် လျှောက်ထားသူများအား သင်တန်းဝင်ခွင့်ရေးဖြေစာမေးပွဲ (အင်္ဂလိပ်စာ) အခြေခံရေးဖြေဆန်းစစ်ခြင်းကို ဩဂုတ် ၁၅ရက်တွင် ဟိုတယ်နှင့် ခရီးသွားလာရေးသင်တန်းကျောင်းများ၌ ကျင်းပမည် ဖြစ်သည်။

လျှောက်ထားပြီးသူများ အနေဖြင့် ဝင်ခွင့် စာမေးပွဲဖြေဆိုရန် ဩဂုတ် ၁၃ ရက် နောက်ဆုံးထား၍ ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန ခရီးသွားလာရေးလုပ်ငန်း ကြီးကြပ်မှုဌာနခွဲ အမှတ်(၇၇/၉၁) ဆူးလေဘုရားလမ်း ရန်ကုန်မြို့သို့ လာရောက် သတင်းပေးပို့ရမည်ဖြစ်သည်။ (သတင်းစဉ်)

မြန်မာပြည်တွင်းပတ်လည်ဂေါက်သီးရိုက်ပြိုင်ပွဲ၏ ပထမပွဲစဉ်အဖြစ် Shwesaryan Open Golf Championship ပြိုင်ပွဲဖွင့်ပွဲတွင် MPGA နှင့် MGF ဥက္ကဋ္ဌဦးဝင်းလှိုင်က ဂေါက်သီးရိုက်၍ ပြိုင်ပွဲကို ဖွင့်လှစ်ပေးစဉ်။ (ဂေါက်သီးရိုက်အဖွဲ့ချုပ်)

ပြည်တွင်းပတ်လည် ဂေါက်သီးရိုက်ပြိုင်ပွဲ ပထမပွဲစဉ်ဖွင့်ပွဲ မန္တလေးမြို့၌ ကျင်းပ

ရန်ကုန် ဩဂုတ် ၁၂

Myanmar P.G.A နှင့် မြန်မာနိုင်ငံ ဂေါက်သီးရိုက်အဖွဲ့ချုပ်တို့က ကြီးမှူး၍ မြန်မာပြည်တွင်း ပတ်လည်ဂေါက်သီးရိုက်ပြိုင်ပွဲ၏ ပထမပွဲစဉ်အဖြစ် Shwesaryan Open Golf Championship ဂေါက်သီးရိုက်ပြိုင်ပွဲဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၇နာရီတွင် မန္တလေးမြို့ Shwesaryan Golf Resort ၌ ကျင်းပသည်။

ဖွင့်ပွဲတွင် ပြိုင်ပွဲဝင် ဂေါက်သီးရိုက်အားကစားသမားများသည် သတ်မှတ်ထားသည့် တီခုံအမှတ်(၁)၌ နေရာယူကြပြီး MPGA နှင့် MGF ဥက္ကဋ္ဌ ဦးဝင်းလှိုင်၊ Rothmans of Pall Mall Myanmar Pte., Ltd. မန်နေဂျင်းဒါရိုက်တာ Mr. Arend Ng နှင့် KM Golf Centre ဒါရိုက်တာ ဦးသိန်းတန်ဆွေတို့က အလှည့်ကျ ဂေါက်သီးရိုက်၍ ပြိုင်ပွဲကို ဖွင့်လှစ်ပေးကြပြီး ပထမနေ့ (၁၈)ကျင်းပြိုင်ပွဲကို စတင်ကျင်းပသည်။

ပထမနေ့(၁၈)ကျင်းပြိုင်ပွဲအပြီးတွင် Professional Golfers ပြိုင်ပွဲ၌ စိုးကျော်နိုင်(Pan-West)က သတ်မှတ်ရိုက်ချက်ထက် တစ်ချက်လျော့ရိုက်ပြီး ၇၁ချက်ဖြင့် ဦးဆောင်ကစားလျက်ရှိသည်။

အောင်လှဟန် (Wilson)နှင့် ဇော်ဇော်လတ်(Pan-West)တို့က ၇၃ချက်စီဖြင့်ဒုတိယလိုက်ပြီးမင်းနိုင်(Srixon) နှင့် ဇော်ဦး(Wilson)တို့က ၇၄ချက်စီဖြင့် တတိယလိုက်နေကြသည်။

အမျိုးသား အပျော်တမ်းပြိုင်ပွဲတွင် အောင်အောင်ကျော်က ၇၂ချက်ဖြင့် ဦးဆောင်ကစားလျက်ရှိသည်။

မောင်လတ်က ၇၃ချက်ဖြင့် ဒုတိယလိုက်နေပြီး ဘိုဘိုလေးက ၇၄ချက်ဖြင့် တတိယလိုက်နေသည်။

ကူညီပံ့ပိုး

ယင်းပြိုင်ပွဲကို Tours Sponsor အဖြစ် Rothmans of Pall Mall Myanmar Pte., Ltd.ကဖြစ်ပြီး Co-Sponsors များဖြစ်ကြသော Air Mandalay၊ Tiger Beer၊ Alpine Drinking Water၊ Htoo Trading၊ KM Golf Centre၊ Maruman၊ Tour Stage၊ Srixon၊ Wilson၊ Grandslam (Munsing Wear)၊ Accel International Co., Ltd.(Canon)၊ Sedona Hotel (Mandalay)၊ Sun Far Travels & Tours တို့ကလည်း ထပ်မံ၍ကူညီပံ့ပိုးပေးကြသည်။

ဒုတိယနေ့ (၁၈)ကျင်းပြိုင်ပွဲကို ဩဂုတ် ၁၃ရက် နံနက် ၇နာရီခွဲတွင် ယင်းဂေါက်ကွင်း၌ ဆက်လက် ကျင်းပမည်ဖြစ်သည်။

(သတင်းစဉ်)

စာကြည့်တိုက်ပညာ ဆင့်ပွားသင်တန်းဖွင့်

ရန်ကုန် ဩဂုတ် ၁၂

ရေကြည်မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူး၍စာကြည့်တိုက်ပညာဆင့်ပွားသင်တန်း ဖွင့်ပွဲနှင့် စာအုပ်လှူဒါန်းပွဲအခမ်းအနားကို ဩဂုတ် ၉ရက် နံနက် ၁၀နာရီတွင် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုံးခန်းမ၌ ကျင်းပရာ မြို့နယ်အတွင်းရှိ စာကြည့်တိုက် ၃၀မှ သင်တန်းသား ၃၀ဦးတို့ တက်ရောက်ကြသည်။

သင်တန်းဖွင့်ပွဲတွင် မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးထွန်းဦးက အမှာစကားပြောကြားပြီး ဦးစီးမှူး ဒေါ်မြစီက သင်တန်းဖွင့်လှစ်ရသည့် ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက်မြို့နယ်အတွင်းရှိ စာကြည့်တိုက်များအတွက် စာအုပ်များ လှူဒါန်းကြသည်။ (သတင်းစဉ်)

သင်္ဃန်းကျွန်းမြို့နယ်၊ အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်း၏ ကျောင်းကျန်းမာရေး သီတင်းပတ် လှုပ်ရှားဆောင်ရွက်မှုအဖြစ် ကျန်းမာရေး ပညာပေးဟောပြောပွဲ အခမ်းအနားကို ဩဂုတ်၁၂ရက်က သီရိမင်္ဂလာခန်းမ၌ကျင်းပရာ မြို့နယ်ကျန်းမာရေးဦးစီးအရာရှိ ဒေါက်တာ ဒေါ်လွင်လွင် ဟောပြောစဉ်။ (၅၀၆)

ရွှေကျင်မြစ်ရေ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင် စစ်တောင်းမြစ်ရေ စိုးရိမ်ရေမှတ်အထက်တွင်တည်ရှိ

ရန်ကုန်　ဩဂုတ်　၁၂

ရွှေကျင်မြစ်ရေသည် ရွှေကျင်မြို့တွင် ယနေ့မွန်းတည့်မှနောက် ၂၄နာရီအတွင်း (၁၅)စင်တီမီတာ (ပေ၀က်ခန့်) မြင့်တက်လာနိုင်ပြီး စိုးရိမ်ရေမှတ် စင်တီမီတာ (၇၀၀)သို့ ရောက်ရှိနိုင်သည်။

စစ်တောင်းမြစ်ရေသည် တောင်ငူမြို့တွင် (၈)စင်တီမီတာ စိုးရိမ်ရေမှတ်အထက်တွင် ရှိနေသည်။ အဆိုပါ မြစ်ရေသည် ယနေ့မွန်းတည့်မှ နောက်နှစ်ရက်အတွင်း စိုးရိမ်ရေမှတ်အထက်တွင် ဆက်လက်တည်ရှိနိုင်သည်။

စစ်တောင်းမြစ်ရေသည် မဒေါက်မြို့တွင် (၇၃)စင်တီမီတာ (၂–ပေခွဲခန့်) စိုးရိမ်ရေမှတ် အထက်တွင် ရှိနေသည်။ အဆိုပါ မြစ်ရေသည် ယနေ့မွန်းတည့်မှ နောက် လေးရက်အတွင်း စိုးရိမ်ရေမှတ် အထက်တွင် ဆက်လက် တည်ရှိနိုင်သည်။

သာကေတမြို့နယ် အမက(၁၁)တွင် ဩဂုတ်၁၂ရက်က အလှူရှင် ဦးနေလင်း–ဒေါ်စုထွေးခိုင်တို့၏သား တတိယတန်း(က)မှ မောင်ကျော်စွာဟိန်း၏ (၈)နှစ်မြောက်မွေးနေ့အဖြစ် ကျောင်းသား၊ ကျောင်းသူများအား အာဟာရ ကျွေးမွေးလှူဒါန်းစဉ်။ (က–ပ)

၂၀၀၄-၂၀၀၅ ပရီမီယာလိဂ် ပွဲစဉ်(၁)

၂၀၀၄-၂၀၀၅ ပရီမီယာလိဂ်ပြိုင်ပွဲများကို ဩဂုတ်၁၄ရက်တွင် ပြန်လည်ကျင်းပတော့မည် ဖြစ်သည်။ အသင်းတိုင်းသည် ယမန်နှစ် အားသာချက်၊ အားနည်းချက်များကို သုံးသပ်ပြီး အကောင်းဆုံးပြင်ဆင်ကာ ပြိုင်ပွဲသို့ စိတ်သစ်၊ လူသစ်ဖြင့် ယှဉ်ပြိုင်ကြမည်ဖြစ်သည်။

အထူးသဖြင့် ပရီမီယာလိဂ်တွင် နာမည်ကြီးသောအသင်းများ၏ အားပြိုင်ပွဲသည် ယခုနှစ်တွင် ပိုမိုအရှိန်မြင့်လာနိုင်ဖွယ်ရှိသည်။ ချယ်လ်ဆီးအသင်း၏ ပြင်ဆင်ပွဲကြိုးပမ်းမှုက ချန်ပီယံအာဆင်နယ်နှင့် မန်ယူတို့အတွက် စိန်ခေါ်မှုတစ်ရပ်ဖြစ်နေသည်။ ထို့အပြင် လီဗာပူးအသင်းကလည်း အာဆင်နယ်၊ မန်ယူနှင့် ချယ်လ်ဆီးတို့ကို ပခုံးယှဉ်လာနိုင်သည်။

ဩဂုတ် ၁၄ ရက်
(စနေနေ့)
မြန်မာစံတော်ချိန်ညနေ ၆း၁၅ နာရီ
စပါး(စ်)-လီဗာပူး

ယမန်နှစ်က အဆင့် (၁၄)ရသော စပါး(စ်)နှင့် အဆင့်(၄) ရသော လီဗာပူးတို့ ကစားကြမည်။ စပါး(စ်)ကွင်းမှာ ကစားမည်။

နည်းပြဆရာသစ်၊ ကစားသမားသစ်များနှင့် စပါး(စ်)သည် လီဗာပူးအသင်းကြီးကို အကြိတ်အနယ် ယှဉ်ပြိုင်ဖို့ ပြင်ဆင်ထားသည်။ စပါး(စ်)မှာ ရော်ဘီကိန်းတစ်ယောက် ဒဏ်ရာရထားသည်။ အနည်းငယ် ဟန်ချက်ပျက်နိုင်သည်။ လီဗာပူးက ရာသီအဖွင့်တွင် ရလဒ်ကောင်းရအောင် ကြိုးစားလိမ့်မည်ဖြစ်သည်။ ကွင်းသစ်ဆောက်ခွင့်ရထားသော လီဗာပူးသည် လုပ်ငန်းရှင်နှင့် အစုရှယ်ယာများ မျက်စိကြအောင် ကစားပြရမည်။ မနှစ်က အထိုင်အတိုင်းထွက်လာမည့် သဘောရှိသည်။

ပွဲဦးထွက်မှာ လီဗာပူးအနိုင်ရအောင် ကစားမည်ဖြစ်သည်။ စပါး(စ်)က အနည်းဆုံး သရေရှိအောင်ကစားဖွယ်ရှိသည်။ လီဗာပူး နိုင်ခြေရှိသည်။

ဗီလာ-ဆောက်သမ်တန်
မြန်မာစံတော်ချိန် ည ၈း၃၀နာရီ

ယမန်နှစ်က အဆင့်(၆)ရထားသော ဗီလာနှင့် အဆင့်(၁၂) ရထားသော ဆောက်သမ်တန်တို့ ကစားမည်။ ဗီလာကွင်းတွင် ကစားမည်။

ယခုနှစ်တွင် ဗီလာသည် သူ၏နောက်တန်းကို အားဖြည့်ထားသည်။ ထို့ကြောင့် စိန့်အနေဖြင့် မနှစ်က ဒုတိယအကျော့ကဲ့သို့ ကပ်နိုင်ဖို့ ခက်ပေလိမ့်မည်။ လောလောဆယ်မှာ ဘီတီတစ်ယောက် ပြန်ကောင်းနေပြီ။ စိန့်၏ ရှေ့တန်းမှာ ဗီလာမှပြောင်းလာသော ပီတာခရော့(ချ်)ရှိသည်။ နှစ်သင်းခြေရည်တူသည်။ နိုင်ခြေဆတူရှိသည်။ ထို့ကြောင့် သရေလောက်ဖြစ်သွားနိုင်သည်။

မော်ရင်ဟိုဝင်းဂါးနှင့်ဖာဂူဆန်တို့အားပြိုင်မည့်ပွဲ ဂမ်ဆိုင်း

ဘလက်ဘန်း-ဝက်(စ်)ဘရွန်း
မြန်မာစံတော်ချိန် ည ၈း၃၀ နာရီ

ယမန်နှစ်က အဆင့်(၁၅)ရထားသော ဘလက်ဘန်းနှင့် ယခုနှစ်မှ အဆင့်မြင့်တန်းတက်လာသော ဝက်(စ်)ဘရွန်းတို့ ကစားမည်။ ဘလက်ဘန်းကွင်းမှာ ကစားရမည်။

ဘလက်ဘန်းမှာ လူဟောင်းများကို အဓိကအားထားကစားမည်။ လူသစ်နှစ်ယောက်၊ သုံးယောက်လောက်သာဖြည့်ထားသည်။ ဝက်(စ်)ဘရွန်းက အတန်းပြန်တက်လာပေမယ့်လည်း ပထမတန်းအသင်းများကို ခြိမ်းခြောက်နိုင်သည့် ခြေရည်မရှိခြေ။ ကနူးကို အားဖြည့်ထားပေမယ့်လည်း တောင့်တင်းသောအသင်းဟု ပြောဖို့ခက်သည်။

အိမ်ရှင်ဘလက်ဘန်းကို ဝက်(စ်)ဘရွန်း ပညာသားပါပါနှင့် ကြိုးစားကစားလျှင် သရေလောက်ရနိုင်သည်။ မည်သို့ပင်ဖြစ်စေ အိမ်ရှင်ဘလက်ဘန်း အနိုင်ရနိုင်သည့်ပွဲဟု ထင်သည်။

ဘော်လ်တန်-ချာလ်တန်
မြန်မာစံတော်ချိန် ည ၈း၃၀ နာရီ

ယမန်နှစ်က အဆင့်(၈)ရထားသော ဘော်လ်တန်နှင့် အဆင့်(၇)ရထားသော ချာလ်တန်တို့ ကစားမည်။ အထက်အောက် ကစားမည့်ပွဲဖြစ်သည်။ ဘော်လ်တန်ကွင်းမှာ ကစားမည်။

ဘော်လ်တန်သည် လူသစ်အနည်းငယ်ဖြည့်ထားသော်လည်း အသက်ထောက်နေသော ကစားသမားအများစု ပါဝင်နေသည်။ ချာလ်တန်ကလည်း လူငယ်သွေးသစ်များကို ဖြည့်ထားသည်။လူငယ်လူကြီး ပြိုင်မည့်ပွဲဖြစ်သည်။ နှစ်သင်းတွေ့ကြလျှင် အကြိတ်အနယ်ရှိသည်။ လူငယ်ခြေတက်တော်တော်များသည့် ချာလ်တန်အနေဖြင့် ယခုပွဲကို အနိုင်ရဖို့ရှိသည်။ သို့သော်အိမ်ရှင် ဘော်လ်တန်အနေဖြင့် သရေရနိုင်သည်။

မန်စီးတီး-ဖူလ်ဟမ်
မြန်မာစံတော်ချိန် ည ၈း၃၀ နာရီ

ယမန်နှစ်က အဆင့်(၁၆) ရထားသော မန်စီးတီးနှင့် အဆင့်(၉)ရထားသော ဖူလ်ဟမ်တို့ကစားမည်။ မန်စီးတီးကွင်းမှာ ကစားမည်။

မန်စီးတီးသည် ပွဲထွက်ကောင်းသောအသင်းဖြစ်သည်။ သို့သော်မန်စီးတီးသည် ယခုနှစ်ပွဲဦးထွက်တွင် ဖူလ်ဟမ်နှင့် စတွေ့ခြင်းမှာပြဿနာဖြစ်သည်။ ဖူလ်ဟမ်ကို အင်ဒီကိုးရောက်လာပေမယ့်လည်း ဆာဟာရှိတုန်းကလောက် ကောင်းလိမ့်မည်မဟုတ်။ ကစားပုံ ကစားအား ကစားကွက်များကို ယှဉ်ကြည့်လျှင် မန်စီးတီးကသာသည်။

မနှစ်တုန်းကနှစ်ပွဲစလုံးတွင် သရေကျခဲ့သည်။ မန်စီးတီးသည် ကစားလျှင်ကစားသလောက် ကောင်းသောအသင်းတစ်သင်းဖြစ်သည်။ ချာမိလျှင်လည်းဘာမှလုပ်မရအောင်ချာသည်။ ဖူလ်ဟမ်၏ခြေရည်မှာလည်း မန်စီးတီးနှင့်ကစားလျှင် ငြိမ်သည်ဟုပြော၍ရသည်။ သို့ဖြစ်၍ မန်စီးတီးသရေအနည်းဆုံးရအောင် ကစားဖွယ်ရှိသည်။ နိုင်ခြေက မန်စီးတီးဘက်တွင်ရှိသည်။

မစ်ဒယ်ဘရော့-နယူးကာဆယ်
မြန်မာစံတော်ချိန် ည ၁၀း၄၅နာရီ

ယမန်နှစ်က အဆင့် (၁၁)ရသော ဘိုရိုနှင့် အဆင့် (၅) နယူးကာဆယ်တို့ ကစားမည်။ ဘိုရိုကွင်းတွင်ကစားကြမည်။

ဘိုရိုက ချယ်လ်ဆီး၊ လိဒ်စ်၊ ဘာကာမှ ကစားသမားများနှင့် အားဖြည့်ထားသည်။ ခြေစွမ်းထက်သောကစားသမားများဖြစ်သောကြောင့် ဘိုရိုသည် ယမန်နှစ်က ထက်ပို၍တောင့်တင်းသွားသည်။ နယူးကာဆယ်ကလည်း ကလိုက်ဗက်၊ မိလ်နာ၊ နစ်ကီဘတ်တို့ကို အားဖြည့်ထားသည်။ ထို့ကြောင့် ပွဲမှာအကြိတ်အနယ်ရှိမည်။ နှစ်သင်းတွေ့တိုင်း နယူးကာဆယ်နိုင်တာများသည်။

မည်သို့ပင်ဖြစ်စေ အိမ်ရှင်ဖြစ်သောမစ်ဒယ်ဘရော့သည် မရှုံးအောင်အပြင်းအထန် ကြိုးစားကစားလိမ့်မည်။ သရေပွဲဖြစ်နိုင်သည်။ သို့သော် နိုင်ခြေနယူးကာဆယ်ဘက်တွင်ရှိသည်။

နော့ဝစ်(ချ်)-ခရစ္စတယ်ပဲလေ့(စ်)
မြန်မာစံတော်ချိန် ၈း၃၀ နာရီ

ယခုနှစ်မှ အတန်းတက်လာသော အသင်းနှစ်သင်းကစားကြမည်။ နော့ဝစ်(ချ်)ကွင်း၌ ကစားမည်။

နော့ဝစ်(ချ်)သည် အာဆင်နယ်၊ ကိုမင်တရီ၊ ဒန်ဒီ၊ ဘော်လ်တန်၊ အင်တာမှ ကစားသမားများနှင့် အားဖြည့်ထားသည်။ ခရစ္စတယ်ပဲလေ့(စ်)ကလည်း ဖူဟမ်း၊ အာသာဘာလင်၊ ဒန်ဒီမှ ကစားသမားများကို ခေါ်ယူထားသည်။ လက်ရှိအနေအထား၌ နော့ဝစ်(ချ်)က ခရစ္စတယ်ပဲလေ့(စ်)ထက် ပို၍ကောင်းသည်။

အိမ်ရှင်ဖြစ်သော နော့ဝစ်(ချ်)အနေဖြင့် အသာစီးရတာမှန်သော်လည်း ခရစ္စပဲလေ့(စ်)ကို တစ်ဖက်သတ် ဖိအားပေးဖို့ မလွယ်ချေ။ထို့ကြောင့်အတန်းတက်အချင်းချင်းအားပြိုင်သော ပွဲတစ်ပွဲဖြစ်တာကြောင့် သရေလောက် ဖြစ်သွားနိုင်သည်။

ပို့စ်မောက်-ဘာမင်ဂမ်
မြန်မာစံတော်ချိန် ၈း၃၀ နာရီ

ယမန်နှစ်က အဆင့် (၁၃) ရထားသော ပို့စ်မောက်နှင့် အဆင့် (၁၀) ဘာမင်ဂမ်တို့ကစားမည်။ ပို့စ်မောက်ကွင်း၌ ကစားမည်။

မနှစ်တုန်းက ပို့စ်မောက်သည် ပြိုင်ပွဲအစ၌ ပရိသတ်များ အံ့ဩသွားရအောင် လုပ်ပြခဲ့သည်။ သို့သော် ဘာမင်ဂမ်မှာ ချယ်လ်ဆီးမှဖော်ဆယ်၊ လီဗာပူးမှ ဟက်စကီး၊မက်စီရော့နှင့် ချွန်ချာ(ချယ်လ်ဆီး)တို့ရှိကြသည်။ မနှစ်ကကစားခဲ့သော ခြေရည်အရကြည့်လျှင် ဘာမင်ဂမ်က ပို၍ကောင်းသည်။ ကစားအား၊ ကြိုးစားပုံများက ပို့စ်မောက်ထက်သာသည်။

ထို့ကြောင့် ဘာမင်ဂမ်ခြေစွမ်းကို ပို၍သဘောကျဖွယ်ကောင်းသည်။ သူတင်ကိုယ်တင် ကစားမည်ဆိုလျှင် ဘာမင်ဂမ် နိုင်ဖို့များသည်။ ပို့စ်မောက်က ပရိသတ်မထင်တာများကို လုပ်ပြခြင်းနှင့် အိမ်ရှင်ဆိုသော အားသာချက်ဖြင့် မနှစ်ကကဲ့သို့ အနိုင်ကစားသွားနိုင်သည်။ မည်သို့ပင်ဖြစ်စေ ဘာမင်ဂမ်အဖို့ အနိုင်နှင့် သရေ တစ်ခုတွက်ထားသင့်သည်။

ဩဂုတ် ၁၅ ရက်
(တနင်္ဂနွေနေ့)
အဲဗာတန်-အာဆင်နယ်
မြန်မာစံတော်ချိန် ည ၇း၃၀ နာရီ

ယမန်နှစ်က အဆင့် (၁၇) ရထားသော အဲဗာတန်နှင့် လက်ရှိချန်ပီယံ အာဆင်နယ်တို့ ကစားမည်။ အဲဗာတန်ကွင်းမှာ ကစားမည်။

လောလောဆယ်အခြေအနေတွင်အဲဗာတန်သည် တိုက်စစ်အား ပျော့လျက်ရှိသည်။ ရာဇင်စကီး မရှိသကဲ့သို့ ရွှန်နေးလ်လည်း ဒဏ်ရာအကင်းမသေသေးဘဲရှိသည်။ အာဆင်နယ် လူသစ်ထပ်ဖြည့်သော်လည်း လူဟောင်းများကို အခြေခံ၍ ကစားဖွယ်ရှိသည်။ အာဆင်နယ်၏ကစားပုံပျက်သွားမည့် ဟန်မရှိချေ။ ယခင်ပုံစံအတိုင်း ထွက်လာလိမ့်မည်။

ယမန်နှစ် ဒုတိယအကျော့ အဲဗာတန်နှင့် ပြန်အတွေ့၌ အာဆင်နယ် စိတ်ကြိုက်ကစားနိုင်သော အနေအထားမှာ ရောက်နေသည်။ ထို့ကြောင့် အာဆင်နယ်သည် အဲဗာတန်ကို တစ်ဂိုး-တစ်ဂိုး သရေကစားသွားသည်။ ယခုပွဲမှာ အဖွင့်ပွဲဖြစ်သည်။ အဲဗာတန်က အိမ်ရှင်ဖြစ်သော်လည်း အာဆင်နယ် အနိုင်ရအောင် ကစားဖွယ်ရှိသည်။

ချယ်လ်ဆီး-မန်ယူ
မြန်မာစံတော်ချိန် ည ၉း၃၀ နာရီ

ယမန်နှစ်က အဆင့်(၂) ရထားသော ချယ်လ်ဆီးနှင့် အဆင့်(၃) ရထားသော မန်ယူတို့ကစားမည်။ ချယ်လ်ဆီးကွင်းမှာ ကစားမည်။

ပွဲကြီးပွဲကောင်းတစ်ပွဲဖြစ်သည်။ ချယ်လ်ဆီးက ကစားသမားအား၊ နည်းပြအားကိုပြင်ဆင်ဖွဲ့စည်းထားသည်။မန်ယူကလည်း လူအိုများဖယ်ပြီး လူငယ်များနှင့် သွေးသစ်လောင်းထားသည်။ လောလောလတ်လတ်၌ မန်ယူရှေ့တန်း အားပျော့နေသည်။ ဆာဟာနှင့် စမစ် ဘယ်လောက်လုပ်ပြနိုင်မလဲဆိုတာ စောင့်ကြည့်ရမည်။ ရနေသောအခွင့်အရေးကို ချယ်လ်ဆီးလက်လွှတ်ခံလိမ့်မည်ဟုမထင်။ ယခုကဲ့သို့သောအခွင့်အရေး ဒုတိယအကျော့တွင် ရနိုင်ဖွယ်မမြင်။ ထို့ကြောင့် နည်းပြသစ်မော်ရင်ဟို ယခုပွဲကို အနိုင်ရအောင် ကစားဖွယ်ရှိသည်။ အနည်းဆုံး သရေရအောင် ဖန်တီးလိမ့်မည်။ ။

ပြုံးနေရင်သတိထား ဇာတ်ကားသစ် ရုံသုံးရုံတွင် တင်ဆက်ပြသ

ရန်ကုန် ဩဂုတ် ၁၂

ယခုသောကြာပတ်တွင် စိမ်းဝါနီ ရုပ်ရှင်မှ ဒါရိုက်တာ မောင်မျိုးမင်း ရိုက်ကူးသည့် **ပြုံးနေရင်သတိထား** ဇာတ်ကားသစ် သမ္မတ၊ သွင်နှင့် မင်္ဂလာရုံကြီးများတွင် တင်ဆက်လာသည်။

လောဘ၊ ဒေါသ၊ မောဟတို့အကြားမှ ရယ်မော၊ ရင်ခုန်ကြည်နူးဖွယ်ရာများကို ဇာတ်လမ်းဆင်ထားပြီး အပြုံးအမျိုးမျိုးကို သရုပ်ခွဲပြသထားသော ဇာတ်လမ်းဖြစ်၍ ကျော်ရဲအောင်၊ ဒွေး၊ ရာဇာနေဝင်း၊ ထွန်းအိန္ဒြာဗို၊ ခိုင်နှင်းဝေနှင့် မြင့်မြင့်ခိုင်တို့ သရုပ်ဆောင်ထားကြသည်။

နေပြည်တော်၊ ရွှေ့ဆောင်နှင့် နဝဒေးရုံတို့တွင် တင်ဆက်ပြသနေသည့် "ယောက်ဖတော်ခါနီးရင် စဉ်းစားဖို့လိုတယ်" ဟာသဇာတ်ကားမှ ရန်အောင်နှင့် ရာဇာနေဝင်းတို့၏ သရုပ်ဆောင်ဟန်။

ယောက်ဖတော်ခါနီးရင်

ဆက်လက်၍ **ယောက်ဖတော်ခါနီးရင် စဉ်းစားဖို့လိုတယ်** ဟာသဇာတ်ကားမှာ ရွှေ့ဆောင်၊ နေပြည်တော်နှင့် နဝဒေးရုံများ၌ ပြသအောင်ပွဲခံဆဲရှိသည်။ ရန်အောင်၊ လွင်မိုး၊ ရာဇာနေဝင်း၊ ထွန်းအိန္ဒြာဗို၊ နန္ဒာလှိုင်တို့ သရုပ်ဆောင်ထားကြသည်။

ရွှေဂုန်ရုံတွင် Virtuosity အမည်ရှိ သိပ္ပံအက်ရှင် နိုင်ငံခြားဇာတ်ကား ရုံတင်ပြသနေသည်။ သိပ္ပံနည်းပညာများ စမ်းသပ်ရာမှ လျှို့ဝှက်ဆန်းကြယ်သည့်ထိတ်ရင်ဖိုဇာတ်လမ်း ဖြစ်ပေါ်ရပုံ တင်ပြထားသည်။

အိန္ဒိယမေတ္တာဘွဲ့

မြို့မရုံတွင် Hum Ki Sise Kum Nahin အမည်ရှိ အိန္ဒိယမေတ္တာဘွဲ့ ဇာတ်ကား ရုံတင်ပြသသည်။ အာဂျေးဒေဂမ်ခန်း၊ ဆန်ဂျေးဒတ်၊ အိုက်ခရီဝါယာရိုင်းတို့၏ သရုပ်ဆောင်မှုများဖြင့် အချစ်အလွမ်း ဇာတ်လမ်းဆင်ထားသည်။

"ပြုံးနေရင်သတိထား" ဇာတ်ကားသစ်မှ ဒွေးနှင့် ထွန်းအိန္ဒြာဗိုတို့၏ အပြုံး။

ဆုထူးပန်ရုံတွင် Ghulam အမည်ရှိ အိန္ဒိယအချစ်ဇာတ်ကား ရုံတင်ပြသနေသည်။ မင်းသား အမစ်ခန်နှင့် မင်းသမီးရာနီလာမူဂျီတို့၏ လှုပ်ရှားဟန်များကို လှပစွာ ရိုက်ကူးပြသထားသည်။

ရင်မောဖွယ်ဇာတ်လမ်း

ဘုရင်ရုံတွင် Na Tum Jaa No Na Hum အမည်ရှိ အိန္ဒိယဇာတ်ကား ရုံတင်ပြသသည်။ တေးဂီတ အလှအပများနှင့် ဟာသစ်ရော်ရှန်၊ ရှစ်အလီခန်တို့၏ ရင်မောဖွယ်ဇာတ်လမ်းကို တင်ပြထားသည်။

အချစ်နှင့်တေးဂီတ

မြေနီကုန်း ရတနာပုံရုံတွင် Kaho Naa Pyaar Hai အမည်ရှိ အချစ် နှင့် တေးဂီတ သရုပ်ဖော်ဇာတ်ကား တင်ဆက်ပြသသည်။ မင်းသား ဟာသစ်ရော်ရှန်နှင့် မင်းသမီးအမီရှာပတေးတို့၏ လှပသော သရုပ်ဖော်ဟန်များဖြင့် တင်ဆက်ထားသည်။

(ကြေးမုံ)

Hum Ki Sise Kum Nahin အိန္ဒိယဇာတ်ကားမှ ဇာတ်ဝင်ခန်းတစ်ခန်း။

တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ် သင်တန်းသားများ အလိုရှိသည်

၁။ လျှောက်ထားသူသည် -

(က) ၁-၁-၂၀၀၅ ရက်နေ့တွင် အသက်(၁၆)နှစ်အောက် မငယ်ရ (၁၉)နှစ်ထက် မကြီးရ။

(ခ) ပြည်ထောင်စုမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ (လူပျို) ဖြစ်ရမည်။

(ဂ) အနည်းဆုံးအရပ်(၅)ပေ၊ (၃)လက်မနှင့် ကိုယ်အလေးချိန်ပေါင်(၁၀၀)ထက်မနည်းရ ပေါင် (၁၄၀) ထက်မကျော်ရ။

(ဃ) မျက်မှန်တပ်ဆင်ထားသူ မဖြစ်စေရ။

(င) တက္ကသိုလ်ဝင်စာမေးပွဲကို ရူပဗေဒ၊ ဓာတုဗေဒနှင့် ဇီဝဗေဒ ဘာသာတွဲများဖြင့် အောင်မြင်ပြီးသူဖြစ်ရမည်။ (အမှတ်စာရင်း တင်ပြရန်မလို)

၂။ လျှောက်လွှာများကို တိုင်းစစ်ဌာနချုပ်များတွင် ၈-၉-၂၀၀၄ ရက်နေ့မှ စတင်၍ အခမဲ့ရယူပြီး ၈-၁၀-၂၀၀၄ ရက်နေ့နောက်ဆုံးထား၍ လျှောက်ထားနိုင်သည်။

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တ ကောင်းမွန်ကြောင်း သက်ဆိုင်ရာပြည်နယ်/တိုင်း/မြို့နယ် ရဲတပ်ဖွဲ့စခန်း တစ်ခုခုမှ ထောက်ခံစာ(မူရင်း) နှင့်(၁)လအတွင်း ရိုက်ကူးထားသော ပတ်စ်ပို့အရွယ် ဓာတ်ပုံ(၃)ပုံကို ပူးတွဲ တင်ပြရမည်။

၄။ သင်တန်းဝင်ခွင့် အရည်အချင်းစစ်စာမေးပွဲကို မိမိတို့လျှောက်လွှာတင်သွင်းရာ တိုင်းစစ်ဌာနချုပ်များ၌ ၁၆-၁၀-၂၀၀၄ ရက်နေ့တွင် တက္ကသိုလ်ဝင်စာမေးပွဲ သင်ရိုးညွှန်းတမ်းအတိုင်း အောက်ပါဘာသာရပ်များကို ဖြေဆိုကြရမည်-

(က) **အင်္ဂလိပ်စာ** ။ နံနက် (၉) နာရီ မှ (၁၁) နာရီထိ။

(ခ) **ဇီဝဗေဒ** ။ နေ့လယ် (၁) နာရီ မှ (၃) နာရီထိ။

၅။ ဖြေဆိုရမည့်ခုံအမှတ်မှာ လျှောက်လွှာတွင်ဖော်ပြထားသည့် ခုံအမှတ်အတိုင်း ဖြစ်သည်။

၆။ အရည်အချင်းစစ် စာမေးပွဲအောင်စာရင်းများကို တိုင်းစစ်ဌာနချုပ်များတွင် ၁၈-၁၁-၂၀၀၄ ရက်နေ့မှ ၂၁-၁၁-၂၀၀၄ ရက်နေ့များအတွင်း မေးမြန်းနိုင်သည်။ အရည်အချင်းစစ် စာမေးပွဲဖြေဆိုအောင်မြင်သူများသည် တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရန် သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှတစ်ဆင့် အကြောင်းကြားသွားမည်။ ရွေးချယ်ခြင်းခံရသည်/မခံရသည်ကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များတွင် သွားရောက် စုံစမ်းမေးမြန်းနိုင်သည်။

၇။ သင်တန်းကာလတွင် လစာအဖြစ်ပထမနှစ်(၅၀၀ိ/-)၊ ဒုတိယနှစ်(၅၁၀ိ/-)၊ တတိယနှစ်(၅၂၀ိ/-) စတုတ္ထနှစ်(၅၃၀ိ/-)ရရှိမည်။ သင်တန်းအောင်မြင်ပြီးလျှင် မိမိတို့သင်ယူခဲ့သည့်ဘာသာရပ်အလိုက် အောက်ပါဘွဲ့များ အပ်နှင်းပေးမည် -

(က) သူနာပြုသိပ္ပံဘွဲ့ B. N.Sc (Bachelor of Nursing Science)

(ခ) ဆေးဝါးကျွမ်းကျင်မှုသိပ္ပံဘွဲ့ B. Pharm (Bachelor of Pharmacy)

(ဂ) ဆေးဘက်ပညာသည်ဘွဲ့(ရောဂါရှာဖွေရေးပညာ) B.P.Sc (Med. Tech) Bachelor of Paramedical Science (Medical Technology)

(ဃ) ဆေးဘက်ပညာသည်ဘွဲ့ (ဓာတ်မှန်ရိုက်ပညာ) B.P.Sc (Radiography) Bachelor of Paramedical Science (Radiography)

(င) ဆေးဘက်ပညာသည်ဘွဲ့ (ကာယကုသမှုပညာ) B.P.Sc (Physiotherapy) Bachelor of Paramedical Science (Physiotherapy)

၈။ သင်တန်းပြီးဆုံးပြီးနောက် တပ်မတော်တွင် အနည်းဆုံး(၁၀)နှစ် အမှုထမ်းဆောင်ရမည်။

ကွယ်လွန်သူဒေါ်ကျင်ဝှက်၊ ဒေါ်သိန်းကြည်တို့အား ရည်စူး၍အမှတ်(၇၅) ဘုန်းကြီးလမ်း လမ်းမတော်မြို့နယ်နေ ဦးအုန်းမောင်က ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ ထာဝရ ဆေးပဒေသာပင် အလှူငွေကျပ် ၁၀ သိန်းကို ဇူလိုင်၃၁ရက်က လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ အတွင်းရေးမှူး ဦးမောင်မောင်နှင့်တွဲဖက် အတွင်းရေးမှူး (၁) ဦးသိန်းအောင်တို့ လက်ခံယူကြစဉ်။ (က-ပ)

ဩဂုတ်၉ရက်က အင်းစိန် အမက(၁၅)၌ အလှူရှင် ဦးသန်းလှိုင် – ဒေါ်ခင်ထားရီ၊ သမီး မအိအိသဲ မိသားစုတို့က ကျောင်းသား၊ ကျောင်းသူများအား အာဟာရဒါန သာဂုနို့ဆန်ပြုတ် တိုက်ကျွေးစဉ်။ (က-ပ)

တိမ်အသင့်အတင့်

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

PIONEER 8th anniversary
Zaw Win Htut
EMPEROR
Penus Butter
Min Mow Kun, Kyaw Thu See
Model & Dance Shows Present by John Lwin's Stars & Models Int'l Angency
Lucky Draw Prizes < Ks 100,000 worth x 5 prizes + many other prizes >
The Best DJs' The Best Club In Town
HOST DJS' DJ Boys DJ Jay DJ A. K. Bo DJ Nang Nang
Club Pioneer (Ph: 240995)
14.8.2004 (Sat) 7 : 30 PM
Cover charge 5,000 Ks.

မွေးနေ့ ဂုဏ်ပြုဆုမွန်

သားကြီး လင်းထက်အောင်(ဝဏ္ဏသိဏ်း)(ပုတူး) (၂၅-၆-၈၆) (ဒုတိယနှစ်-ဆေး ၂)။ သားလတ် ဖိုလစ်သိဏ်း(ညီလေး)(၂၅-၈-၈၈) (ဆမဒ-၅၇၂၊ ငါးဘာသာ ဂုဏ်ထူးရှင်) [အထက(၂) မင်္ဂလာဒုံ]။ သားငယ် သောမတ်သိဏ်း(သိဏ်းမြင့်သူ) (ပိစိ) [ဆဋ္ဌမတန်း အလက-(၁၂)] (၁၆-၇-၉၃) တို့ ဘဝတစ်လျှောက် ချမ်းမြေ့ကြပါစေ။

ဘိုးဘိုး-ဘွားဘွား – ဒုတိယဗိုလ်မှူးကြီး ကပ်ကျုံးနုံး(ငြိမ်း)-
ဒေါ်ကြည်ကြည်မိသားစု (ရန်ကုန်)
ဦးအောင်မင်း-ဒေါ်နီ မိသားစု (မင်းကင်းမြို့)
ဖေဖေ-မေမေ – ဗိုလ်မှူးမြင့်သိဏ်း B.Sc(D.S.A).
မိုင်အက်စတာလီလီ B.A(Philo)(Q 2)
စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊
– မမမေ (ကွန်ပျူတာဌာန)
– တီတီဆွိ(SSI) (ကွန်ပျူတာဌာန)။

KMD
Ph: 246313



သင်းသင်းရီ [၉/ ကပတ(နိုင်) ၀၀၈၀၈၇] သိစေရန်

သမီး ဖေဖေတို့ထံမှ ယူဆောင်သွားသော ရွှေနှင့် ငွေကြေးကိစ္စများကို ဖေဖေတို့ထံ ပြေပြေလည်လည်ဖြစ်ရန် ကိုယ်တိုင်လာရောက်ပြီး ရှင်းပါက ကိစ္စအားလုံး ခွင့်လွှတ်သည်။ ယခုကြော်ငြာပါပြီး (၁၀)ရက်အတွင်း လာရောက်မရှင်းပါက ဖေဖေတို့က တရားဥပဒေအရ မလွှဲမရှောင်သာ အရေးယူရန် ဆက်လက်ဆောင်ရွက်မည့်အကြောင်း အသိပေးလိုက်သည်။

ဦးလှကြည်
[ကေပီဂျီ-၀၁၅၃၇၄]
(ဆေတ္တ-ရန်ကုန်)

သုံးနှစ်ပြည့် မွေးနေ့ဆုမွန်
ကြည်ဖြူခင် (၁၃-၈-၂၀၀၄)

စူပါ-အေ-ဝမ်းရဲ့ ရှုမငြီးတဲ့ ချစ်သမီးလေး ကြည်ဖြူခင်၏ မွန်မြတ်သော မွေးနေ့မှသည် တတ်သိလိမ္မာသော ချစ်သမီးလေး နှစ်(၁၀၀)ကျော် အသက်ရှည်ပြီး ကျန်းမာရွှင်လန်းစေကြောင်း ဆုမွန်ကောင်းတောင်းလိုက်ပါသည်။

စူပါ-အေ-ဝမ်း
အင်္ဂလိပ်စကားပြောမိသားစု။

အမည်ပြောင်းခြင်း

ဦးအေးလွင်၏ သမီး အထက(၃)၊ ရွှေပြည်သာ၊ နဝမတန်း (E) မှ မငုဝါလွင် [၁၂/ရပသ(နိုင်)၀၅၆၅၅၂] အား မသိမ့်နဒီစိုးဟု ပြောင်းလဲခေါ်ပါရန်။ **မသိမ့်နဒီစိုး။**

လေးပါးရာဇာ
သွေးတိုးကျဆေးပြား

TECH Training Centre
City & Guilds (UK, London) Engineering & IT Diploma
* Civil Engineering
* Mechanical Engineering
* Mechatronics Engineering
* Electronics Engineering
* Electrical Power Engineering
* Information Technology
- Programmable logic Control (PLC)
- Computerized Numerical Control (CNC)
- Electronic Skill Course (Level I, II)
- Air-Con & Refri. Repairing ; Welding (Arc & Gas)
- Electrical Wiring; Industrial Motor Control
- Windows & Office Application
- DTP; Graphic Design; AutoCAD
- PC Upgrading & Maintenance
☎ 705782, 535531, 505986

KHIND ခင်ကမ္ဘာ
Electrical Home Appliances
အိမ်မက်ဆန်းဆန်းအုံ့မခန်းFuzzy Control (Fully Digital)ဆွဲတံခါးနှစ်ချပ်ပါရှိသောရေခဲသေတ္တာကြီး
၄၀ ကုဗပေကို (အထူးလက်ဆောင် ကြက်ကင် Oven တစ်လုံး)ဖြင့် သင်၏ခြံနှင့် အိမ်များအတွက် အထူးဈေးနှုန်းဖြင့် ကြည့်ရှုလေ့လာပြီးမှသာ ဝယ်ယူရန် ဖိတ်ခေါ်အပ်ပါသည်။
❖ သောက်ရေသန့်ရေခဲတုံးရေခဲခြစ်ကိုအလိုအလျောက် Dispenser ဖြင့်ရယူနိုင်ခြင်း။ Home Bar ပါရှိခြင်း။
❖ သစ်သီးများ၊ သားငါးမျိုးစုံနှင့် ဟင်းသီးဟင်းရွက်များကို ၁၅ရက်ထိ လတ်ဆတ်စွာထိန်းသိမ်းထားနိုင်ရန် Nanosilver Poly Technology ဖြင့် Bacteria Growth ကိုထိန်းထားပေးခြင်း။ Deodorizer ဖြင့်အနံ့အသက်ထုတ်ပေးခြင်း။
သုံးစွဲသူတိုင်း၏ ယုံကြည်စိတ်ချပြီးသားလည်းဖြစ်၊ COMPRESSOR (၂)နှစ်အာမခံဖြစ်သော
(1.0 HP) Split Aircon (2.0 သိန်းတိတိ)၊ (1.5 HP) Split Aircon(2.5)သိန်း။
ShowRoom & Service အမှတ်(၁၅၃)၊ ဆူးလေဘုရားလမ်း(အလယ်)၊ မီးသတ်အနီး၊ ☎: 380475, 700904, ကျော် အိုလက်ထရွေးနစ် (242473)၊ Multi Brand (240642)၊ တိုင်းကျော်အောင် (371240)၊ ယုဇန (200747 Ext: 2244)

အမ်အက်ဖ်အက်ဖ်ဖလား ဘောလုံးပြိုင်ပွဲ ကျင်းပ ကန့်ဘလူတိုက်နယ် (က)အသင်း အနိုင်ရဗိုလ်စွဲ

ကန့်ဘလူ ဩဂုတ် ၁၀

MFF ဖလား ကန့်ဘလူမြို့နယ် တိုက်နယ်အဆင့် ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲအခမ်းအနားကို ဩဂုတ် ၈ ရက် ညနေ ၄ နာရီက ကန့်ဘလူမြို့ မြို့နယ်အားကစားကွင်း၌ ကျင်းပသည်။

တက်ရောက်

အဆိုပါ အခမ်းအနားသို့ ရွှေဘိုခရိုင် အားကစားနှင့်ကာယပညာ ကော်မတီဥက္ကဋ္ဌ၊ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးဝင်းနိုင်၊ အမ်အက်ဖ်အက်ဖ် ကုမ္ပဏီဥက္ကဋ္ဌ ဦးစိုးမြင့်၊ ကန့်ဘလူမြို့နယ် အားကစားနှင့် ကာယပညာ ကော်မတီဥက္ကဋ္ဌ၊ မြို့နယ်ဥက္ကဋ္ဌ ဦးတင်ထွန်း၊ အဖွဲ့ဝင်(၁) ဒုတိယရဲမှူး စောမျိုးလွင်၊ မြို့နယ်အားကစား ဦးစီးအရာရှိ ဒေါ်သီသီဦးနှင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဘောလုံးသမားများ၊ ဝါသနာရှင် ပရိသတ်များ တက်ရောက်ကြသည်။

ယှဉ်ပြိုင်ကစား

ရှေးဦးစွာ အမ်အက်ဖ်အက်ဖ်ဖလား ဗိုလ်လုပွဲအဖြစ် ကန့်ဘလူတိုက်နယ် (က)အသင်းနှင့် ထန်းကုန်းတိုက်နယ် အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ကန့်ဘလူတိုက်နယ် (က)အသင်းက တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရ ဗိုလ်စွဲသွားသည်။

ပေးအပ်ချီးမြှင့်

ထို့နောက် ဆုပေးပွဲအခမ်းအနား ဆက်လက်ကျင်းပရာ ပထမဆု ကျပ်သုံးသိန်းနှင့် အမ်အက်ဖ်အက်ဖ် ဖလားကို ကန့်ဘလူတိုက်နယ် (က)အသင်းကလည်းကောင်း၊ ဒုတိယဆု ကျပ်နှစ်သိန်းကို ထန်းကုန်း တိုက်နယ်အသင်းကလည်းကောင်း ရရှိပြီး အကောင်းဆုံး အားကစားသမားဆုငါးဆု ကျပ်နှစ်သောင်းစီ ချီးမြှင့်ရာ ထန်းကုန်းတိုက်နယ် အသင်းက လေးဆုနှင့် ကန့်ဘလူတိုက်နယ် အသင်းကတစ်ဆု ရရှိကြရာ ဆုများကို တာဝန်ရှိသူများက ပေးအပ်ချီးမြှင့်သည်။ **(က-ပ)**

ကဝမြို့နယ် သက္ကလစံပြကျေးရွာ ပရိယတ္တိစာသင်တိုက် သင်္ဃသုခ စာသင်ဆောင် ဆောက်လုပ်ရန်အတွက် အလှူငွေပေးအပ်ပွဲ အခမ်းအနားကို ဇူလိုင် ၃၁ ရက်က အဆိုပါကျောင်းတိုက်တွင် ကျင်းပရာ ကလျာဏီ ဆန်စက်ပိုင်ရှင် ဦးမြသောင်းမိသားစုက မတည်ငွေကျပ် ၁၅ သိန်းနှင့် ဒေါ်ခင်ကြည် မိသားစုက ကျပ်ငါးသိန်း အပါအဝင် အလှူရှင်များက စုပေါင်းထည့်ဝင် လှူဒါန်းငွေ စုစုပေါင်း ကျပ်သိန်း ၄၀ အား ပဓာနနာယကဆရာတော် ဦးကောဝိဒထံ ပေးအပ်လှူဒါန်းစဉ်။ (၃၇၀)

ကိုယ်ပွားသတင်းစာတိုက် ဝါဆိုသင်္ကန်းကပ်လှူ

ကလေး ဩဂုတ် ၅

ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ကလေးမြို့ ကိုယ်ပွားသတင်းစာတိုက် ဝန်ထမ်းမိသားစုများ၏ တတိယအကြိမ် ဝါဆို သင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကို ဇူလိုင် ၃၁ ရက်က ကျင်းပသည်။

ရေစက်သွန်းချ

အဆိုပါ လှူဒါန်းပွဲသို့ ကလေးမြို့ မဟာသန္တာရုံကျောင်းတိုက် နာယကဆရာတော် ဘဒ္ဒန္တ ပုညသေဠနှင့် ပင့်သံဃာတော်များ ကြွရောက် ချီးမြှင့်တော်မူကြပြီး တာဝန်ခံအရာရှိ ဦးအောင်နိုင်လွင်နှင့် ဝန်ထမ်းများက လှူဒါန်းမှု အစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

(က-ပ)

မျိုးဆက်ပွားကျန်းမာရေး ဆင့်ပွားသင်တန်းဖွင့်

တန့်ဆည် ဇူလိုင် ၃၀

တန့်ဆည်မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းက ကြီးမှူးပြီး မျိုးဆက်ပွားကျန်းမာရေး မြို့နယ်အဆင့် ဆင့်ပွားသင်တန်းဖွင့်ပွဲကို ဇူလိုင် ၂၃ ရက်နံနက်က မြို့နယ်အစည်းအဝေးခန်းမ၌ ကျင်းပရာ စစ်ကိုင်းတိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်မှုကော်မတီဝင်၊ ရွှေဘိုခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ၏ဇနီး ဒေါ်မြမြအေးက အမှာစကားပြောကြားသည်။

ဆက်လက်၍ မြို့နယ်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးထွန်းအေးက သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။ **(မြို့နယ်ပြန်/ဆက်)**

နတ်တလင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ၂၀၀၄-၂၀၀၅ ခုနှစ် ဘဏ္ဍာရေးနှစ်အတွင်း နတ်တလင်း-တာပွန်ကျေးလက်လမ်းအား ကျောက်ချော လမ်းအဖြစ် ဩဂုတ် ၅ ရက်က ပြင်ဆင်ဆောင်ရွက်စဉ်။

(မြို့နယ်စည်ပင်)

ကြေးမုံ

The Mirror

မြို့နယ်သတင်းများ

ပေါင်းတည်မြို့နယ် အခြေခံပညာအထက်တန်းကျောင်း ၂၀၀၃-၂၀၀၄ ပညာသင်နှစ် မိဘဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန် ဆုပေးပွဲ အခမ်းအနားကို ဩဂုတ် ၆ ရက်က ကျင်းပရာ မြို့နယ်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမောင်မောင်သက်က တက္ကသိုလ် ဝင်တန်း စာမေးပွဲတွင် ငါးဘာသာဂုဏ်ထူးရရှိသူ မယမင်းအား ဆုချီးမြှင့်စဉ်။ (၁၃၅)

မအူပင်မြို့နယ် ကျောင်းရွာစံပြကျေးရွာအတွင်း လူမှုရေးအဖွဲ့အစည်း အသီးသီးမှ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်နေခြင်းကို ဧရာဝတီတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအုန်းသွင်၊ အမှုဆောင်အရာရှိ ဦးစိုးနိုင်ဦး၊ ကျေးရွာဥက္ကဋ္ဌ ဦးစိုးမင်းတို့က ဩဂုတ် ၆ ရက်က ကြည့်ရှု အားပေးစဉ်။ (မြို့နယ်စည်ပင်)

နတ်မောက်မြို့နယ်အသင်း ဝါဆိုသင်္ကန်းဆက်ကပ်မည်

နတ်မောက် ဩဂုတ် ၄

နတ်မောက်မြို့နယ်အသင်း(ရန်ကုန်)က ရန်ကုန်မြို့တွင် သီတင်းသုံးနေကြသော နတ်မောက်မြို့နယ်ဇာတိ ဆရာတော်ကြီးများအား ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကို ဩဂုတ် ၁၅ ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၂ နာရီတွင် ကြည့်မြင်တိုင်မြို့နယ် နတ်စင်လမ်း သာဓုကျောင်းတိုက်တွင် ပြုလုပ်မည်ဖြစ်သည်။

အသင်းဝင်များနှင့် နတ်မောက်မြို့နယ်သူ၊ မြို့နယ်သားများ ကြည်ညိုသဒ္ဓါပွားများပြီး သင်္ကန်း၊ အလှူငွေနှင့် လှူဖွယ်ပစ္စည်းများကို ကျောင်းတိုက်တိုက်အုပ်ဆရာတော် ဘဒ္ဒန္တဥက္ကံသ ဖုန်း-၅၁၂၃၆၆၊ ဦးအောင်သန်း ဖုန်း-၅၇၂၃၄၉၊ ဦးအောင်သန်းထွန်း ဖုန်း-၅၄၃၃၉၁၊ ဦးတင်ဝင်း ဖုန်း-၆၆၇၅၁၁ နှင့် ဦးဉာဏ်ရွှင်(ဥပဒေရုံး) ဖုန်း-၅၈၄၀၁၆ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

ဆွမ်းဆန်စိမ်းလောင်းလှူ

အောင်ပန်း ဩဂုတ် ၂

ရှမ်းပြည်နယ် (တောင်ပိုင်း) အောင်ပန်းမြို့ (၃၈)ကြိမ်မြောက် မြို့လုံးကျွတ် ဆွမ်းဆန်စိမ်းလောင်းလှူပွဲကို ဗုဒ္ဓဝေယျာဝစ္စ လူငယ်များအဖွဲ့က ဦးဆောင်ပြီး ဩဂုတ် ၁ ရက် (ဒုတိယဝါဆိုလပြည့်ကျော် ၁ ရက်)က ကျင်းပရာ အောင်ပန်းမြို့မ ပြင်သာကျောင်းတိုက် နာယကဆရာတော် (သာသနာ့ ဓဇ ဓမ္မာစရိယ)ဘဒ္ဒန္တ နန္ဒသိရိ အမှူးပြုသော ကျောင်းတိုက် ၁၃ ကျောင်းမှ ပင့်သံဃာတော် ၅၈၈ ပါး ကြွရောက်တော်မူကြသည်။

၎င်းဆွမ်းဆန်တော်စိမ်း လှူဒါန်းပွဲသို့ မြို့ပေါ်ရပ်ကွက် ၁၂ ရပ်ကွက်နှင့် နယ်မြေခံ တပ်ရင်းတပ်ဖွဲ့မှ မိသားစုများ၊ အနီးပတ်ဝန်းကျင် ကျေးရွာများမှ ကျေးရွာသူ၊ ကျေးရွာသားများ ပါဝင်ကြပြီး ကျပ်သိန်း ၄၀ ကျော် တန်ဖိုးရှိ ဆွမ်းဆန်အိတ် ၈၀၀ ကျော် စုပေါင်း လှူဒါန်းကြသည်။ **(၂၄၉)**

မြန်မာ့နှစ်ရှည်ပင်လုပ်ငန်း ရော်ဘာသင်တန်းဖွင့်

လှည်းကူး ဩဂုတ် ၁၀

ရန်ကုန်တိုင်း မြောက်ပိုင်းခရိုင် လှည်းကူးမြို့နယ် လေ့လော့်အင်း ကျေးရွာ မွန်ခြံ၌ မြန်မာ့နှစ်ရှည်ပင် လုပ်ငန်းမှ ရော်ဘာအစေးလှီးသင်တန်း ဖွင့်ပွဲကို ဩဂုတ် ၇ ရက်က ကျင်းပရာ ရန်ကုန်တိုင်း မန်နေဂျာ ဦးသန်းထွန်း၊ မြောက်ပိုင်းခရိုင် မန်နေဂျာဦးကြည်ဝင်းနှင့် မြို့နယ်စိုက်ပျိုးရေး ဝန်ထမ်းများ၊ မြို့ပေါ်ရှိ ဌာနဆိုင်ရာမှ ပုဂ္ဂိုလ်များ၊ သင်တန်းသားများ တက်ရောက်ကြသည်။

အဆိုပါ ရော်ဘာအစေးလှီး သင်တန်း ဖွင့်ပွဲအခမ်းအနားတွင် ရန်ကုန်တိုင်း မန်နေဂျာ ဦးသန်းထွန်း၊ ရန်ကုန်တိုင်း မြောက်ပိုင်းခရိုင် မန်နေဂျာ ဦးကြည်ဝင်းနှင့် မြို့နယ်မန်နေဂျာ ဦးကျော်ဝင်းတို့က မြန်မာနိုင်ငံ၏ ရော်ဘာစိုက်ပျိုးသော အခြေအနေ၊ မြန်မာ့နှစ်ရှည်ပင်လုပ်ငန်း၏ ဦးတည်ချက်၊ ကမ္ဘာ့ရော်ဘာဈေးကွက်၊ ရော်ဘာစေးလှီးသင်တန်း ဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။ **(၈၂)**

တိုက်ရိုက်မျိုးစေ့ချ စွမ်းရည်ပြိုင်ပွဲ ကျင်းပ

ရပ်စောက် ဩဂုတ် ၅

၂၀၀၄-၂၀၀၅ ခုနှစ် ရပ်စောက်မြို့နယ် ကောက်စိုက်စွမ်းရည်ပြိုင်ပွဲ တိုက်ရိုက်မျိုးစေ့ချ စွမ်းရည်ပြိုင်ပွဲနှင့် လယ်ယာ(၁၆) လက်တွန်းထွန်စက် စွမ်းရည်ပြိုင်ပွဲကို ယမ်းတွင်းငါးကြောင် ကျေးရွာအုပ်စု နောင်ပါစွန်းကျေးရွာ ဦးဌေးအောင်၏လယ်တွင် ဇူလိုင် ၂၅ ရက်က ပြုလုပ်သည်။

ပြိုင်ပွဲတွင် ဗထူးတပ်နယ်မှ ဗိုလ်မှူးချုပ် ဇော်ဝင်းက အမှာစကား ပြောကြားပြီး ပြိုင်ပွဲအမှတ်ပေး စည်းကမ်းချက်များကို မြန်မာ့ စိုက်ပျိုးရေးလုပ်ငန်း မြို့နယ်မန်နေဂျာ ဦးချို့ဝင်းက ရှင်းလင်းပြောကြားသည်။

ပြိုင်ပွဲကိုဗထူးတပ်နယ်မှဗိုလ်မှူးချုပ် ဇော်ဝင်းနှင့် တောင်ကြီးခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးမြင့်တင်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးပြီး ယှဉ်ပြိုင်ကြရာ ကောက်စိုက်စွမ်းရည်ပြိုင်ပွဲတွင် ပထမ ယမ်းတွင်းကျေးရွာအုပ်စု၊ ဒုတိယ ပါမဲ ကျေးရွာအုပ်စု၊ တတိယ မြင်တောင် ကျေးရွာအုပ်စုတို့ ရရှိကြသည်။ တိုက်ရိုက်မျိုးစေ့ချပြိုင်ပွဲတွင် ပထမ လွယ်ကိုးကျေးရွာအုပ်စု၊ ဒုတိယ ဟွေးကျေးရွာအုပ်စု၊ တတိယ ယမ်းတွင်း ကျေးရွာအုပ်စုတို့မှ ရရှိကြသည်။ လယ်ယာ(၁၆) လက်တွန်းထွန်စက် ပြိုင်ပွဲတွင် ပထမ ဖောင်းတောကျေးရွာ အုပ်စု၊ ဒုတိယ ယမ်းတွင်းကျေးရွာအုပ်စု၊ တတိယ အလည်ချောင် ကျေးရွာအုပ်စု တို့က ရရှိကြသည်။ **(၃၅၄)**

ဧရာဝတီတိုင်း ကြံခင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့က တာဝန်ယူ ဆောင်ရွက်သော ဘက်ရဲမြို့ဝင်တံတား တည်ဆောက်နေခြင်းအား တာဝန်ခံ အင်ဂျင်နီယာ ဦးစိုးလွင် ဇူလိုင် ၂၇ ရက်က အနီးကပ် ကြပ်မတ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

မိုးကောင်းဈေး စစ်ဆေး

မိုးကောင်း ဩဂုတ် ၃

မိုးကောင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးအေးမြင့်၊ ဒု-ဦးစီးမှူး (ဈေး) ဦးအောင်ဆွေတို့သည် ဇူလိုင် ၂၅ ရက်က မိုးကောင်းဈေးအတွင်း သန့်ရှင်းရေး၊ စားသောက်ဆိုင်များတွင် လက်အိတ်အသုံးပြုရေး၊ အသားငါးရောင်းချသူများ ယင်လုံသံဆန်ခါ အသုံးပြုရေးနှင့် အစားအသောက်များတွင် ယင်မနားစေရန် ဖုံးအုပ်ရောင်းချရေးများကို ကြည့်ရှုစစ်ဆေးသည်။

(မြို့နယ်စည်ပင်)

ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နယ် အခြေခံပညာအထက်တန်း၊ အလယ်တန်း ကျောင်းသား၊ ကျောင်းသူများအား ပညာသင်ဆုချီးမြှင့်ပွဲကို ဇူလိုင် ၂၆ ရက်က အထက်တန်းကျောင်း မြည်ီလာခန်းမ၌ ကျင်းပရာ ဒသမတန်းကျောင်းသူ မအဥ္စလီအား မြို့နယ်ပညာရေးမှူး ဒေါ်သောင်းသောင်းက ပညာသင်ဆု ချီးမြှင့်စဉ်။ (၂၄၇)

ရေနံချောင်းတွင် မူလတန်းလွန်ကျောင်းဖွင့်

ရေနံချောင်း ဇူလိုင် ၂၈

ရေနံချောင်းမြို့နယ် ဝက်မစွတ်ကျေးရွာအုပ်စု ပေတောရွာ အမှတ်(၉၀) မူလတန်းလွန်ကျောင်းဖွင့်ပွဲ အခမ်းအနားကိုဇူလိုင်၁၉ ရက် နံနက်၉နာရီက အဆိုပါ မူလတန်းလွန် ကျောင်းရှေ့၌ ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအင်ကြူ၊ မြို့နယ်ပညာရေးမှူး ဦးခင်မောင်ဌေး၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးမှူး ဦးတင်လတ်တို့က မူလတန်းလွန်ကျောင်း ဆိုင်းဘုတ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ထို့နောက် မြို့နယ်ဥက္ကဋ္ဌ ဦးအင်ကြူနှင့် တာဝန်ရှိသူများက ကျေးလက်ဖွံ့ဖြိုးရေးလုပ်ငန်းစဉ် ငါးရပ်နှင့် နိုင်ငံတော်၏ ပညာရေးရည်မှန်းချက်များ ရှင်းလင်းပြောကြားကြောင်းသိရသည်။ **(၂၀၈)**

မင်းတပ်မြို့ သာယာလှပရေးဆောင်ရွက်

မင်းတပ် ဩဂုတ် ၁

ချင်းပြည်နယ် မင်းတပ်မြို့သာယာလှပရေးအတွက် မြို့တွင်းလမ်းဘေးဝဲ–ယာခြုံနွယ်များ ရှင်းလင်းခြင်း ကို ချင်းပြည်နယ်စည်ပင်သာယာလှရေးအဖွဲ့ လက်ထောက်ညွှန်ကြားရေးမှူး ဦးစောနိုင်နှင့် မင်းတပ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများက ဇူလိုင် ၂၆ ရက်က ဆောင်ရွက်ကြသည်။ **(မြို့နယ်စည်ပင်)**

ဇူလိုင် ၂၇ ရက်က သာစည်မြို့နယ် ရေတွင်းကြီးကျေးရွာတွင် အခြေခံပညာမူလတန်းလွန်ကျောင်းဖွင့်ပွဲ အခမ်းအနားကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးဌေးဝင်းနှင့်လက်ထောက်ပညာရေးမှူးဦးမောင်မောင်အေးတို့က မူလတန်းလွန်ကျောင်းကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးစဉ်။ (၄၂၅)

မြို့နယ် သတင်းများ

ဖားကန့်မြို့နယ်အတွင်းရှိ ဆန်းကြွယ်ကျေးရွာတွင် ဥရုချောင်းရေလမ်းလွှဲလုပ်ငန်းကို ဆိပ်မူကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့များနှင့် ဖားကန့်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းတို့ ပူးပေါင်း၍ ဇွန် ၂၁ ရက်က စက်ယန္တရားကြီးများဖြင့် ဆောင်ရွက်နေမှုအခြေအနေကို အမှုဆောင်အရာရှိ ဦးကျော်ဇေယျနှင့် တာဝန်ခံအင်ဂျင်နီယာတို့ ကြီးကြပ်ဆောင်ရွက်ကြစဉ်။ (မြို့နယ်စည်ပင်)

သန့်ရှင်းရေး စုပေါင်းဆောင်ရွက်

ဆော့လော် ဩဂုတ် ၉

ဆော့လော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် ဇူလိုင် ၂၇ ရက်က မြို့တွင်း ရေစီးရေလာကောင်းမွန်ရေးအတွက် ရေမြောင်းများ တူးဖော်ခြင်း၊ အမှိုက်များရှင်းလင်းခြင်းလုပ်ငန်းများကို အငယ်တန်းအင်ဂျင်နီယာ–၃ ဦးကျော်ဇင်သန်းနှင့် ဝန်ထမ်းများက စုပေါင်းဆောင်ရွက်ကြသည်။ **(မြို့နယ်စည်ပင်)**

မြို့နယ်သာယာရေး ပန်းအလှပင်များစိုက်ပျိုး

ဆွမ်ပရာဘွမ် ဇူလိုင် ၂၉

ဆွမ်ပရာဘွမ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် မြို့နယ်သာယာရေးအတွက် မြို့နယ်အတွင်းရှိ လမ်းများပြုပြင်ခြင်း၊ တံတားများပြုပြင်ခြင်းနှင့် ပန်းအလှပင်များ စိုက်ပျိုးခြင်းကို အစဉ်ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ရာတွင် ဇူလိုင် ၂၀ ရက်က မြို့နယ်စည်ပင်သာယာရုံးအတွင်း ရာသီပန်း စိုက်ပျိုးခြင်း၊ မြေဆွေး၊ မြေဩဇာထည့်ခြင်း၊ ရုံးတွင်းရုံးပြင် သန့်ရှင်းရေးလုပ်ငန်းများ စုပေါင်းဆောင်ရွက်ခြင်းကိုအငယ်တန်းအင်ဂျင်နီယာ–၃ ဦးဒေဝအောင်နှင့် ဝန်ထမ်းများက ဆောင်ရွက်ကြသည်။ **(မြို့နယ်စည်ပင်)**

တောင်တွင်းကြီးမြို့နယ်စည်ပင်သာယာရေးအဖွဲ့သည် ခရိုင်ချင်းဆက်လမ်းဘေး ဝဲ၊ ယာ စိမ်းလန်းစိုပြည်ရေးအတွက် ဇူလိုင် ၃၀ ရက်က အမှုဆောင်အရာရှိ ဦးညိုဝင်း ဦးဆောင်ကြီးကြပ်မှုဖြင့် အရိပ်ရ ရေတမာပင် ၁၀၀၀ ကို စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများက စုပေါင်းစိုက်ပျိုးကြစဉ်။ (က–ပ)

သက်ဆိုင်သူများ ကန့်ကွက်လိုက မြေပုံကူး(တစ်လ)အမည်ပြောင်း / ဂရန်(နှစ်ပတ်)အတွင်း ကန့်ကွက်နိုင်ကြောင်း ကြော်ငြာစာ

စဉ်	[illegible]			[illegible]				[illegible]
	အမည်	မှတ်ပုံတင်	လိပ်စာ	မြို့နယ်	[illegible]	[illegible]	[illegible]	
[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]

[illegible]

သက်ဆိုင်သူများ ကန့်ကွက်လိုက မြေပုံကူး(တစ်လ)အမည်ပြောင်း / ဂရန်(နှစ်ပတ်)အတွင်း ကန့်ကွက်နိုင်ကြောင်း ကြော်ငြာစာ

စဉ်	[illegible]			[illegible]				[illegible]
	အမည်	မှတ်ပုံတင်	လိပ်စာ	မြို့နယ်	[illegible]	[illegible]	[illegible]	
[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]

[illegible]

01-375822

CTY
242279, 579396
562288 216

TOP 243363 705877

မီးစက်ရောင်းရန်
လက်ရှိအသုံးပြုနေသောမီးစက်
NIPPON SHARYO
90 KVA HO7D ENGING
Ph: 682031

PC Workshop
660174, 720301
Desktop, Laptop, Notebook

TV
Ph : 560339

ဗဟိုသိမ်ကြီးဈေး
မြေအောက်ထပ်၊ စာရေးကိရိယာတန်းဆိုင်ခန်းများ ငှားလိုသည်။
ပိုင်ရှင်ကိုယ်တိုင်ဆက်သွယ်ပါ။
ဖုန်း–၂၂၉၅၆၁
၀၉–၅၀၁၆၁၃၆။

သမီးကြီး သက်နုရည်

(အ.ထ.က ၂ ကမာရွတ်)

ဩဂုတ်လ ၁၃ ရက်တွင် ကျရောက်သော မွေးနေ့မှစ၍ ပျော်ရွှင်မှုအပေါင်းနှင့် ပြည့်စုံနိုင်ပါစေ။

ဖေဖေ ဦးမျိုးဝင်း
မေမေ ဒေါ်နိုင်နိုင်ဦး
ညီမလေး မျှယ်ရိုကို
အင်ကြင်းမီ

OD Tour [illegible]

[illegible] Aug 19,
[illegible] Aug 24
[illegible] Aug 20

521(A) [illegible] ☎ 504808, 537672

မိဘမေတ္တာထမင်းချိုင့်ပို့ဆောင်ရေး

အိမ်မှာမအားလပ်၍ ထမင်း၊ ဟင်း ချက်မစားနိုင်သူများအတွက် မိဘမေတ္တာထမင်းချိုင့်ပို့ဆောင်ရေးအဖွဲ့က အိမ်အရောက် စိတ်တိုင်းကျ ပို့ဆောင်ပေးနေပြီနော်၊ မြေပဲဆီသန့်သန့်ဖြင့်သာ သုံးသည်။

ဖုန်း–၅၄၆၈၄၀၊ ၇၂၄၃၄၀။

ငြင်းချက်ထုတ်ရန် သမ္မန်စာ

(တရားမကျင့်ထုံးကိုခဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)

ရန်ကုန်တိုင်းတရားရုံး၌

၂၀၀၄ ခုနှစ်၊ တရားမကြီးမှုအမှတ် ၁၂၅၁

၁။ဒေါ်လတီ	**နှင့်**	**ဦးရဲမြင့်**
၂။ဦးမြင့်ဝင်း		**အမှတ် ၆၁၈၊ ၃ထပ် (ဝဲ)**
၃။ဒေါ်မာလာရီ		**မဟာဗန္ဓုလလမ်း၊ လသာမြို့နယ်**
အမှတ် ၁၃၁/၁၃၃၊ ဗိုလ်ရွဲလမ်း၊		**ရန်ကုန်တိုင်း**
လသာမြို့နယ်၊ ရန်ကုန်တိုင်း။		
(တရားလို)		**(တရားပြိုင်)**

ရန်ကုန်တိုင်း၊ လသာမြို့နယ်၊ မဟာဗန္ဓုလလမ်း၊ အမှတ်–၆၁၈၊ ၃ထပ်(ဝဲ) နေ ဦးရဲမြင့် (ယခုနေရပ်လိပ်စာမသိသူသိစေရမည်)

သင့်အပေါ် တရားလိုက အချင်းဖြစ် ဥပစာသည် တရားလိုများကသာ ပိုင်ဆိုင်ကြောင်း မြွက်ဟကြေညာပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ် ရုံးအခွင့်အမိန့်အရ ရှေ့နေဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါ၍ဖြစ်စေ၂၀၀၄ ခုနှစ်၊ ဩဂုတ်လ ၁၇ ရက်နေ့နံနက် ၁၀ နာရီအချိန်တွင် တစ်ဖက်ကအမည်ရေးသားပါရှိသူ တရားလို၏ စွဲချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ဆိုခဲ့သည့်နေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင်ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့်စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်းများအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်ကတင်သွင်းရမည်။

၂၀၀၄ ခုနှစ်၊ ဩဂုတ်လ (၉)ရက်နေ့တွင် ဤတိုင်းတရားရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

ဦးလှအေး
တွဲဖက်တိုင်းတရားသူကြီး(၁၃)
ရန်ကုန်တိုင်းတရားရုံး။

ချောက် G.T.I ကျောင်းဆင်းများ၏ (၁၅)ကြိမ်မြောက်ဝါဆိုသင်္ကန်းကပ်လှူပွဲ

နှစ်စဉ်ကျင်းပမြဲဖြစ်သော ဝါဆိုသင်္ကန်းကပ်လှူပွဲကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်ပါ၍ အတူတကွ ကုသိုလ်ကောင်းမှုပြုနိုင်ရေးအတွက် မပျက်မကွက် ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

အစီအစဉ်

ကျင်းပမည့်နေ့ရက် – ၁၅–၈–၂၀၀၄(တနင်္ဂနွေနေ့)
ကျင်းပမည့်အချိန် – နံနက်(၈:၀၀)နာရီမှ (၁၂:၀၀)နာရီထိ
ကျင်းပမည့်နေရာ – အဘိဓမ္မာရတနာဃရဓမ္မာရုံ၊ ကမ္ဘာအေးစေတီလမ်း၊ ဗဟန်း၊ သုံးလမ်းမှတ်တိုင်အနီး

ဆက်သွယ်ရန်–
၁။ ဦးမျိုးချစ် ဖုန်း၂၂၂၈၁၁ လိုင်းခွဲ (၁၀၈)ရုံး (၁၁၉)အိမ်
၂။ ဦးကြည်ဝင်း ဖုန်း–၆၈၁၈၉၆
၃။ ဦးအောင်မြင့်သိန်း ဖုန်း–၇၂၅၆၄၁

ရထားပို့ဆောင်ရေးဝန်ကြီးဌာန
ကုန်းလမ်းပို့ဆောင်ရေး
အင်ဂျင်နီယာဌာန
(အခြေစိုက်အလုပ်ရုံ–၃၊ မရမ်းကုန်း)

အခြေစိုက်အလုပ်ရုံအမှတ်(၃)တွင် ဖွင့်လှစ်သော အမျိုးသား/သမီး၊ အခြေခံယာဉ်မောင်းသင်တန်းကို ၆–၉–၂၀၀၄နေ့တွင် ဖွင့်လှစ်ပါမည်။ ၁၈–၈–၂၀၀၄နေ့မှစ၍ စာရင်းပေးသွင်းနိုင်ပါသည်။

အင်ဂျင်နီယာမှူးများနှင့် ဝါရင့်နည်းပြဆရာများမှသင်ကြားပေးပါသည်။ သင်မောင်းလိုင်စင်နှင့်(ခ)လိုင်စင်ရရှိရေးအတွက် ကူညီဆောင်ရွက်ပေးပါသည်။

သင်တန်းသားဦးရေကန့်သတ်ထားပါသည်။

၎င်းအပြင် – အခြေခံလျှပ်စစ်ဂဟေဆက်သင်တန်း၊ အင်ဂျင်ထိန်းသိမ်းပြုပြင်မှုသင်တန်း၊ တွင်ခုံသင်တန်းများကို ၂–၉–၂၀၀၄နေ့တွင် စတင်ဖွင့်လှစ်ပါမည်။ အင်ဂျင်နီယာမှူးများနှင့်ဝါရင့်ပညာရှင်များမှ စာတွေ့/လက်တွေ့ကို အနီးကပ်ကြီးကြပ်သင်ကြားပို့ချပေးမည်ဖြစ်ပါသည်။

ဆက်သွယ်ရန်– ပြည်လမ်း(၈)မိုင်လမ်းဆုံနှင့်မြိုင်ဟေဝန်ပန်းခြံအနီး၊ မရမ်းကုန်းမြို့နယ်။ ဖုန်း–၆၆၀၈၅၁။

Computer Rental

Pentium II,III [illegible] **CD-ROM, Speaker** [illegible]

NAWARAT Computer Sales, Maintenance & Rental
No.(135), Bogalayzay St., Botahtaung Tsp. Tel: 29 57 58

– ၄၅ [illegible] 12½ x 40 Ph. A/C [illegible]
– [illegible] 25 x 60 Ph. 440 V -
အမြင့် 14' ([illegible]) ဆက်သွယ်ရန် – 246168

[illegible]

[illegible]

MAY Int'l Education & Training Center

August / September သင်တန်းသစ်များ

- TOEFL (CBT/PBT)
- IELTS
- SAT (I)
- GCE O' Level
- LCCI I, II, III

- General English
- English Language Speaking
- High School English
- Basic Computer Course

[illegible] Tel: (01) 544224, 545375.

ရောင်းချရန်ကြော်ငြာစာ

တရားမကျင့်ထုံးဥပဒေအမိန့်–၂၁၊ နည်းဥပဒေ–၆၆

ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး

၂၀၀၄ခုနှစ် တရားမဇာရီမှုအမှတ်–၁

မြန်မာ့အရှေ့တိုင်းဘဏ်လီမိတက်	**နှင့်**	**ဒေါ်စန်းစန်းတာ**
အမှတ်–၁၆၆/၁၆၈၊ပန်းဆိုးတန်းလမ်း၊		**တိုက်အမှတ်–၂၉၂၊ အခန်း–၁၄**
ကျောက်တံတားမြို့နယ်။		**အနောက်ရန်ကင်း၊ ရန်ကင်းမြို့နယ်။**
(တရားနိုင်)		**(တရားရှုံး)**

ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး တရားမကြီးမှုအမှတ်–၁၃၁/၂၀၀၃ အမှုတွင် အနိုင်ဒီကရီ အတည်ပြုဆောင်ရွက်ရန်အတွက် အောက်ဖော်ပြပါပစ္စည်းကို ၂၀၀၄ခုနှစ် ဩဂုတ်လ၃၀ရက် နံနက်(၁၀)နာရီအချိန်တွင် ၎င်းပစ္စည်းတည်ရှိရာအရပ်၌ လေလံတင်ရောင်းချလိမ့်မည်။ ကိုယ်တိုင်သော်လည်းကောင်း၊ တရားဝင်လွှဲအပ်ထားသည့် ကိုယ်စားလှယ်ဖြင့်သော်လည်းကောင်း လေလံဆွဲဝယ်ယူနိုင်ကြောင်း ကြေညာလိုက်သည်။

လေလံတင်ရောင်းချမည့်စည်းကမ်းချက်များ

၁။ ပစ္စည်းစာရင်းတွင် ဖော်ပြထားသော အချက်အလက်များမှာ တရားနိုင်က တရားရုံးသို့ တင်ပြချက်အရသိရှိရသမျှဖြစ်သည်။မှားယွင်းခြင်း၊ ကြွင်းကျန်ခြင်း တစ်ခုခုပေါ်ပေါက်ပါက တရားရုံးက တာဝန်ယူမည် မဟုတ်ပါ။
၂။ လေလံတင်ရောင်းချသည့်နည်းစနစ်ကို ရောင်းချသူအရာရှိက သတ်မှတ်သည့်အတိုင်းရောင်းချမည်ဖြစ်သည်။
၃။ စျေးနှုန်းအမြင့်ဆုံးပေးဝယ်သူအား လေလံဆွဲဝယ်ယူသူအဖြစ် သတ်မှတ်မည်၊ သို့သော်အမြင့်ဆုံးပေးသည့်စျေးနှုန်းမှာ ရောင်းချသည့်ပစ္စည်းအတွက် လက်ခံရန် မသင့်ကြောင်း ရောင်းချသူအရာရှိမှ ထင်မြင်လျှင် လက်မခံဘဲ ငြင်းပယ်နိုင်ခွင့်ရှိသည်။
၄။ လေလံတင်ရောင်းချပြီး မရွှေ့မပြောင်းနိုင်သော ပစ္စည်းအတွက် လေလံဆွဲဝယ်ယူသူက ငွေကျပ်၁၀၀လျှင် ၂၅ကျပ်ကို လေလံဆွဲဝယ်ယူပြီးသည်နှင့် တစ်ပြိုင်နက်တည်း နေ့ချင်းပေးသွင်းရမည်။ ထိုသို့ပေးသွင်းခြင်းမပြုလျှင် တစ်ဖန်ပြန်လည် လေလံတင်ရောင်းချလိမ့်မည်။
၅။ လေလံဆွဲဝယ်ယူသူများသည် ရောင်းချသူအရာရှိက သတ်မှတ်ထားသည့် စပေါ်ငွေကို တင်သွင်းမှသာ လေလံဆွဲဝယ်ယူခွင့်ရှိရမည်။
၆။ လေလံဆွဲဝယ်ယူရရှိသူသည် ၂၅% နေ့ချင်းပေးသွင်းပြီးနောက် ကျန်ငွေများကို လေလံတင်ရောင်းချသည့်နေ့ကိုပယ်၍ ၁၅ရက်မြောက်သည့်နေ့သည် ရုံးပိတ်ရက်ဖြစ်လျှင် ပထမရုံးဖွင့်သည့်နေ့တွင် အပြေအကျေပေးသွင်းရမည်။
၇။ လေလံကျန်ငွေများကို အထက်ပါနေ့ရက်များတွင် ပေးဆောင်ရန် ပျက်ကွက်ပါက ပစ္စည်းကို အသစ်တစ်ဖန် ပြန်လည်လေလံတင်ရောင်းချလိမ့်မည်၊ ပေးသွင်းထားသောလေလံငွေများကို ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်းခံရမည်။

၂၀၀၄ခုနှစ် ဩဂုတ်လ ၄ရက်နေ့ ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

ပေါ်ခိုင်သန်း
B.Sc(Chem), M.Sc(F), H.G.P, R.S
ဒုတိယခရိုင်တရားသူကြီး(၅)
အနောက်ပိုင်းခရိုင်တရားရုံး
ရန်ကုန်တိုင်း။

ပစ္စည်းစာရင်း

ရန်ကုန်တိုင်း၊ မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၀)မြေကွက်အမှတ် ၁၇/C ဘီ ရန်ကုန်တိုင်း၊ မရမ်းကုန်းမြို့နယ်(၈)ရပ်ကွက်၊ သမာဓိလမ်းသွယ်(၁)လမ်း၊ အမှတ်–၆၂ဟုခေါ်တွင်သော ဧရိယာအားဖြင့်(၀၁၁၁မ၀၈၆) ဧက ကျယ်ဝန်းသည့် လ/န ၃၉၇ ရှိပြီး မြေပိုင်မြေနှင့်ယင်းမြေကွက်ပေါ်ရှိ မရွှေ့မပြောင်းနိုင်သော အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်။

ကြမ်းခင်းစျေးကျပ်သိန်း(၁၈၀)ဖြစ်ပါသည်။

အမည်ပြောင်းခြင်း

ဦးအေးကျော်၏သမီး မော်လမြိုင်တက္ကသိုလ် ပထမနှစ်(ရုက္ခဗေဒ)မှ မလှရီအား မမြတ်ဝတ်ရည်အေးဟု အမည်ပြောင်းလဲခေါ်ပါရန်။

မမြတ်ဝတ်ရည်အေး။

အမည်ပြောင်း

ဦးဝင်းမောင်၏ သမီးဖြစ်သူ အထက(၂)၊ လသာမှ မအိအိနှင်းဖြူအား မအိစန္ဒီမောင်ဟု ပြောင်းလဲခေါ်ဆိုပါရန်။ **မအိစန္ဒီမောင်။**

ကျေးဇူးဆပ်ပါမည်

ကျွန်တော် သန်းထိုက် C.D.C-52830 PP.382423၏ ရိုးရိုးသင်္ဘောသား FIT လက်မှတ်မူရင်းနှင့် စီဒီစီ/မနုလလျှောက်ခွင့်စာရွက်မူရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိသူအား ပြန်လည်ပေးပို့ပါရန်။

သန်းထိုက်
Ph-543346.

ကျေးဇူးဆပ်ပါမည်

ကျွန်တော်၏ မနုလအမှတ်–၀၆၅၆၅၁ ပျောက်ဆုံးသွားပါ၍ တွေ့ရှိက ပြန်လည်ပေးပို့ပါရန်။ **ချိုလင်းအောင်**
[၁၁/မဥန(နိုင်)၀၀၀၀၅၆]
ဖုန်း–၇၀၇၇၈၄။

ဖခင်အမည်မှန်

မြိတ်မြို့၊ အထက(၁)အဋ္ဌမတန်း (B)တွင် ပညာသင်ကြားနေသော မောင်တင်အောင်ဝင်း၏ဖခင်အမည်မှန်မှာ ဦးရှင်မွန်ဖြစ်ပါကြောင်း။

ဦးရှင်မွန်။

အမြန်ပြန်လာပါ

မောင်သီလ(ခ)ဝင်းနိုင်စိုး အဖေကြီးစိတ်ပူနေသည်။ အသက် ၁၄နှစ်၊ အသားညို၊ နားရွက်တစ်ဖက်ကုပ်၊ အရပ်၅ပေ ၃လက်မ၊ တွေ့ရှိသူများ အကြောင်းကြားပေးပါ။

ဦးစိုးဝင်းသိန်း (MGDN–၀၀၇၃၂၂)
ဖုန်း–၅၆၅၁၆၈။

အမည်ပြောင်းခြင်း

ဦးလှကျော်၏သား စစ်ကိုင်းတိုင်း၊ ဝန်းသိုမြို့နယ်၊အထက(တွဲဖက်) ဂျိုးထောင် ဒသမတန်းမှ မောင်ဇော်လင်းအား မောင်ဇော်လင်းထွန်းဟု အမည်ပြောင်းလဲခေါ်ပါရန်။

အမည်ပြောင်းခြင်း

အထက(၆)၊ ဗိုလ်တထောင်၊ ဒသမတန်း(A)မှ ဦးမြသန်းထွန်း၏သား မောင်ရှိန်းသူအား မောင်ရှိန်းသူကျော်ဟု ပြောင်းလဲခေါ်ပါရန်။

မောင်ရှိန်းသူကျော်။

[illegible]

တိုက်ခန်း အမြန်ရောင်းမည်

အမှတ်၃၆(B)(၃)၊ သုံးလွှာ(18' x 60')၊ အလံပြဘုရားလမ်း၊ ဒဂုံမြို့နယ်၊ လပြည့်ဝန်း SHOPPING MALLမျက်နှာချင်းဆိုင်။အဆင့်မြင့်အထူးပြင်ဆင် ထားပြီး၊ ကိုယ်ပိုင်ရေ၊ ကိုယ်ပိုင်မီတာ(ညှိနှိုင်းစျေး)

ဆက်သွယ်ရန်–
၀၁–၂၅၀၆၄၄၊
၀၉–၉၉ ၂၅၈၆၈။

သက်ဆိုင်သူများ ကန့်ကွက်လိုက [illegible](တစ်လ)အမည်ပြောင်း / [illegible](နှစ်ပတ်)အတွင်း ကန့်ကွက်နိုင်ကြောင်း ကြော်ငြာစာ

စဉ်	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]

[illegible]



ဈေးပြိုင်ချိပ်ပိတ်တင်ဒါခေါ်ယူခြင်း

၁။ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန၊ ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့် စစ်ဆေးရေးဦးစီးဌာနရှိ အသုံးမပြုတော့သည့် အောက်ဖော်ပြပါ မော်တော်ယာဉ်အဟောင်းများကို ချိပ်ပိတ်တင်ဒါစနစ်ဖြင့် လေလံတင်ရောင်းချမည်ဖြစ်ပါသည်။

စဉ်	ယာဉ်အမျိုးအစား	အရေအတွက်	ယာဉ်တည်နေရာ
၁။	မော်တော်ယာဉ်မျိုးစုံ	(၂၁)စီး	ရန်ကုန်မြို့

၂။ **တင်ဒါစည်းကမ်းနှင့်လျှောက်လွှာပုံစံရောင်းချမည့်နေ့**–၉–၈–၂၀၀၄ မှ ၂၃–၈–၂၀၀၄ရက်ထိ (ရုံးချိန်အတွင်း)

၃။ **တင်ဒါစတင်တင်သွင်းရမည့်နေ့**–၁၀–၈–၂၀၀၄နေ့မှစ၍ (ရုံးချိန်အတွင်း)

၄။ **တင်ဒါတင်သွင်းရမည့်နောက်ဆုံးနေ့**–၂၄–၈–၂၀၀၄ရက် မွန်းတည့်၁၂နာရီ

၅။ **တင်ဒါဖွင့်လှစ်ရောင်းချမည့်နေ့**–၂၄–၈–၂၀၀၄နေ့ ၁၃:၀၀နာရီ

၆။ **တင်ဒါတင်သွင်းရမည့်နေရာ**–ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့်စစ်ဆေးရေးဦးစီးဌာန(ရုံးချုပ်)၊အမှတ်–၆၂၂(ဒုတိယထပ်)၊ ကုန်သည်လမ်းနှင့် ဗိုလ်ဆွန်ပက်လမ်းထောင့်၊ ရန်ကုန်မြို့။

၇။ တင်ဒါပုံစံနှင့် စည်းကမ်းချက်များအား တစ်စုံလျှင် ကျပ် ၂၅၀၀/– (ကျပ်နှစ်ထောင့်ငါးရာတိတိ)နှုန်းဖြင့် ဝယ်ယူနိုင်ပါသည်။

လေလံတင်ရောင်းချရေးအဖွဲ့
ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့်စစ်ဆေးရေးဦးစီးဌာန။



ကျေးဇူးတင်ရှိခြင်း
ဒေါက်တာရည်ရည်ခိုင် M.B.B.S(Ygn)
အသက်(၄၄)နှစ်၊ ပေါင်းတလည်/ပေါက်ခေါင်းမြို့

၁၃–၇–၂၀၀၄ရက်တွင် ကွယ်လွန်ခဲ့သော ဒေါက်တာရည်ရည်ခိုင်မကျန်းမာစဉ်က အစစအရာရာ ဝိုင်းဝန်းကြိုးပမ်းကုသပေးခဲ့ကြသော သမားတော်ကြီးများနှင့် သူနာပြုများအားလည်းကောင်း၊ ကွယ်လွန်ချိန်အထိ အနီးကပ်တရားပြပေးခဲ့ကြသော တရားနည်းပြဆရာများနှင့် ဆရာမလေးအားလည်းကောင်း၊ နောက်ဆုံးချာပနခရီးစဉ်အတွက် အစစအရာရာကူညီပြီး လိုက်ပါပို့ဆောင်နှုတ်ဆက်ခြင်း၊ လွမ်းသူ့ပန်းခွေများ၊ ပန်းခြင်းများပေးပို့ခြင်း၊ လှူဖွယ်ပစ္စည်းများပေးပို့ခြင်း၊ ကားလေးယာဉ်များဖြင့်လိုက်ပါပို့ဆောင်ကူညီခြင်း၊ မိသားစုနှင့်အတူ ဝမ်းနည်းကြေကွဲကြသော ပေါင်းတလည်နှင့်ပေါက်ခေါင်းမြို့တို့မှ မြို့မိမြို့ဖများ၊ ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ လူကိုယ်တိုင်သော်လည်းကောင်း၊ တယ်လီဖုန်းဖြင့်သော်လည်းကောင်း၊ မေးမြန်းနှစ်သိမ့်အားပေးကြသော ရပ်ဝေး၊ ရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများနှင့် ကျေးဇူးတင်ထိုက်သူများအားလုံးအားလည်းကောင်း ကျေးဇူးတင်ရှိပါကြောင်း။**ကျန်ရစ်သူမိသားစု**

တစ်လပြည့်လွမ်းဆွတ်သတိရခြင်း
ဒေါက်တာရည်ရည်ခိုင် အသက်(၄၄)နှစ်
(၁၃–၇–၂၀၀၄ မှ ၁၃–၈–၂၀၀၄)

သမီးကြီး မိသားစုနဲ့ ခွဲခွာခဲ့သည်မှာ တစ်လပြည့်ခဲ့ပါပြီ။ မလွန်ဆန်နိုင်သော သခ်ါရတရားမို့ စိတ်မှာဖြေသော်လည်း တစ်စက္ကန့်မျှ မေ့မရပါ။ သမီးကြီးရဲ့ မိသားစုအပေါ် ထားခဲ့သော ချစ်ခင်ကြင်နာ ညှာတာထောက်ထားမှုအစုစုကို သတိရလွမ်းဆွတ်လျက်ပါ။ သမီးကြီးအတွက် ရည်စူး၍ နေ့စဉ်ပြုသမျှဒါန သီလ ဘာဝနာ ကုသိုလ်ကောင်းမှုအားလုံးကို အမျှပေးဝေပါတယ်။ မြင့်မြတ်၍ ငြိမ်းချမ်းသောဘုံဘဝမှ သာဓုခေါ်ဆိုနိုင်ပါစေ။ အမျှ– အမျှ– အမျှ။

ဖေဖေ ဦးသိန်းခိုင်–မေမေ ဒေါ်မြင့်ကြည်
ညီမ အိစံ၊ သီသီအောင်၊ ပေါက်ခေါင်းမြို့။

လွမ်းဆွတ်သတိရခြင်း
ဒေါက်တာရည်ရည်ခိုင်

တူမလေး မချို ခွဲခွာသွားခဲ့သည်မှာ တစ်လပြည့်ခဲ့သော်လည်း တစ်နေ့မှ မေ့မရပါ။ လေးလေးတို့ ပြုသမျှကုသိုလ်ဒါနအားလုံး အမျှပေးဝေပါတယ်။ မြင့်မြတ်သော ဘုံဘဝမှ သာဓုခေါ်ဆိုနိုင်ပါစေ–––။

လေးလေး ဦးသန်းနိုင်တာ–Dr. ဒေါ်သိန်းနွဲ့
ညီမလေး သိင်္ဂီသန်းနိုင်
မောင်လေးချမ်းမင်းနိုင်၊ ရဲမင်းနိုင်
မန္တလေးမြို့။

လွမ်းဆွတ်သတိရခြင်း
ဒေါက်တာရည်ရည်ခိုင်

တူမလေး မချို ခွဲခွာသွားခဲ့သည်မှာ တစ်လပြည့်ခဲ့ပါပြီ။ တစ်နေ့မှ မေ့မရပါ။ တူမလေးအတွက် ရည်စူးပြီး တီလေး နေ့စဉ်ပြုသမျှ ကုသိုလ်ကောင်းမှု အားလုံးကို အမျှပေးဝေပါတယ်။ မြင့်မြတ်၍ ငြိမ်းချမ်းသောဘုံဘဝမှ သာဓုခေါ်ဆိုနိုင်ပါစေ–––။

တီလေး ဒေါ်ခင်အေးဆွေ
ရန်ကုန်မြို့။

တစ်လပြည့်အလွမ်း
ဒေါက်တာရည်ရည်ခိုင်

မကြီး–မိသားစုနဲ့ ခွဲခွာသွားခဲ့သည်မှာ တစ်လပြည့်ခဲ့ပါပြီ။ မလွန်ဆန်နိုင်သော သခ်ါရတရားမို့ စိတ်မှာဖြေသော်လည်း တစ်စက္ကန့်မျှ မေ့မရပါ။ မကြီးအတွက် ရည်စူးပြီး ဝါဆိုလပြည့်နေ့က ပြုခဲ့သော ကုသိုလ်ကောင်းမှုအစုစုအား အမျှပေးဝေပါတယ်၊ မြင့်မြတ်၍ ငြိမ်းချမ်းသော ဘုံဘဝမှ သာဓုခေါ်ဆိုနိုင်ပါစေ။ အမျှ–အမျှ–အမျှ။

ညီမ– Dr. ခင်မောင်ဇော်–မသီတာခိုင်
ညီမ–နေမင်းဇော်–မသက်သက်ခိုင်
တူမလေးများ–မွေ့မွေ့၊ ကြွေ့ကြွေ့၊ ပွေ့ပွေ့။
ပြည်မြို့။

အမွေဆက်ခံရန်သက်သေခံလက်မှတ်ရစေခြင်းငှာ လျှောက်ထားကြောင်းအကြောင်းကြားစာ
(အမွေဆက်ခံရန်သက်သေခံလက်မှတ်စာအက်ဥပဒေပုဒ်မ –၃၇၃)
ရန်ကုန်အရှေ့ပိုင်းခရိုင် ခရိုင်တရားမရုံး၌
၂၀၀၄ခုနှစ်၊ တရားမအသေးအဖွဲ့မှုအမှတ် –၇၀

ကွယ်လွန်သူ ဦးမြင့်ချိုနှင့် ဦးဘကြိုင်တို့ မြန်မာ့စီးပွားရေးဘဏ်ဘဏ်ခွဲ(၁)၌ ကျန်ရှိရစ်သော ပစ္စည်းအကြောင်း။

ဦးတင်ထွန်း **လျှောက်သူ**

ရန်ကုန်တိုင်း၊ ဗိုလ်တထောင်မြို့နယ်၊ (၈)ရပ်ကွက်၊ မဟာဗန္ဓုလလမ်း၊ တိုက်–၂၈၉၊ အခန်း(၂၇)နေ ဦးတင်ထွန်းက ကွယ်လွန်သူ ဦးမြင့်ချိုနှင့် ဦးဘကြိုင်၏ အစ်ကိုနှင့်သားဖြစ်သည်ဟူ၍ အထက်ပါလိပ်စာနေ ၎င်းကွယ်လွန်သူ ဦးမြင့်ချိုနှင့် ဦးဘကြိုင်မှာ ကျန်ရှိရစ်သော ပစ္စည်းပိုင်နက်ရရန်ရှိသော ကြွေးမြီများကို ကောက်ခံရန် အမွေဆက်ခံရန် သက်သေခံလက်မှတ်စာအက်ဥပဒေအရ လက်မှတ်စာရလိုကြောင်း ဤရုံး၌လျှောက်ထားချက်ရှိသည်ဖြစ်၍ ထိုသို့သောလျှောက်ထားကြောင်းကို အများလူတို့သိကြားစေခြင်းငှာ ကြော်ငြာသည်မှာ ၎င်းကွယ်လွန်သူ ဦးမြင့်ချိုနှင့် ဦးဘကြိုင်မှာကျန်ရစ်သော ပစ္စည်းများအပေါ်၌ ရရန်ရှိသူလူဟူသမျှတို့သည် ဤရုံးသို့ ၂၀၀၄ခုနှစ်၊ ဩဂုတ်လ ၂၃ရက် (၁၃၆၆ခုနှစ်၊ ဝါခေါင်လဆန်း ၈ရက်)နေ့ နံနက် ၁၀နာရီအချိန်တွင် လာရောက်ကြရမည်။ ၎င်းနေ့ရက်တွင် လျှောက်သူ ဦးတင်ထွန်း၏လျှောက်ချက်ကို နားကြား၍ လက်မှတ်ရသင့်မရသင့်သည်အကြောင်းကို စီရင်ဆုံးဖြတ်လိမ့်မည်။

၂၀၀၄ခုနှစ်၊ ဩဂုတ်လ ၉ရက်နေ့ ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

ဒေါ်ခင်နှင်းဦး (တ/၁၆၀၆)
ခရိုင်တရားသူကြီး(၂)
အရှေ့ပိုင်းခရိုင်တရားရုံး။







Honey Moon

မြို့တွင်း/ပြင်၊ လချုပ် ကားမျိုးစုံ ငှားသည်။ ယာဉ်ပိုင်ရှင်များ ဆက်သွယ်ပါ။ **ဖုန်း–၂၄၀၈၃၂၊ ၂၈၇၁၂၉၊ ၀၉၅၀၁၈၈၆၇။**

ကျေးဇူးဆပ်ပါမည်

ကျွန်တော်၏ နိုင်ငံကူးလက်မှတ်၊ အမှတ် ၀၆၇၃၀၇မှာ ကျောက်တံတားမြို့နယ်အတွင်း ကျပျောက်သွားပါသဖြင့် တွေ့ရှိကပြန်လည်ပေးပို့ပါရန်။ **ဦးတင်အောင်**
Ph:378385

တောင်ကုတ်မြို့နယ်အသင်း(ရန်ကုန်)
ဦးထွန်းရင်ဦး (၆၈)နှစ်
ရွှေဗဟိုစည်မိသားစု
(ရမ်းဗြဲ/ ကျောက်နီမော်)

တောင်ကုတ်မြို့နယ်အသင်း ရာသက်ပန်အသင်းဝင် ဒေါ်စိန်ခိုင်၏ ချစ်လှစွာသော ခင်ပွန်း ဦးထွန်းရင်ဦးသည် ၃–၈–၂၀၀၄ နေ့တွင် ကွယ်လွန်သွားပါ၍ ၅–၈–၂၀၀၄ နေ့တွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်ပြီး ဖြစ်ပါကြောင်း အသင်းသူ၊ အသင်းသားများအား သိစေအပ်ပါသည်။

အမှုဆောင်အဖွဲ့။

ဒေါ်တင်အေး
အသက်(၈၈)နှစ်
(အင်း၀)

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်မြောက်ပိုင်း (၂၈)ရပ်ကွက်၊ အောင်ရိပ်သာ(၃)လမ်း၊ အမှတ်(၂၀)နေ (ဦးသောင်းဖေ)၏ဇနီး၊ (ဦးတိုးကြည်)–ဒေါ်ခင်မြ(မြို့နယ်စာရင်းစစ်ရုံး၊ တာမွေ၊ ငြိမ်း)၊ ဦးခင်မောင်ဝင်း (FM-MPRL)၊ ဦးခင်မောင်အုံး (U.N.H.C.R)–ဒေါ်ခင်လှမြင့်၊ ဦးခင်မောင်ယု–ဒေါ်တင်တင်ညို၊ ဦးအောင်ထွန်း–ဒေါ်ခင်ညို၊ ဦးထွန်းစိန်(Asia World Co.Ltd.)–ဒေါ်ခင်ဖြူ(ကော်ဇောစက်ရုံ)၊ ဦးအောင်သန်းထွန်း–ဒေါ်ခင်နီ၊ ဦးမြင့်အောင်–ဒေါ်ခင်ဝါ တို့၏ မွေးသမိခင်၊ မြေး၂၀ယောက်၊ မြစ်ခြောက်ယောက်တို့၏ အဘွားသည် ၁၀–၈–၂၀၀၄ရက် နံနက် ၇နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၀–၈–၂၀၀၄ ရက် မွန်းလွဲ ၂နာရီတွင် သဂြိုဟ်ပြီးစီးပါကြောင်း။ **ကျန်ရစ်သူမိသားစု။**

အလ္လာရင်မြတ်အမိန့်တော်ခံယူခြင်း
စကီနာခါနွမ်(ခ)
ဒေါ်ခင်သန်း
အသက်(၈၇)နှစ်

ရန်ကုန်မြို့၊ တိုက်အမှတ်၂၅၂/ အခန်း၃၀၁၊ ရာဇာဓိရာဇ်အိမ်ရာ၊ ဗိုလ်တထောင်မြို့နယ်နေ(ဦးဘသန်း)၏ ဇနီး၊ ဦးခင်မောင်သန်း–ဒေါ်ခင်နွဲ့၊ ဦးထွန်းသန်း(MITC/UNPL)–(ဒေါ်နာစရင်း)တို့၏မိခင်၊ မြေးခြောက်ယောက်တို့၏အဘွား ဒေါ်ခင်သန်းသည် ၉–၈–၂၀၀၄ရက် ည၁၀:၃၀ နာရီတွင် အလ္လာရင်မြတ် အမိန့်တော်ခံယူသွားပြီး ၁၀–၈–၂၀၀၄ရက် မွန်းလွဲ၂နာရီအချိန်တွင် ရေဝေးရှိယာမွတ်စလင် ကာဘာရ်စတန်၌ ဒါဖနာပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု။

ဦးတင်လှိုင်
အသက်(၆၆)နှစ်
(ပဲခူး၊နေလင်းယုန်ဆေးပေါ့လိပ်)

ပဲခူးမြို့၊ အမှတ်(၅၀)၊ ပန်းဘဲတန်းလမ်း၊ ဖိုင်းဂနိုင်းတောင်ပိုင်းနေ ဦးဘညွန့်–ဒေါ်အုန်းရင်တို့၏သား၊ ဒေါ်ခင်စန်း၏ခင်ပွန်း၊ မောင်ကျော်ကျော်ဟိန်း–မခင်ထားအေး၊ မဥမ္မာခင်–မောင်ဌေးဝင်း၊ မောင်အောင်ကျော်မိုး–မစန်းစန်းအေး၊ မောင်ဖိုးလပြည့်–မအေးအေးမူတို့၏ဖခင်၊ မခင်ဖုန်းမေ၊ မစုမြတ်နိုးကျော်၊ မောင်ပြည့်ဟိန်းကျော်၊ မခင်အိန္ဒြေကျော်၊ မောင်ဟိန်းထက်ကျော်၊ မမြတ်နိုးခင်တို့၏အဘိုးသည် ၁၁–၈–၂၀၀၄ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၆နာရီ ၃၀မိနစ်အချိန်တွင် ကွယ်လွန်သွားပါသဖြင့် ၁၃–၈–၂၀၀၄ရက် သောကြာနေ့ မွန်းလွဲ ၁နာရီတွင် နေအိမ်မှ အနောက်ဖားကန်သုသာန်သို့ ပို့ဆောင် မီးသဂြိုဟ်မည်ဖြစ်ပါသည်။

ကျန်ရစ်သူမိသားစု။

ဝမ်းနည်းကြေကွဲခြင်း
ဘုရား၊ ကျောင်း၊ ရဟန်းဒါယကာကြီး
ဦးဘိုးစိန်
အသက်(၈၅)နှစ်

တန့်ဆည်မြို့နယ်အသင်း တွဲဖက်အတွင်းရေးမှူး ဦးချစ်မွေး–ဒေါ်မြင့်မြင့်ရီ တို့၏ဖခင် ဦးဘိုးစိန်သည် ၉–၈–၂၀၀၄ရက်တွင် တန့်ဆည်မြို့၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှဝမ်းနည်းကြေကွဲရပါကြောင်း။ **အလုပ်အမှုဆောင်အဖွဲ့၊ တန့်ဆည်မြို့နယ်အသင်း။**

ဝမ်းနည်းကြေကွဲခြင်း
ဒေါ်ကြည်
အသက်(၇၀)

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ၁၁၈လမ်း၊ အမှတ်(၃၂)နေ ဦးတင်အောင် (အတွင်းရေးမှူး၊ဈေးသာယာရေးအဖွဲ့၊ မင်္ဂလာဈေး)–ဒေါ်လှလှအောင် တို့၏မိခင်သည်၁၁–၈–၂၀၀၄ရက်တွင်ကွယ်လွန်သွားပါသဖြင့်ကျန်ရစ်သူမိသားစုနှင့် အတူထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ဥက္ကဋ္ဌနှင့်အမှုဆောင်အဖွဲ့၊ ဈေးသာယာရေး၊ မင်္ဂလာဈေး။

ဘုရား၊ကျောင်းဒါယကာ
ဦးအော်က(ခ)တန်ကုတ်ကျိန်း
အသက်(၇၈)နှစ်
(ဘောဂဗလ ဆီစက်နှင့် အထွေထွေရောင်းဝယ်ရေး)
(မကွေးမြို့)

မကွေးမြို့၊မြို့မရပ်၊ ဘုရားလမ်း၊အမှတ်(၂)နေ (ဦးစစ်ရပ်–ဒေါ်ကျင်မြိုင်) တို့၏သား၊ (ဒေါ်ကြည်)၏ခင်ပွန်း၊ ဦးထွန်းအောင်လင်း(ထွန်းပြည့်စုံ အထွေထွေရောင်းဝယ်ရေး)–ဒေါ်ဖွေးဖွေး(ပါမောက္ခ–ဓာတုဗေဒဌာန၊ရန်ကုန်အရှေ့ပိုင်း တက္ကသိုလ်)၊ ဦးမြင့်သိန်း–ဒေါ်ယဉ်ယဉ်(သိန်း–ကုန်မျိုးစုံရောင်းဝယ်ရေး)၊ ဒေါ်ဘောဘိ(ခ) ဒေါ်မိမိ(မိ–အလှပြင်)၊ ဒေါက်တာတင်တင်လှ(မျက်စိအထူးကု ဆရာဝန်၊တောင်ငူပြည်သူ့ဆေးရုံ)၊ ဒေါက်တာဦးစိုးလင်း –ဒေါ်သင်းသင်း(ဖြူးမြို့)၊ ဦးမောင်မောင်သွင်–ဒေါ်ယဉ်ယဉ်ဆွေ(ဘောဂဗလဆီစက်နှင့် အထွေထွေရောင်းဝယ် ရေး)၊ ဒေါ်မိုးမိုး(မိ–အလှပြင်)၊ ဦးညီညီလွင်–ဒေါ်ခင်အေးမွန်(ဘောဂဗလဆီစက်နှင့် အထွေထွေရောင်းဝယ်ရေး)၊ဦးဝင့်သူ–ဒေါ်ခိုင်ခိုင်ဝင်း(ဘောဂဗလဆီစက်နှင့် အထွေ ထွေရောင်းဝယ်ရေး)၊ မကြည်ဇင်ထွန်းတို့၏ ဖခင်၊ မြေးရှစ်ယောက်တို့၏အဘိုး သည်၁၂–၈–၂၀၀၄ရက်တွင်အထက်ပါနေအိမ်၌ ကွယ်လွန်ပါ၍ ၁၃–၈–၂၀၀၄ ရက် ညနေ ၃နာရီတွင် မကွေးမြို့သုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု။

ရဟန်းဒါယိကာမကြီး
ဒေါ်လှကြည်(၈၅)နှစ်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ဆရာစံ မြောက်အရှေ့ရပ်ကွက်၊ ဦးချစ်မောင် လမ်း၊ အမှတ်(၂၀၀)နေ (ဦးသိန်း–ဒေါ်တင်)တို့၏ သမီး၊ မြူနီစီပယ် ချယ်ယာမင်ဟောင်း(ဦးလှ)၏ ဇနီး၊ (ဦးမောင်ခင်–ဒေါ်အေးကြည်)တို့၏ညီမ၊ (ဦးလှမောင်–ဒေါ်ချစ်ရီ)၊ (ဒေါ်မြမြ)၊ ဗိုလ်မှူးဟောင်း(ငြိမ်း) – ဒေါ်ခင်မြရီ၊ ဦးရဲထွဋ်–ဒေါ်သောင်းမြင့်တို့၏ အမ၊ ဦးထွန်းအောင်–ဒေါ်လှမြင့်၊ (ဦးစိန်လှိုင်)– ဒေါ်ကျင်ရွှေ၊ ဒေါ်အုန်းရီ၊ မောင်ကျော်မျိုး လွင်၊ မောင်သန်းထိုက်အောင် (ယဉ်ပိုင်စိုး ကာပရိုက်တာ၊ တ/၃)–မလှခင်၊ မောင်လင်းထိုက်အောင်၊ မသူဇာလှိုင်၊ မောင်နေမျိုး – မအေးအေးသန်းတို့၏ အဒေါ်၊ မောင်တင်မောင်လှ၏ မိခင်သည် ၁၂–၈–၂၀၀၄(ကြာသပတေးနေ့)နံနက် ၆:၁၀နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါ၍ ၁၄–၈–၂၀၀၄ (စနေနေ့) ညနေ ၃နာရီတွင် ရေဝေးအအေး တိုက်မှ ရေးဝေးသုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၂:၃၀ နာရီတွင်ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဒေါ်ခင်ခင်ကြီး(၇၅)နှစ်
သူနာပြုဆရာမကြီး (ငြိမ်း)
(မြောင်းမြ)

မြောင်းမြမြို့နေဦးဖိုးသိန်း–ဒေါ်တင်တင်တို့၏သမီး၊ (ဦးမောင်မောင်တင်)၏ဇနီး၊ ဦးဇေယျာငြိမ်း–ဒေါ်ခင်မေတင်တို့၏ မိခင်၊ မခိုင်ခိုင်ဇင်(Hon U.C.S.Y)၊ မောင်ကျော်ဇင်လတ်၊ မဟေမာန်ဇေယျာ(နဝမတန်း–F၊အထက–၁၊ဒဂုံ)တို့၏ အဘွားသည် ရွှေပေါက်ကံမြို့သစ်နေအိမ်၌ ၁၁–၈–၂၀၀၄ရက်တွင် ကွယ်လွန် သွားပါ၍ ၁၃–၈–၂၀၀၄(သောကြာနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးအအေး တိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

ဘုရား၊ ရဟန်း ဒါယကာကြီး
ဦးတင်ဦး(၇၂)နှစ်
မြဝတီပုံနှိပ်တိုက် (ငြိမ်း)

ရန်ကုန်တိုင်း၊ သာကေတမြို့နယ် (ဦးဘိုးမင်း–ဒေါ်သန်းခင်)တို့၏ သားကြီး၊ တောင်ဥက္ကလာပမြို့နယ် အမှတ်(၇)ရပ်ကွက်၊ ရှင်သီဒတ်(၁၀)လမ်း၊ အမှတ် (၆၀၁)နေ ဒေါ်တင်ကြည်၏ ခင်ပွန်း၊ (ဦးမောင်ရွှေ)–ဒေါ်ခင်လတ်၊ (ဒေါ်ခင်မြင့်)၊ (ဦးတင်ထွေး)၊ ဦးအောင်ကြည်မင်း (မြန်မာ့အလင်း)–နော်ပွယ်ထူး (မြန်မာ့အလင်း)၊ ဦးတင်မြင့်–ဒေါ်ခင်ငွေးရီ၊ဒေါ်ခင်အေးကြည်၊ ဦးမြင့်သန်း(အမှတ်–၁၊အခြေခံပညာ)– ဒေါ်ခင်အေးသန်း(အမှတ်–၁၊အခြေခံပညာ)တို့၏အစ်ကိုကြီး၊ ဒေါ်ခင်ညိုညို (ဒု– ဦးစီးမှူး၊ အမှတ်–၁၊အခြေခံပညာ)၊ ဒေါ်မြင့်မြင့်ရီ၊ ဦးဇော်မင်း (တပ်စာရင်းကိုင် ကက–ငွေ)–ဒေါ်ချိုချိုအေး၊ဦးမျိုးဆွေ–ဒေါ်စန်းစန်းဝင်း(ရုံးအုပ်၊ကက–ငွေ)၊ဦးကျော်မင်း (မှတ်တမ်းစာရေး၊ ကကငွေ)တို့၏ ဖခင်၊ မခိုင်သဇင်ဝင်းဆွေ၊ မောင်သန့်ဇင်မင်း တို့၏ အဘိုးသည် ၁၁–၈–၂၀၀၄ရက်တွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်သွားပါ၍ ၁၃–၈–၂၀၀၄ရက် မွန်းတည့် ၁၂နာရီတွင် ရေဝေးအအေး တိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ နံနက် ၁၁ နာရီတွင် ထွက်ပါ မည်။)

ကျန်ရစ်သူမိသားစု။

ဒေါ်ရွှေဝမ်(၈၈)နှစ်
ခိုင်ရွှေဝါအထည်ဆိုင် ဗိုလ်ချုပ်ဈေး
(ပျော်ဘွယ်)

ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ ဗိုလ်တထောင်လမ်းသွယ်(၃)၊ အမှတ် (၁၂)၊ (ပထမထပ်)နေ (ဦးတိတ်လျှောင်)၏ ချစ်လှစွာသောဇနီး၊ ဒေါက်တာ ခင်မောင်ဦး – ဒေါက်တာသင်းယုဇော်၊ ဒေါက်တာဇာနည်စိုး – မနှင်းနုဇော်၊ မဝင်းယုဇော်၊ ကိုစိုးသိန်း–မမင်းမင်းအေး၊ ဒေါက်တာဇော်မင်းလတ်၊ မမင်းမင်းသူ၊ မောင်ဇင်မင်းထက်၊ မဖြူဖြူနိုင်၊ မောင်လင်းထွန်းနိုင်၊ မောင်အောင်ဖြိုးနိုင်၊ မောင်စိုးစံမြင့်၊ မနှင်းယုထွေး၊ မကေဇင်ဖြူနှင်း၊ မောင်ဇော်နောင်ထက်၊ မနှင်းနန္ဒာအောင်တို့၏ အဘွား၊ မြစ်လေးယောက်တို့၏ ဘွားဘွားကြီးသည် ၁၀–၈–၂၀၀၄ ရက်တွင် ရန်ကုန်ဆေးရုံကြီး နှလုံးကုသဆောင်၌ ကွယ်လွန်ပါ၍ ၁၂–၈–၂၀၀၄ရက်တွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။

ကျန်ရစ်သူမြေးများ။

ဦးဇော်ဝင်းတင်(ခ)ဦးထိန်ဝင်း
အသက်(၅၆)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ သြဘာလမ်း၊ ကျောက်မြောင်းအထက်ရပ်ကွက်၊ အမှတ်(၂၁)နေ (ဦးသက်တင်–ဒေါ်ခင်လှ)တို့၏ သားကြီး၊(ကိုအုန်းကျော်) – ဒေါ်ယဉ်ယဉ်မြင့်၊ ဦးဝင်းမြင့်သိန်း(ခ) ဦးရွှေဘ–ဒေါ်သောင်းသောင်းနွဲ့တို့၏ အစ်ကိုကြီး၊ တူ၊ တူမငါး ယောက်တို့၏ ဘကြီးသည် ၁၁–၈–၂၀၀၄ရက်တွင် ကွယ်လွန်ပါ၍ ၁၃–၈–၂၀၀၄(သောကြာနေ့) နံနက် ၁၁ နာရီတွင် ရေဝေးအအေး တိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်ပါမည်။ (အထက်ပါနေအိမ်မှ ကားများ နံနက် ၁၀ နာရီတွင် ထွက်ပါ မည်။) ကျန်ရစ်သူမိသားစု။

ဒေါ်ရီရီဝင်း(၃၇)နှစ်
(သထုံ)

မွန်ပြည်နယ်၊ သထုံမြို့နယ်၊ နန်းခဲ ရပ်ကွက်၊ ဘူတာလမ်းနေ ဦးမောင်ကြီး– ဒေါ်သောင်းမြိုင်တို့၏ သမီးထွေး၊ တောင်သာမြို့နယ်၊ ရုံးဇင်ကြီးရွာနေ (ဦးသောင်းညွန့်)–ဒေါ်ခင်မြင့်တို့၏ သမီးချွေးမ၊ သထုံမြို့နေ ဒေါ်ခင်ကင်း၏ တူမ၊ ဦးရဲမြင့်ကြည်၊ ဒေါ်နွဲ့နွဲ့ဝင်း၊ ဗိုလ်ကြီးသီဟန်၊ ဒေါ်စန်းစန်းဝင်း၊ ဦးကျော်အောင်၊ ဒေါ်ငွေးငွေးနွယ်တို့၏ ညီမ၊ မမြင့်သီတာဝင်း၏ အစ်မ၊ ဒုတိယဗိုလ်မှူးကြီးကျော်ကျော်ဦး၏ ချစ်လှစွာသောဇနီး၊ မောင်စွမ်းထက် ဦး (အထက–၃၊သထုံ)၏ မိခင် ဒေါ်ရီရီဝင်း သည် ၁၁–၈–၂၀၀၄ ရက်တွင် သထုံမြို့ နေအိမ်၌ ကွယ်လွန်သွားပါ ၍ ၁၃–၈– ၂၀၀၄ရက် သထုံမြို့၊ ဂေါ့သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးဆွေမျိုးမိတ်သင်္ဂဟ အပေါင်း အား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု။

မဝါဝါဝင်း (၃၃)နှစ်

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့် မြို့နယ်၊ အမှတ်(၁၅၂)၊ မြန်မာ့ဂုဏ်ရည် လမ်း၊ ကန်တော်လေးနေ (ဦးသိန်း ကြည်)–ဒေါ်အေးဝင်းတို့၏ သမီးကြီး၊ (ဦးမျိုးမြင့်)–ဒေါ်စန်းကြည်တို့၏ သမီး ချွေးမ၊ ကိုထွန်းထွန်းကျော်၏ ဇနီး၊ (ကိုအောင်ဆန်းဦး)–မမာမာဝင်း၊ (ကိုကို ဦး)–မဥမ္မာစိုးတို့၏ညီမ၊ မကြည်ကြည် ဝင်း–ကိုမျိုးလှိုင်တို့၏အစ်မ၊ မဆုမြတ် နိုးရတနာ(အထက–၃၊မတည)၏ မိခင် သည် ၁၂–၈–၂၀၀၄ရက်တွင် မဟာမြိုင် အထူးကုဆေးခန်း၌ ကွယ်လွန်သွားပါ သဖြင့် ၁၄–၈–၂၀၀၄(တနင်္ဂနွေနေ့) မွန်းတည့်၁၂နာရီတွင် ရေဝေးအအေး တိုက်မှ ရေဝေးသုသာန်သို့ပို့ဆောင် မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက်၁၁နာရီတွင်ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဒေါ်ကျင်လှိုင် (၇၄) နှစ်
(ဝမ်းသာ၊ ဟံဇား)

ဦးစော–ဒေါ်ဗျားဒုတ်တို့၏သမီး၊ ဦးငြိမ်းမောင် (စက်ဗိုလ်ကြီး၊ မီးရထား၊ ငြိမ်း)၏ဇနီး၊ ဦးအောင်ဝင်း(တိ/ကုဆရာဝန်)–ဒေါ်မာမာ(တိ/ကု ဆရာဝန်)၊ ဦးအုန်းမြင့် (မီးရထား)–ဒေါ်စိုးစိုး၊ဦးတင်ဦး(ယူနီဗာဆယ်အပ်ချုပ်ဆိုင်)–ဒေါ်မာလာ၊ ဒေါ်မိမိလှိုင် (အထပြ၊ အလက–၁၀၊မြောက်ဥက္ကလာပ)၊ မောင်မြသွေး–မဝင်းဝင်းမာ၊ မောင်သက်နိုင်–မခင်အိအိလှိုင် (မွေးစားနို့၊တည်းကုန်း)၏ မိခင်၊ မြေး ၁၇ ယောက်၊ မြစ်နှစ် ယောက်တို့၏ အဘွားသည် ၉–၈–၂၀၀၄ရက်တွင် ကွယ်လွန်ပါ၍ ယင်းနေ့တွင် ရေဝေး သုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီး ပါကြောင်း။

ကျန်ရစ်သူမိသားစု။

ဘုရား၊သိမ်၊ကျောင်း၊ရဟန်းဒါယိကာမကြီး
ဒေါ်ကျင်ဟုန်(ခ)ဒေါ်သန်းမြင့်
အသက်(၆၉)နှစ်
(၂၃–လမ်းကျောက်ကျောဆိုင်)

ရန်ကုန်မြို့၊လသာမြို့နယ်၊ ၂၃လမ်း၊ အမှတ်(၁၃၄)၊မြေညီထပ်နေ (ဦးချွန်တိတ် (ခ)ဦးလှမြင့်)၏ဇနီး၊ မစန်းစန်းမြင့်– ကိုမောင်မောင်သစ်(ဗလ)၊မသိန်းသိန်း၊ ကိုရွှေမြ၊ မခင်အေးမြင့်–ဒေါက်တာကိုမြင့် ဟန်၊ မမြတ်ညို–ကိုဇေယျ၊ မတင်တင် ထွေး–ကိုဟန်မျိုးအောင်၊ မောင်မျိုး ဆက်(ခ)မောင်မြသိန်း၊ မတိုးတိုးလွင် တို့၏ မွေးသမိခင်၊ မောင်ကြည်လင်း၊ မောင်ဝေလင်းနိုင်၊ မောင်ထက်မြက်ဟန်၊ မလွင်မာဟန်၊ မောင်အန်ထော်နီ (ခ)မောင်လှအောင်တို့၏ အဘွား၊ အမှတ်(၁၃)၊ ပထမထပ်၊ ၁၄လမ်း (အောက်လမ်း) လမ်းမတော်မြို့နယ်နေ ဒေါ်ကျင်ဟုန်(ခ)ဒေါ်သန်းမြင့်သည် ၁၁– ၈–၂၀၀၄ရက်တွင် ကွယ်လွန်ပါ၍ ၁၃– ၈–၂၀၀၄(သောကြာနေ့) နံနက် ၁၁ နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင် သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (အထက်ပါနေအိမ်မှကားများနံနက်၉:၃၀ နာရီထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ခရစ်တော်၌ အိပ်ပျော်ခြင်း
ဦးထွန်းရီ(၅၆)နှစ်
(ပြည်တွင်းစတို)
ဆည်မြောင်းဦးစီးဌာန

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၆)ရပ်ကွက်၊ အောင်သုခ(၁)လမ်း၊ အမှတ်(၁၆)နေ (ဦးမောင်နှံ–ဒေါ်သိန်း ချစ်)တို့၏ သား၊ (ဦးသံပရာ–ဒေါ်ဖွား စိန်)တို့၏ သားသမက်၊ ဒေါ်နော်အယ် ထူးဖော(အုတ်ကျင်းလျှော်ရွှေ–လျှော်ထုပ် စက်ရုံ)၏ ခင်ပွန်း၊ နော်မီမီဇာလင်းထွန်း (အုတ်ကျင်းလျှော်ရွှေ လျှော်ထုပ်စက်ရုံ)၊ စောနေဝေထူး (ရန်ကုန်စီးပွားရေး တက္ကသိုလ်)တို့၏ မွေးသဖခင်ကျေးဇူးရှင် သည် ၁၂–၈–၂၀၀၄ရက်တွင် ခရစ်တော် ၌ အိပ်ပျော်သွားပါ၍ ၁၄–၈–၂၀၀၄ (စနေနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေး ခရစ်ယာန်သုသာန်၌ ဝတ်ပြုကိုးကွယ်ပြီး မြေမြှုပ်သင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီ ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ကိုအေး(ခ)ကိုစိုးကျော်ထွန်း
အသက်(၃၆)နှစ်
သံလွင်တံတားစီမံကိန်း(မုတ္တမ)
R.S.B(T)2

ရန်ကုန်တိုင်း၊ဗိုလ်တထောင်မြို့နယ်၊ (၄၃)လမ်း(အောက်)၊ တိုက်(၂၆) စတုတ္ထ လွှာ၊ အခန်း(၄၀၁)နေ ဦးထွန်း မောင်– (ဒေါ်မြကြည်)တို့၏ သား၊ ဒုအရာခံဗိုလ် အောင်လွင်(တပ်မတော်–ရေ)–ဒေါ်ကြည် ကြည်ဝင်း၊ ဒုအရာခံ ဗိုလ်တင်မောင်လွင် တပ်မတော်(ရေ)–ဒေါ်သီစိုး၊ ဦးမြင့်သက် (Toyo Battery)–ဒေါ်မြင့်မြင့်ခိုင်၊ ဦးခင်မောင်လွင်၊ ဒုအရာခံဗိုလ်ခင်မောင်ငွေ (တပ်မတော်–ရေ)–ဒေါ်သီတာလွင်၊ ဦးကို ကိုလွင်–ဒေါ်မျိုးမျိုးအေးတို့၏ ညီ/မောင်၊ ကိုမိုးကျော်ထွန်း၏ အစ်ကို၊ တူ၊တူမ၁၆ ယောက်တို့၏ ဦးလေးသည် ၆–၈– ၂၀၀၄(သောကြာနေ့)တွင် ကွယ်လွန်သွား ပါကြောင်း။ ကျန်ရစ်သူမိသားစု။

ရဟန်းအမကြီး
ဒေါ်ညွှန့်မေ (၈၂)နှစ်
(ထားဝယ်)

ရန်ကုန်မြို့၊ ဒဂုံမြို့နယ်၊ ဦးဝိစာရ အိမ်ရာ၊ မြို့မကျောင်းလမ်း၊ တိုက်(၃)၊ အခန်း(၁၆)နေ (ဦးအောင်ငြိမ်း–ဒေါ်မဲ) တို့၏ သမီး၊ ထားဝယ်မြို့၊ တလိုင်းထိန် ရပ်နေ (ဦးငွေချီ–ဒေါ်အေးကြွယ်) တို့၏ သမီးချွေးမ၊ (ဦးစံမြင့်) (အကောက်ခွန်)၏ဇနီး၊ ရန်ကုန်မြို့၊ အမှတ်(၉)၊ ကီလီ ရိပ်သာနေ (ဒုတိယဗိုလ်မှူးကြီးစိုးတင့်)– ဒေါ်ခင်နုနု(ပထဝီ)တို့၏ အစ်မ၊ ဒေါ်ခင် မာသီ(နိုင်ငံခြားရေးဝန်ကြီးဌာန)၊ ဒေါ်ဆွေ ဆွေမြင့်(ဌာနခွဲမှူး၊ DMIP အမှတ်–၂၊ စက်မှုဝန်ကြီးဌာန)တို့၏ မိခင်၊ ဦးတင် အောင်(သစ်တော) – ဒေါ်ကြည်ညွန့်၊ ဦးကြင်မောင်–ဒေါ်သိန်းရှု၊ ဒေါ်စန်းငွေး၊ မမိမိညီမ်းတို့၏ မေမေကြီးသည် ၁၁– ၈–၂၀၀၄ရက်တွင် Green Cross ဆေးခန်းတွင် ကွယ်လွန်သွားပါ၍ ၁၃– ၈–၂၀၀၄(သောကြာနေ့) နံနက်၁၁နာရီ တွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင် သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉:၃၀ နာရီ တွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဦးတင်လှ အသက်(၆၀)
(ကျိုက်ပဒိုင်)

ရန်ကုန်တိုင်း၊ သဃ်န်းကျွန်းမြို့နယ်၊ (၁၆/၁) ရပ်ကွက်၊ အပိုင်း(၁)ဇဋိလ(ခ) လမ်း၊ အမှတ်(၉၇၀) နေ (ဦးကျော်ဖံ– ဒေါ်သန်းမြင့်)တို့၏ သား၊ (ဦးအေး မောင်–ဒေါ်ခင်ဖုး)တို့၏ သားသမက်၊ ဒေါ်တင်သိန်း၏ ခင်ပွန်း၊ ဒေါ်ကေသီ နိုင်(တိုင်းကျန်းမာရေး)၊ ဒေါ်စန္ဒာတင် (အမက–၂၊ ဒဂုံတောင်)၊ မစန်းစန်းလွင်၊ မအေးကေသွယ်၊ (မောင်မင်းဇော်အောင်) မြို့တော်စည်ပင်၊ မောင်သိုက်ဇော်လင်း တို့၏ မွေးသဖခင်သည် ၁၁–၈–၂၀၀၄ ရက်တွင် ကွယ်လွန်သွားပါ၍ ၁၃–၈– ၂၀၀၄ရက် မွန်းလွဲ ၂နာရီတွင် ရေဝေး အအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (အထက်ပါ နေအိမ်မှ ကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဘုရား၊ ရဟန်းဒါယိကာမ
ဒေါ်ယဉ်ယဉ်မြ(၄၇)နှစ်
(အလပြ–ငြိမ်း)

ဧရာဝတီတိုင်း၊ ဟင်္သာတခရိုင်၊ ဟင်္သာတမြို့နေ ဦးဘိုလောင်–ဒေါ်ခင်နု၊ ဦးကံအေး–ဒေါ်ခင်ရှိန်တို့၏ သမီး၊ ကျုံပျော်မြို့နယ်၊ရဲစခန်းနေ ရဲအုပ်မြင့်သိန်း (စခန်းမှူး)၊ ဒေါ်စန်းမြင့်တို့၏ ညီမ၊ ကျောင်းကုန်းမြို့ ရဲစခန်းနေ ရဲအုပ်သိန်း အောင်(စခန်းမှူး)၏ ဇနီးသည် ၁၁– ၈–၂၀၀၄ ရက်တွင် ကွယ်လွန်သွားပါ၍ ၁၃–၈–၂၀၀၄ ရက် မွန်းတည့် ၁၂ နာရီ တွင် ကျောင်းကုန်းမြို့ ကြို့ကုန်းသုသာန် သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု။

မောင်ညီညီသူ (၃၂)နှစ်

ရန်ကုန်မြို့၊ တိုက်(၁၂၉)၊ အခန်း(၆)၊ (၄) ရပ်ကွက်၊ (၅)လုံးတန်း၊ ရန်ကင်း မြို့နယ်နေ (ရဲမှူးကြီး ဦးလှစိန်–ဒေါ်မေရီ) တို့၏မြေး၊ ဒေါ်မြသိန်း၊ (ဦးလှမျိုးတင့်– ဒေါ်တင်တင်ဝင်း)တို့၏သား၊ ဦးလှစိုး လွင်–ဒေါ်လီလီမာ၊ ဦးလှဦးမြင့်– (ဒေါ်တင်နုရီ)တို့၏ တူ၊ ဒေါ်ခင်ရွှေ၊ ဦးကိုကိုအောင် (Manager Micasa Hotel)–ဒေါ်ခင်စန်းလှ(ခ) ခင်ငွေးငြိမ်း (AFC. Pansea Angkor Hotel, Siem. Reap)၊ ဦးကိုကိုသူ(ဒုစုံမှူး၊စစစ၊ ရန်ကုန် တိုင်း)–ဒေါ်ခင်ခင်ရီ (Tong Tah Co. Ltd)တို့၏ ညီ/မောင်၊ မမျိုးမဝင်း (ACE Data Systems)၊ မောင်သက် ထွန်းအောင်ဝင်း(ACE Data Systems) တို့၏ အစ်ကို၊ မောင်ဟိန်းထက်အောင် (ရန်ကင်း၊ TTC)၊မပိုးနဒီလှိုင်း(ရန်ကင်း၊ TTC)တို့၏ဦးလေးသည် ၁၂–၈–၂၀၀၄ ရက်တွင် နေအိမ်၌ကွယ်လွန်သွား ပါ၍ ၁၄–၈–၂၀၀၄ရက် နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဒေါ်ဆွဲ့ခမ်းဟိန်း(၇၉)နှစ်
(မူဆယ်)

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ သုဝဏ္ဏ ပေါ်ဆန်းမွှေးလမ်းမ၊ ရွှေဝါ လမ်းသွယ်၊ အမှတ်(၁၂၂)နေ ဒေါ်နန်း ရွှေအုန်း၊ ဦးရဲထွဋ်–ဒေါ်နန်းရွှေကြည်၊ သပိတ်ကျင်းမြို့နယ်၊ ဇရပ်ကွင်းနေ ဦးစိုင်းအိုက်လှိုင် – ဒေါ်နန်းခမ်းမှုန်၊ ဦးစိုင်းထွန်းအေး – ဒေါ်နန်းနှင်းသက်၊ မန္တလေးမြို့နေဦးစိုင်းပန်းဆိုင်–ဒေါက်တာ စွဲညိုညိုအောင် (Fortune Hotel)၊ဦးစိုင်း ကျော်ဝင်း–ဒေါ်နန်းစိန်မြ၊ ဦးစိုင်းဘ အောင်၊ နန်းညိုညိုအေးတို့၏ အဒေါ်၊ မြေး၁၈ယောက်တို့၏အဘွား၊ တောင်ကြီး မြို့ အေးသာယာနေ ဒေါ်သိန်းညွန့်၏ အစ်မ ဒေါ်ဆွဲ့ခမ်းဟိန်းသည် ၁၁–၈– ၂၀၀၄ရက်တွင်ကွယ်လွန်ပါ၍ ၁၃–၈– ၂၀၀၄(သောကြာနေ့) ညနေ၅နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေး သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (သုဝဏ္ဏ နေအိမ်မှ ကားများ ညနေ ၄ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဦးကံကြီး (၇၇)နှစ်

ရန်ကုန်တိုင်း၊ စမ်းချောင်းမြို့နယ်၊ ဝေဠုဝန်မြောက်ပိုင်း၊ ကံ့ကော်လမ်း၊ အမှတ်(၈/A)နေ(ဦးချမ်းမြ– ဒေါ်မြကြီး) တို့၏သား၊ ဒေါ်တင်လှ၏ ခင်ပွန်း၊ ဒေါက်တာတင်ဝင်း(မြို့နယ်ကျန်းမာရေး ဦးစီးဌာနမှူး၊ အင်္ဂပူမြို့၊ ဟင်္သာတ မြို့နယ်)၏ ဖခင်၊ မဖြူမိုဇင်(ပထမ ပုဂ္ဂလိကဘဏ်)၊ မောင်ဉာဏ်ဖြိုးဝင်း တို့၏အဘိုးသည်၁၂–၈–၂၀၀၄ (ကြာသ ပတေးနေ့)တွင် ကွယ်လွန်ပါ၍ ၁၄– ၈–၂၀၀၄(စနေနေ့) မွန်းလွဲ၂နာရီ တွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန် သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ် မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ပါ မည်။) ကျန်ရစ်သူမိသားစု။

ဦးအေးသိန်း (၇၆)နှစ်
(ဇလွန်မြို့နယ်အသင်း)
(ဗဟိုစည်)

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်တောင်ပိုင်း၊ (၅၇)ရပ်ကွက်၊ အမှတ်(၁၁၇၉)၊ မြလမ်း နေ ဒေါ်တင်လှိုင်၏ ခင်ပွန်း၊ ဒေါ်ရှုအိမ်း၊ (ဦးကိုကိုကြီး)–ဒေါ်ရှုကြည်၊ ဦးညွန့်ဝေ (သတင်းထောက်မှူး၊ MNA)–(ဒေါ်ရှုရီ)၊ ဦးဝေလင်း–ဒေါ်ချို၊ ဦးဇော်မင်းထွန်း (Myanmar Apparel Co,)–ဒေါ်မြင့် မြင့်အေး (လယ်ယာ/ထွက်ကုန်)၊ မောင်ထွန်းထွန်းဦး၊ ကိုစိုးလွင်–မမြင့်မြင့် ထွေးတို့၏ ဖခင်၊ မြေး ၁၂ယောက်၊ မြစ်တစ်ယောက်တို့၏ အဘိုးသည် ၁၂– ၈–၂၀၀၄ရက်တွင် ကွယ်လွန်သွားပါ၍ ၁၄–၈–၂၀၀၄ရက် မွန်းတည့် ၁၂နာရီ တွင် ရန်ကုန်ဆေးရုံကြီးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ် ပါမည်။(နေအိမ်မှကားများနံနက် ၁၀:၃၀ နာရီထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

စုးစုဝင်(ခ)ဦးစိုးဝင်း
အသက်(၆၃)နှစ်
(မြောင်းမြ)

မြောင်းမြမြို့၊ဦးဘချိုလမ်း (ဦးအစွန်– ဒေါ်လိုင်ဝှက်)တို့၏သား၊ ဟိုပင်မြို့နေ (ဦးဘအုန်း)–ဒေါ်ကြည်ညွန့်တို့၏ သား သမက်၊ ဦးအဖေ့–(ဒေါ်ကျင်မြ)၊ဦးငွေး လှိုု–ဒေါ်ညွန့်ရှင်၊ ဦးစက်ချင်–(ဒေါ်မြ ကြည်)တို့၏မောင်၊ ဦးကျော်ဝင်း– ဒေါ်ညွန့်ချွင်၊ ဒေါ်ယုယုလွင်၊ ဒေါ်ကျင် အေး တို့၏အစ်ကို၊ တောင်ဒဂုံမြို့နယ်၊ (၅၅)ရပ်ကွက်၊အမှတ်(၁၂၆)၊ ရွှေရတနာ လမ်းနေ ဒေါ်ခင်စန်း၏ ချစ်လှစွာ သောခင်ပွန်း၊ မောင်စိုးနိုင်ဦး၊ မလှ ကြည်ဖြူ(အလက–၄၊ တ/ဒဂုံ)၊မလှ ကြည်အေး၊ မမေသဇင်ထွေးတို့၏ မွေးသဖခင်၊ တူ၊တူမ၁၆ယောက်တို့၏ ဦးလေး ဦးစိုးဝင်းသည် ၁၂–၈–၂၀၀၄ ရက်တွင် အထက်ပါနေအိမ်၌ ကွယ်လွန် သွားပါ၍ ၁၄–၈–၂၀၀၄(စနေနေ့)နံနက် ၁၁နာရီတွင်ရေဝေးအအေးတိုက်မှ ရေဝေး သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀နာရီ တွင်ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဒေါ်စိန်စိန်အသက်(၈၀)

ရန်ကုန်မြို့၊ အမှတ်(၇၅၂)၊ မဟာဗန္ဓုလလမ်းနေ (ဦးရွှေဖေ–ဒေါ်ရှု မေ)တို့၏ သမီး၊ (ဒေါ်မမ)၊ (ဦးတင် ဟန်–ဒေါ်တင်အုံး)၊ (ဦးမောင်မောင်– ဒေါ်အေးခိုင်)တို့၏ ညီမ ဒေါ်စိန်စိန်သည် ၁၂–၈–၂၀၀၄ ရက် နံနက် ၅ နာရီတွင် နေအိမ်၌ကွယ်လွန်သွားပါ၍ ယင်းနေ့ တွင်ပင် ထိန်ပင်သုသာန်၌ သင်္ဂြိုဟ်ပြီးစီး ပါကြောင်း။ ကျန်ရစ်သူမိသားစု။

ဒေါ်ခင်ကြည် (၇၃)နှစ်
(ဟင်္သာတ)

ဟင်္သာတမြို့၊ ငါးဖယ်တူကျေးရွာနေ (ဦးချစ်တီး–ဒေါ်ဒွန်း)တို့၏ သမီးကြီး၊ ဒေါ်ခင်တင့်၊ ဦးထွန်းရွှေတို့၏ အစ်မ၊ ရန်ကုန်တိုင်း၊ အမှတ်(၁၅/က)၊ ကာယ သုခအပြင်လမ်း၊ (၂/က)စံပြရပ်ကွက်၊ မင်္ဂလာဒုံမြို့နယ်နေ (ဦးထွန်းနွယ်)ဇနီး၊ (ဦးမောင်မောင်ဦး – ဒေါ်အုန်းကြည်)၊ ဒုအရာခံဗိုလ်မောင်မောင်လတ်–ဒေါ်ရွှေ စင်ဝင်း၊ တကက တင်မောင်ညွှန့်– ဒေါ်တင်ချိုအောင်၊ ဦးနေဝင်း–ဒေါ်စမ်း စမ်းနွယ် (J.A.T)၊ (တကဘုန်းညွှန့်)– ဒေါ်အေးအေးစန်း၊ ဦးအောင်ထွန်းကြည်၊ ဦးပြုံးစိန်–ဒေါ်ရင်ရင်ကြွယ်၊ ဦးအောင် ဇော်ထွန်း–ဒေါ်အေးအေးလှိုင်၊ ဦးသန့် စင်လွင် (ဆလရ၊မြောက်ပိုင်းခရိုင်)– ဒေါ်ခင်စန္ဒာနွယ် (ရွှေကြိန္ဒရီမိတ္တူနှင့် စတိုး)တို့၏မွေးသမိခင်၊ မြေး၂၇ယောက် တို့၏အဘွားသည် ၁၀–၈–၂၀၀၄ ရက် တွင် ကွယ်လွန်ပါ၍ ၁၄–၈–၂၀၀၄ (စနေနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေး အအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှ ကားများမွန်းလွဲ၁နာရီတွင်ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

တံတိုင်း၊ ရေကန်၊ ရဟန်း ဒါယိကာမကြီး
ဒေါ်ခင်လေးမြင့် (၆၇)နှစ်

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ အမှတ်(၁၉–F+1)၊ (ပထမထပ်)၊ (၅၅) လမ်းနေ ဦးကျော်ညွန့်–(ဒေါ်တင်)တို့၏ သမီးကြီး၊ ဦးကျော်၏ ချစ်လှစွာသော ဇနီး၊ ဒေါ်သက်မာဦး၊ ဦးအောင်ထွန်း– ဒေါ်ခင်မူအေး၊ ကိုရဲ–ဒေါ်ခင်မာဦး (ကောင်းသင်း၊ယုဇနပလာဇာ)၊ ဦးသန်း ထွန်း – ဒေါ်အေးမာဦး(ခ)ဒေါ်သူဇာ (မြန်မာဆင်းလီမိတက်)တို့၏ မိခင်၊ ပန်းဇွန်သဲပွင့်(အထက–၂၊ လသာ)၊ သံယောဇဉ်ထွန်းတို့၏အဘွားသည် ၁၁– ၈–၂၀၀၄ရက်တွင် ကွယ်လွန်သွားပါ၍ ၁၃–၈–၂၀၀၄(သောကြာနေ့) ညနေ ၄:၃၀နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ် ပါမည်။(နေအိမ်မှကားများ ညနေ ၃:၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

တသကြည်လွင်(၃၃)နှစ်

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ အမှတ်(၁၂၀)၊ သီဂိ(၃)လမ်း(မြောက်)၊ ၅ရပ်ကွက်နေ (ဦးကျော်စိုး–ဒေါ်စောမြိုင်) တို့၏ သား၊ ဦးဆန်းတင့်–ဒေါ်ခင် သောင်းမြင့် (အောင်ဇမ္ဗူဟိန်းကဖီး)၊ ဒေါ်ငွေးငွေးဝင်း၊ ဦးဆန်းဝင်း–ဒေါ်အေး အေးမူ၊ ဦးမြင့်ဆွေ–ဒေါ်စန်းစန်းမာ (ဇမ္ဗူကျော်ကဖီး)၊ ဦးခင်ဇော်–ဒေါ်အေး အေးနွယ်(ဇမ္ဗူဇော်ကဖီး)၊ ဦးတင့်လွင် (ဇမ္ဗူဝင်းကဖီး)တို့၏ ညီသည် ၁၁– ၈–၂၀၀၄ရက်တွင် ကွယ်လွန်သွားပါ၍ ယင်းနေ့တွင် ကိုကိုးကျွန်းမြို့၌ သင်္ဂြိုဟ် ပြီးစီးပါကြောင်း။

ကွယ်လွန်သူအားရည်စူး၍ ၁၇–၈– ၂၀၀၄ (အင်္ဂါနေ့)တွင် အထက်ပါ အမှတ် ၁၂၀၊ သီဂိ(၃)လမ်းမြောက်၊ ၅–ရပ်ကွက်၊ သာကေတနေအိမ်၌ ရက်လည်ဆွမ်းကျွေး တရားနာယူမည် ဖြစ်ပါ၍ ကြွရောက် ကြပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု။

ဘုရား၊ကျောင်း၊ကန်၊ဇရပ်၊ရဟန်း ဒါယကာကြီး
ဦးဘစိုး(ခ)ဦးဘတုတ်
အသက်(၇၇)နှစ်
(ကွဲခြံရွာမလှိုင်မြို့နယ်)
ဒို့ညီနောင်စာပေဖြန့်ချိရေး

မလှိုင်မြို့နယ်၊ကွဲခြံရွာနေ ဦးစိုးမင်း– ဒေါ်လှကင်းတို့၏သားကြီး၊ (ဦးလှ ညွှန့်)–ဒေါ်စန်းကြည်၊ ဦးဘအောင်– ဒေါ်ကြင်၊(ဦးလှခိုင်)–ဒေါ်ခင်တုတ်၊ (ဦးတင်မောင်–ဒေါ်ခင်ရှုတ်)၊ (ဦးသိန်း ဘို–ဒေါ်စန်းရီ)၊ ဒေါ်မြမုံ၊ဦးတင်လှိုင်– ဒေါ်မြယုံ၊ ဦးကျော်စန်း–ဒေါ်စုစုဝင်း တို့၏ အစ်ကိုကြီး၊ ရန်ကုန်တိုင်း၊ မြောက်ဥက္ကလာပမြို့နယ်၊ ဝေဘာဂီမြို့ သစ်၊ ကံ့ကော်လမ်း၊ အမှတ်(၁၇၇)နေ ဒေါ်သန်းမြိ၏ ခင်ပွန်း၊ အနန်းပင်တောရ စာသင်တိုက်မှ ဦးဇေယျာနန္ဒ၏ ရဟန်း ဒါယကာကြီး၊ကိုမျိုးလွင်–မမြင့်မြင့်ထွေး၊ မခင်မာလွင်၊ ကိုဝင်းနိုင်–မခင်ထားရီ၊ ကိုအောင်ကျော်–မယုယုမွန်၊ ကိုတင် မောင်ဦးတို့၏ဖခင်၊စန်းစန်းဦး၊ အေးအေး ဆွေ၊ စောစန္ဒီဦး၊ ပြည့်စုံဟိန်း၊ အိမွန်ဖူး တို့၏အဘိုးသည် ၁၂–၈–၂၀၀၄ရက် တွင် ကွယ်လွန်သွားပါ၍ ၁၄–၈–၂၀၀၄ (စနေနေ့)နံနက် ၁၀နာရီတွင် ရေဝေး အအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ နံနက် ၉နာရီတွင် ထွက်ပါ မည်။) ကျန်ရစ်သူမိသားစု။

ဘုရား၊ ရဟန်း၊ ကျောင်းဒါယကာကြီး
ဦးအောင်မြင့်(၆၅)နှစ်
(လှိုင်နေဝန်းကဖီး)

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၇)ရပ်ကွက်၊ ရာဇာဓိရာဇ်လမ်း၊ အမှတ် (၇၅၄)နေ (ဦးထွန်းချမ်း–ဒေါ်လှကြည်) တို့၏ သား၊ ဦးညွန့်အောင်–(ဒေါ်ကျင် စော)၊ ဦးအောင်သိန်း–ဒေါ်ရင်ငွေးတို့၏ ညီ/မောင်၊ ဦးခင်ဆိုင်–ဒေါ်ကျင်မြ၊ ဦးသိန်းရွှေ–ဒေါ်ကျင်မေဝင်း၊ ဦးအောင် ဝင်း–ဒေါ်အေးအေးဝင်း၊ ဦးအောင်လှိုင်– ဒေါ်လှမြင့်တို့၏ အစ်ကိုကြီး၊ ဒေါ်ဝင်း တင်၏ ချစ်လှစွာသောခင်ပွန်း၊ မောင်စိုး မြင့်အောင်–မမေသန်းငွေး၊ မောင်ကျော် ဝင်းအောင်တို့၏ ကျေးဇူးရှင်မွေးသဖခင် ဦးအောင်မြင့်သည် ၁၁–၈–၂၀၀၄ရက် တွင် ကွယ်လွန်သွားပါ၍ ၁၃–၈–၂၀၀၄ (သောကြာနေ့) နံနက်၉နာရီတွင် ရေဝေး အအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။

(နေအိမ်မှကားများ နံနက်၈နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဦးခင်မောင်ထွန်း(ခ)ဦးအုံ့ကူ
အသက်(၅၀)

ရန်ကုန်တိုင်း၊ မြောက်ဥက္ကလာပ မြို့နယ်၊ ဝေဘာဂီရပ်ကွက်နေ (ဦးကျင် လှိုင်)–ဒေါ်ကြင်မြိုင်တို့၏ သား၊ ရန်ကုန် တိုင်း၊ သန်လျင်မြို့နယ်၊ ဘုရားကုန်း ကျေးရွာ၊ ကွမ်းခြံကုန်းရပ်ကွက်၊ အမှတ် (၆၇၇)နေ ဦးသိန်းဝင်း–ဒေါ်တင်လှတို့၏ သားသမက်၊ ဒေါ်ဝင်း၏ ချစ်လှစွာသော ခင်ပွန်းသည် ၁၂–၈–၂၀၀၄(ကြာသ ပတေးနေ့)တွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်သွားပါ၍ ၁၄–၈–၂၀၀၄ ရက် မွန်းလွဲ ၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ် ပါမည်။(နေအိမ်မှကားများနံနက် ၁၀:၃၀ နာရီထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ကွမ်းခြံကုန်းမြို့နယ်အသင်း(ရန်ကုန်)
ရာသက်ပန်အသင်းဝင်(ကန်တော့ခံ)
ဒေါ်မြမြ(၇၈)နှစ်

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ (၄/ မြောက်)ရပ်ကွက်၊ အမှတ်(၁၀၁–က)၊ မြို့မ(၁၃)လမ်း၊ ဝန်ထမ်းကွက်နေ (ဦးဖိုး မောင်–ဒေါ်ညိမ်းရင်)တို့၏ သမီး၊ (ဦးဘ စိန်)၏ ဇနီး၊ ကိုသန်းမြင့်အောင်– မဥမ္မာဦး (လယ်သမားအာမခံ၊ မအူပင် ခရိုင်)၊ ကိုသန်းငွေး–မစိုးမိုးကျော် (လှိုင်လင်)၊ ကိုမောင်မောင်ခင်–မမြင့်မြင့် ကြည်(ကျောက် မျက်)၊ မဆွေဆွေမြင့်၊ ကိုကိုအောင်–မမြင့်မြင့်ရီ၊ ကိုကိုနိုင်– မနန်းရွှေဝါ (Season of Yangon International Airport Hotel)တို့၏ မိခင်၊ မြေး ၁၁ ယောက်တို့၏ အဘွား သည် ၁၁–၈–၂၀၀၄ ရက်တွင် ကွယ်လွန် သွားပါ၍ ၁၃–၈–၂၀၀၄(သောကြာနေ့) မွန်းလွဲ၁:၃၀ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။အသင်းဝင်များ ပို့ဆောင်ကြပါရန်။(နေအိမ်မှကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ပါမည်။)

အမှုဆောင်အဖွဲ့။

ဦးစံထူး(၇၃)နှစ်
အဖွဲ့ခွဲမှူး(ငြိမ်း)
ဆောက်လုပ်ရေးဝန်ကြီးရုံး

ရန်ကုန်မြို့နေ (ဦးစောမောင်–ဒေါ်ငွေး မယ်)တို့၏ သား၊ ပြည်မြို့နေ (ဦးငွေး အောင်–ဒေါ်ရှုတင်)တို့၏ သားသမက်၊ ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မေတ္တာညွှန့် ရပ်ကွက်၊ဇာတိဂုဏ်လမ်း၊တိုက် (၁၂၉၉– ၁၃၀၀)၊အခန်း(၀၂)၊ မြေညီထပ်နေ ဒေါ်ကြည်နွဲ့(အထက–၁၊ ပုဇွန်တောင်၊ ငြိမ်း)၏ ချစ်လှစွာသောခင်ပွန်း၊ မောင်အောင်အောင်သန့်(ဆောက်လုပ်ရေး ဝန်ကြီးရုံး)၏ ဖခင်၊ ဦးအောင်သန်း– ဒေါ်မြမြ၏ မောင်၊ ဦးမြတ်ကျော်– ဒေါ်ခင်ငွေးရီတို့၏ အစ်ကို ဦးစံထူးသည် ၁၂–၈–၂၀၀၄(ကြာသပတေးနေ့) နံနက် ၄:၃၀နာရီတွင် ကွယ်လွန်သွားပါ၍ ၁၄– ၈–၂၀၀၄ (စနေနေ့) မွန်းလွဲ၁ နာရီတွင် ရန်ကုန်ဆေးရုံကြီးအအေးတိုက်မှ ရေဝေး သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။

(ဆေးရုံကြီးမှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ကိုအောင်မင်းခိုင်
အသက် (၄၀)
(ညောင်ဦး)

ညောင်ဦးမြို့၊ အမှတ်(၄)နယ်မြေ၊ ချမ်းသာကြီးဆုန်ကုန်းရပ်နေ (ဦးချစ် စိန်)–ဒေါ်လှတို့၏သား၊ ဆုန်ကုန်းရပ်နေ ဦးပေါ်ရွှေ–ဒေါ်သီးတို့၏ သားသမက်၊ ဦးစန်းမောင်–ဒေါ်တင်ယု၊ ဦးခင်မောင် ကျော်–ဒေါ်ခင်ကြည်ဝင်း၊ ဦးငွေးအောင် ကျော်–ဒေါ်စန်းစန်းမြင့်၊ ဦးအောင်မြင့်– ဒေါ်စောမွန်ယု၊ ဦးသန်းလွင်–ဒေါ်စောမြ သွေးတို့၏ မောင်၊ ဦးသိန်းမျိုးဝင်း– ဒေါ်စောနွယ်နီထွေးတို့၏ အစ်ကို၊ စိုင်း နေမျိုးအောင်၊ စောမဉ္ဇူခိုင်၊ စောယုယခိုင် တို့၏ ဖခင်၊ မနီလာဦး၏ ခင်ပွန်း၊ တူ၊ တူမ ၁၆ယောက်တို့၏ ဦးလေးသည် ၁၀–၈–၂၀၀၄ရက်တွင် ညောင်ဦးမြို့၌ ကွယ်လွန်ပါ၍ ညောင်ဦးမြို့၌ ကောင်းမွန်စွာ သင်္ဂြိုဟ်ပြီးစီးပါကြောင်းရပ်နီး ရပ်ဝေး မိတ်ဆွေများအား သိစေအပ်ပါသည်။

ကျန်ရစ်သူရွှေသစ္စာမိသားစု။

ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းက ရန်ကုန်မြို့၊ ၅၂လမ်း၊ အမှတ်–၇၇၊ (မဟာဗန္ဓုလ လမ်းထောင့်) ကြေးမုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာ အမှတ်–၁၁၈၈၊ကြေးနန်းလိပ်စာ–ကြေးမုံ၊စာတည်းမှူး၂၉၁၈၃၂၊စာတည်းများ၂၉၂၈၃၂၊ သတင်းထောက်မှူး၂၉၂၈၃၃၊ မန်နေဂျာ၂၉၁၈၃၃၊ စီမံ/ငွေစာရင်း၂၉၁၄၅၄၊ ဖြန့်ချိရေး ၂၉၂၈၃၀၊ ကြော်ငြာ၂၉၉၄၂၇၊ ပုံနှိပ်၂၉၂၈၃၁။ R/184

ဂုဏ်ပြုတပ်ဖွဲ့ စစ်ဆေး

ပြည်ထောင်စု မြန်မာနိုင်ငံတော် – နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်နှင့် ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ် ဆမ်ဒက်ဟွန်ဆင်တို့ ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကို ခံယူပြီးနောက် ဂုဏ်ပြုတပ်ဖွဲ့ကို စစ်ဆေးကြစဉ်။

(သတင်းစဉ်)

အာရှ–ဥရောပ ထိပ်သီးအစည်းအဝေး၌ အာဆီယံနိုင်ငံများအကြား အဆင့်အတန်းခွဲခြားမှုမရှိ အဖွဲ့ဝင်နိုင်ငံအားလုံး အဆင့်အတန်းတူပါဝင်နိုင်ရေး မိမိတို့အခိုင်အမာရပ်တည်

ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ် ဆမ်ဒက်ဟွန်ဆင်

မြန်မာနိုင်ငံ၏ဖြစ်ပေါ်တိုးတက်မှုကို နားလည်မှုရှိစွာထောက်ခံအားပေးသည့်အတွက် ကျေးဇူးတင် အာဆီယံအဖွဲ့ သွေးစည်းညီညွတ်ရေး၊ ခိုင်မာတောင့်တင်းရေး ဆက်လက်လက်တွဲဆောင်ရွက်သွားမည်

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်

ရန်ကုန် ဩဂုတ် ၁၂

ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေးနှင့် အဖွဲ့ဝင်များလိုက်ပါလျက် ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ် ဆမ်ဒက်ဟွန်ဆင်၏ ဖိတ်ကြားချက်အရ ကမ္ဘောဒီးယားနိုင်ငံ၌ ချစ်ကြည်ရေးခရီးလည်ပတ်ရန် ဩဂုတ် ၁၀ ရက် နံနက်ပိုင်းက လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဗီယန်ကျင်းမြို့မှ အပြည်ပြည်ဆိုင်ရာ မြန်မာလေကြောင်း အထူးလေယာဉ်ဖြင့် ထွက်ခွာကြရာ ဒေသစံတော်ချိန် နံနက် ၁၀နာရီခွဲတွင် ကမ္ဘောဒီးယားနိုင်ငံ ဖနောင်ပင်မြို့ အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိကြသည်။

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- ✳ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ✳ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ✳ ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✳ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

- ✳ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✳ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ✳ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✳ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

- ✳ တစ်မျိုးသားလုံး၏စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- ✳ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ✳ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✳ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ဆီးကြိုနှုတ်ဆက်

လေယာဉ်ပေါ်မှ ဆင်းသက်လာသည့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် မြန်မာချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များအား ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ် ဆမ်ဒက်ဟွန်ဆင်နှင့် ကြိုဆိုရေးအဖွဲ့ဝင်များက လေယာဉ်လှေကားထိပ်မှ ဆီးကြိုနှုတ်ဆက်ကြသည်။

ထို့နောက် ဂုဏ်ပြုကြိုဆိုသည့် အခမ်းအနားကိုကျင်းပရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ် ဆမ်ဒက်ဟွန်ဆင်တို့သည် ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကိုခံယူရန် အလေးပြုခံစင်မြင့်သို့ သွားရောက်ကြပြီး ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကို ခံယူကြသည်။

ထိုအချိန်တွင် နိုင်ငံတော်တီးဝိုင်းက ပြည်ထောင်စုမြန်မာနိုင်ငံတော်သီချင်းနှင့် ကမ္ဘောဒီးယားနိုင်ငံတော်သီချင်းတို့ကို တီးမှုတ်ကြသည်။

ဂုဏ်ပြုတပ်ဖွဲ့စစ်ဆေး

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် စာမျက်နှာ ၇ ကော်လံ ၁ သို့ ✧

ကြိုဆိုနှုတ်ဆက်

ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်အား ကမ္ဘောဒီးယားနိုင်ငံ ဖနောင်ပင်မြို့ အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ် ဆမ်ဒက်ဟွန်ဆင် ကြိုဆိုနှုတ်ဆက်စဉ်။ (သတင်းစဉ်)